www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၊ ၃၆၈/ ၉၄ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်၊ ၃၀၆/ ၉၄ (၅)

**ထုတ်ဝေခြင်း**

ပထမ အကြိမ်

၁၉၉၄ ခုနှစ်၊ ဇွန်လ

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

ခုနှစ်ဆယ့်ငါးကျပ်တိတိ

**အပြင်အဆင်**

မျက်နှာဖုံးပန်းချီ - မောင်ကျော်ညွန့်အဖွဲ့

ထုတ်ဝေသူ
ဦးတင်အုန်း (၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း
သင်္ကန်းကျွန်းလေးဒေါင့်ကန်
ရန်ကုန်

ပုံနှိပ်သူ

မြန်မာယူနီယံ

ဦးအောင်ဝင်းချို

၂၉/၃၅ လမ်း

ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့။

**မျက်နှာဖုံး ပုံနှိပ်သူ**

ဒေါ်ကြည်ကြည်အေး (၀၃၂၅၅)

ဆန်းသိမ်း ဆော့ဖ်ဆက်

အမှတ်၊ ၁၅၀၊ မြေညီထပ်၊ ၄၈လမ်း

ရန်ကုန်မြို့ ။

www.burmeseclassic.com

www.burmeseclassic.com




စု လှ ဖြူ

# ချစ်သူ့ အပြုံးသည် ကျွန်မ မျက်ရည်စက်

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ....ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ....ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ....ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

BURMESE CLASSIC .com

# အပိုင်း တစ်

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

BURMESE CLASSIC .com

မောင့်ပုံစံက သိသိသာသာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

မျက်ဝန်းတွေရီဝေပြီး အရည်လဲ့နေသလို နှုတ်ခမ်းတွေ တင်းတင်းစေ့နေသည်။

စိတ်ထိခိုက်ကြေကွဲမှုကို မျိုသိပ်ထားမှန်း ပေါ်လွင်နေသည်မဟုတ်ပါလား။

'မောင်'

မောင်က နော်ဇော့ကို ရုတ်တရက်လှည့်မကြည့်။



www.burmeseclassic.com

www.burmeseclassic.com

နှော်ဇာ သက်ပြင်းရှိုက်ပြီး မောင့်ကိုငေးမောကြည့်နေမိသည်။

သည်ကနေ့ညနေမှာပင် ပြန်အပ်ရတော့မည့် တိုက်ခန်းလှလှလေးထဲတွင် မောင်နှင့်နှော်ဇာ နှစ်ယောက်တည်းရယ်ပါ။

တိတ်ဆိတ်ငြိမ်သက်မှုကြောင့် နှော်ဇာစိတ်တုန်လှုပ်ချောက်ချားနေသည်။

'နှော်ဇာ'

မောင်က မျက်နှာချင်းဆိုင် ထိုင်နေရာမှ ထရပ်လိုက်ပြီး နှော်ဇာ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

'မောင်'

မောင့်ကို မော့ကြည့်လိုက်သည့် နှော်ဇာ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ရစ်ဝဲနေပါသည်။

'နှော်ဇာ တကယ်လိုက်သွားတော့မှာလား'

နှော်ဇာ ရုတ်တရက်မဖြေ။

မျက်လွှာချပြီး ငြိမ်နေမိ၏။

'ပြောလေနှော်ဇာ သူနဲ့တကယ် လိုက်သွားတော့မှာလား'

နှော်ဇာ ခေါင်းညိတ်လိုက်သည်။

'မသွားရဘူး နှော်ဇာမသွားနဲ့တော့'





နှော်ဇာ့ပခုံးတွေကို ဖျစ်ညှစ်ရင်း မောင်ပြောလိုက်၏။

နှော်ဇာ ဘာမှပြန်မပြောသောကြောင့် မောင် အားမလိုအားမရပုံစံဖြင့် နှော်ဇာ့ပခုံးတွေကို ဆွဲလှုပ်ခါယမ်းနေသည်။

'ပြောစမ်းပါ အချစ်ရယ် ပြောစမ်းပါကွာ၊ မောင့်ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ် သိလား'

'မောင် စိတ်အေးအေးထားပါ မောင်ကိုယ်တိုင်ကျေနပ်ဆက်ခံခဲ့ပြီးမှ အစီအစဉ်ဖျက်ပစ်လို့ ဘယ်ဖြစ်မလဲမောင်'

နှော်ဇာ့စကားကြောင့် မောင်တွေဝေသွားသည်။

'လေယာဉ်ကွင်းသွားဖို့ အချိန်နီးနေပြီမောင်'

မောင်ကတွေဝေနေရာမှ သတိဝင်လာသလို နှော်ဇာ့ မျက်နှာလေးဆွဲမော့လိုက်သည်။

'နှော်ဇာ'

'မောင်'

'သူက မောင့်ထက် အဆပေါင်းများစွာ ချမ်းသာတယ်နော်၊ ပြီးတော့ နှော်ဇာ့ကိုမြတ်နိုးနေပုံရတယ် မောင် စိတ်ချသွားပြီကွာ'

'နှော်ဇာ့အချစ်ကို မောင်မယုံဘူးလား၊ မောင်ကလွဲပြီး ဘယ်သူ့ကိုမှ နှော်ဇာမချစ်ပါဘူး မောင့်ကိုပဲချစ်တယ် နှော်ဇာ့ဘဝနဲ့ ထပ်တူမြတ်နိုးတယ်'



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘာမှမပြော'
ကြေကွဲဆို့နင့်နေသည်။

'လေယာဉ်ကွင်းသွားဖို့ အချိန်ရောက်ပြီလေ မောင်'

မောင့် လက်မောင်းတစ်ဘက်ကို ဆုပ်ညှစ်ပြီး နှော်ဇာ အားတင်းလိုက်မိ၏။

မောင်က နှော်ဇာ့မျက်နှာကို သူ့မျက်နှာဖြင့်ထိကပ်လိုက်ပြီး တိုးဝှေ့နေသည်။

'မောင်'

'မောင်တို့လက်ထပ်ကာနီးကျမှ မောင့်ရဲ့ပေါ့ဆမှုကြောင့် ခုလိုဖြစ်ရတာကို မောင်ဘယ်လိုမှ မဖြေနိုင်တော့ဘူး အချစ်ရယ်'

'ဖြစ်ပြီးခဲ့တာတွေအတွက် ဘာမှနောင်တမရပါနဲ့ မောင်ရယ်၊ အနာဂတ်မှာ ပျော်ရွှင်ဖို့အတွက် နှော်ဇာနဲ့မောင် ခေတ္တခဏ ခွဲနေရမှာမဟုတ်လား'

မောင့်ရှေ့တွင် မျက်ရည်မကျမိအောင်စိတ်တင်းထားသည့်ကြားမှ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

'နှော်ဇာ'

ပြောရင်း နှော်ဇာ့ရင်ထဲမှာ ရှိုက်နေမိသည်၊





မောင်ငိုနေလေပြီလား။

ကြိတ်၍ရှိုက်နေသည့် မောင့်ရင်ခုန်သံကို နှော်ဇာကြားနေရသည်။

'နှော်ဇာ'

'ပြောပါမောင်'

'အစစအရာရာ စိတ်ချပါရစေ နှော်ဇာ၊ မောင့်အပေါ်မှာ သစ္စာလဲရှိနော် မောင်လဲသစ္စာရှိမယ်'

'စိတ်ချပါမောင်ရယ်'

နှော်ဇာက မောင့်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ပြီး သူမ အဝတ်သေတ္တာကိုဆွဲယူလိုက်သည်။

'ပေး နှော်ဇာ မောင်ဆွဲလာခဲ့မယ်'

မောင်က နှော်ဇာ့လက်ထဲမှ လက်ဆွဲသားရေသေတ္တာကို လှမ်းယူပြီးပြောလိုက်၏။

တိုက်ခန်းလေးထဲမှ ထွက်ခွာကာနီး မောင်က နှော်ဇာ့မျက်နှာနားသို့ သူ့မျက်နှာတိုးကပ်ပေးသည်၊

'မောင့်ကိုနမ်းပါ နှော်ဇာ'

နှော်ဇာက မောင့်ပါးပြင်နှစ်ဘက်ကို ဘယ်ပြန်ညာပြန်



www.burmeseclassic.com

www.burmeseclassic.com

နမ်းလိုက်သည်။

'ကစ်မီဂွတ်ဘိုင်'Kiss Me Goodbye'

ဟု မောင်ကပြောတော့ နော်ဇာက....

'သည်လိုမပြောပါနဲ့ မောင်ရယ်'ဟု တားဆီးလိုက်လေသည်။

တိုက်ခန်းလေးထဲမှ နှစ်ယောက်အတူထွက်ခဲ့ကြပြီး သော့ခတ်လိုက်သည်။

ပြီးတော့ လှေကားထစ်တွေအတိုင်း ဆင်းလာကြသည်။

လေယာဉ်ကွင်းသို့ မောင်ကိုယ်တိုင်မောင်းနေကျ ဘီ၆၀၀ ကားဖြင့်ပင် မောင်ကလိုက်ပို့လေသည်။

တစ်လမ်းလုံး တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြပေ။

ရင်ထဲမှာ ဝေဒနာကိုယ်စီဖြင့် နာကျင်နေကြသည်မဟုတ်ပါလား'

ရန်ကုန်လေဆိပ် ရောက်တော့ မောင်ကကားကိုရပ်သည်။

ပြီးတော့ နော်ဇာ့ လက်ဖဝါးတစ်ဘက်ကို ကြင်နာစွာ ဆုပ်ညှစ်လိုက်သည်။





ကားတံခါးတွန်းဖွင့်ပြီး ဆင်းလာခဲ့ကြ၏။

'ကိုလွင်ဦးလွင် နော်ဇာ'

အသံလာရာသို့ နှစ်ယောက်လုံး ကြည့်လိုက်မိကြသည်။

ဦးဇော်ဦးသာ....

သူကအနောက်တိုင်းဝတ်စုံ အဖြူရောင် နက်တိုင်အနက်တို့ဖြင့် ခန့်ညားချောမောနေသည်။

ဖော်ရွေကြည်လင်သော သူ့အပြုံးသည် ဆွဲဆောင်မှု အင်အားကြီးမားလှပေစွ။

'လေယာဉ်ထွက်ဖို့ ဆယ်မိနစ်ပဲလိုတော့တယ်၊ ကျွန်တော်က ရောက်မှ ရောက်ပါတော့မလားလို့၊ ပစ္စည်း ပေါင်ချိန်ရအောင်'

လေဆိပ် အဆောက်အဦကြီးထဲ ဝင်လာခဲ့ကြပြီး နော်ဇာ့ သေတ္တာကိုပေါင်ချိန်၊ မှတ်ပုံတင်ထပ် လေယာဉ်ပေါ်တက်ခွင့် လက်မှတ်ယူဖြင့် အလုပ်ရှုပ်သွားရသည်။

လေယာဉ်ပေါ်သို့ ခရီးသည်အားလုံး တက်ကြရန် ကြေညာသံထွက်ပေါ်လာသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရီးစဉ်ဖြင့် ထွက်ခွာမည့် ဖော်ကာလေယာဉ်ကြီးပေါ်သို့ ခရီးသည်တွေ တစ်ယောက်ပြီးတစ်ယောက်တက်နေကြသည်။

'ကျေးဇူးတင်ပါတယ် ကိုလွင်ဦးလွင်၊ ဒီမှာခင်ဗျားကိစ္စအတွက် ချက်လက်မှတ်'

ငွေဆယ်သိန်းတိတိထုတ်ယူခွင့်ချက်လက်မှတ်ကိုလွင်ဦးလွင်ထံ ကမ်းပေးလိုက်သောကြောင့် လွင်ဦးလွင် မျက်မှောင်တွန့်သွားသည်။

ရုတ်တရက်မယူဘဲ အံကြိတ်ပြီး ခေါင်းငုံ့သွား၏။

'မောင်'

နော်ဇာ့အသံကိုကြားမှ သတိဝင်လာသူလို နော်ဇာ့မျက်နှာကိုစိုက်ကြည့်လိုက်သည်။

'ယူလိုက်ပါမောင် နော်ဇာ့ကိုချစ်ရင်ယူလိုက်ပါ'

နော်ဇာ့အသံက အဖျားခတ်တုန်ယင်နေသည်။

လွင်ဦးလွင် အံကြိတ်ထားလျက် စိတ်တင်းပြီး ချက်လက်မှတ်ကို လှမ်းယူလိုက်၏။

'ကဲ.... ခွင့်ပြုပါဦး ကိုလွင်ဦးလွင်'





ဦးဇော်ဦးသာက နှုတ်ဆက်သည်။ ပြီးတော့ နော်ဇာ့လက်တစ်ဖက်ကို ညင်သာစွာဆုပ်ကိုင်ပြီး လေယာဉ်ရှိရာဦးတည်လိုက်၏။

'မောင်'

'နော်ဇာ'

'သွားမယ်နော်၊ ဟိုရောက်ရောက်ချင်း နော်ဇာ စာရေးလိုက်ပါမယ်'

သူဘာမှပြန်မပြောဘဲ နော်ဇာ့မျက်နှာကို စိုက်ကြည့်နေနေသည်။

'လေယာဉ်ထွက်တော့မယ်နော်ဇာ သွားကြစို့'

ဇော်ဦးသာက နော်ဇာ့ကိုဆွဲခေါ်သွားသည်။

ဇော်ဦးသာဆွဲခေါ်ရာသို့ နော်ဇာ လှည့်ကြည့်လှည့်ကြည့်ဖြင့်ပါသွားတော့၏။

နော်ဇာတို့ လေယာဉ်ပေါ်ရောက်သွားချိန်တွင်—

'နော်ဇာ'ဟု လွင်ဦးလွင်အော်လိုက်မိသည်။

'နော်ဇာနေဦး'

ကျောက်ရုပ်တစ်ရုပ်လို ရပ်နေရာမှ လေယာဉ်ရှိရာသို့ပြေးလိုက်လာသည်။

'နော်ဇာ နော်ဇာ နော်ဇာ'

အရူးတစ်ယောက်လို ဟစ်အော်ပြီး သူပြေးလိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လေယာဉ်ကစက်နှိုးပြီး စတင်ပျံသန်းနေပေပြီ။

'နော်ဇာမလိုက်ရဘူး နေခဲ့၊ နေခဲ့'

အသံကုန်ဟစ်ပြီး လေယာဉ်ကြီးကို မော့ကြည့်နေမိသည်။

သူ့ရင်ထဲမှ အသည်းနှလုံးတစ်ခုလုံး ထုတ်ယူခြင်းခံလိုက်ရသလို အရုပ်ကြိုးပြတ် ပုံလဲပစ်လိုက်ချင်ပါ၏။

ဒါပေမယ့် လူအများကြားမှာမို့ မဖြစ်နိုင်ပါ။

သူ့မျက်ဝန်း အစုံအောက်မှ လေယာဉ်ကြီးပျောက်ကွယ်သွားမှပင် ခေါင်းငိုက်စိုက်ချ၍ ထွက်လာခဲ့လေသည်။

မောင်မှားပြီထင်ပါရဲ့ အချစ်ရယ်'

တကယ်ဆို နော်ဇာ့ကို တိတ်တခိုး ချစ်ခင်စွဲလမ်းနေတဲ့ ဦးဇော်ဦးသာနဲ့ မထည့်လိုက်သင့်ဘူး မဟုတ်လား။

ပြီးတော့ ဇော်ဦးသာဆိုကာမိမိနှင့်ယှဉ်လျှင် အဆပေါင်းမရေမတွက် နိုင်လောက်အောင် ချမ်းသာသည့် လူကုံတန် ခေတ်ပညာတတ်တစ်ယောက်။

ထိုလူ့ဆီသို့ နော်ဇာယိမ်းယိုင် သွားမည်ဆိုပါလျှင်....

သူမတွေးချင်တော့ပါ။

ဆက်လက် တွေးတောနိုင်သည့် အင်အားမရှိတော့သလို ခေါင်းကို တွင်တွင်ခါယမ်းလိုက်မိ၏။

ကားရှိရာ ပြန်လျှောက်လာပြီး ကားသော့ကို လှည့်ဖွင့်လိုက်သည်။





ကားပေါ် တက် စက်နှိုးပြီး မောင်းထွက်လာခဲ့လေသည်။

ကားမောင်းလာရင်း သူ့အင်္ကျီအိတ်ထဲမှ ဆယ်သိန်းတန် ငွေချက်လက်မှတ်ကို အသာဖိစမ်းကြည့်မိ၏။

ငွေ.... ငွေ....

သည်ငွေကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရသည်။

အသက်နှင့်ထပ်တူ ချစ်မြတ်နိုးရသူနှင့် ခွဲခွာခဲ့ရသည်။

သူတို့တိုက်ခန်းလေးသို့ ပြန်ရောက်လာတော့ ခုတင်ပေါ် ပစ်လှဲချလိုက်ပြီး စိတ်ကိုလျှော့ပစ်လိုက်ခိုက်၏။

ရင်ထဲမှာ မခံမရပ်နိုင်အောင် ခံစားနေရသည်မို့ စိတ်သက်သာလိုက်သာသက်ပြေးကက်ဆက်ခလုတ်ကိုနှိပ်လိုက်သည်။

ဘယ်ဆီကိုရောက်လို့လေ.... ဘယ်လောက်ပဲဝေးကြစေ.... ဘယ်တော့မှ အထီးကျန်မဆန်ခဲ့...... ရင်ထဲကတမ်းတခဲ့ယုံ နေမယ့် ကိုယ့်ဘဝရဲ့ နေဆာတိုင်းမှာ မင်းရှိတယ်....... လူတွေက ကိုယ်တို့နှစ်ယောက်ခွဲခဲ့ရလို့....... အကုန်ဝိုင်းပြီး သနားကြသတဲ့ အချစ်ကလေးရယ်.... .... သည်ကမ္ဘာမှာ ကိုယ်တို့လောက် နီးကပ်တာ ဘာတစ်ခုမှမရှိတော့တာ မသိဘူးရယ်.... ....

ကက်ဆက်ထဲမှ လွင့်ပျံ့၍ထွက်လာသည့် စိုင်းထီးဆိုင်၏ သီချင်းသံကြောင့် ရင်ထဲမှာ ပို၍ထိခိုက်နာကျင်သွားမိသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

မောင့်ဘဝရဲ့နေရာတိုင်းမှာ နော်ဇာရှိနေတယ်၊ ရှိခဲ့တယ် နော်ဇာ....

နော်ဇာတစ်ယောက်မောင်နဲ့ဝေးကွာလွန်းတဲ့ ဘယ်နေရာ ဘယ်အရပ်ကို ရောက်ရောက် နော်ဇာ့ကို မောင်တမ်းတနေ မယ်....

ဗီဇမှာမှာ မောင်တို့နှစ်ဦးလောက် နီးကပ်တဲ့အရာ တာမှမရှိပါဘူးအချစ်ရယ်။

အရူးတစ်ယောက်လို သူပြောနမိသည်။

သို့ပေမယ့် အဝေးကိုလိုက်ပါသွားရပြီဖြစ်သော နော်ဇာတစ်ယောက် သူ့စကားသံတွေမကြားနိုင်ပါ။

....၀....





နော်ဇာရွှေဝါသည် အနက်ခံပေါ် ရွှေရောင်စုံခက်လေးတွေ ပါသည့် ရွှေပါတိတ်ကို အဖြူရောင် အင်္ကျီဖားဖားလက်ရှည် ဖြင့်တွဲဝတ်ထားသည်။ အင်္ကျီအဖြူပေါ်တွင် တပ်ဆင် ချုပ် လုပ်ထားသည့် ဇာတွေအထပ်ထပ်ကြောင့် သူမပုံစံလေးက ပိုပြီးနုဖတ်နေရသည်။

ဆံထုံးကို ခပ်မြင့်မြင့်ထုံးထားပြီး နားတွင် ပုလဲတစ်လုံး နားဆွဲကို ပန်ဆင်ထား၏။ လည်တိုင်တွင် ရွှေကြိုးခပ်သေး သေးတစ်ကုံး၊ မြဘုရားလော့ကက်လေးဖြင့် ဆွဲထားခြင်းပါ။

လက်တွင်အနက်ရောင် လက်ပတ်ကြိုးဖြင့် ရွှေရောင်နာရီကို ပတ်ထားသည်။

သူမယှဉ်တွဲထိုင်နေသည့် ဇော်ဦးသာက မျက်နှာကို မြတ် နိုးနှစ်သက်စွာ ငေးစိုက်ကြည့်ပြီး ပြုံးနေလေသည်။

ဇော်ဦးသာမျက်ဝန်းတွေကို သူမရင်မဆိုင်ရဲပါ။

အစဉ်ထာဝရ ချစ်ရည်ရွှန်းလက်နေသည့် သူ့မျက်ဝန်း တွေကို ကြာရှည်ရင်မဆိုင်ရဲသောကြောင့်ပါ။

နော်ဇာသည် လေယာဉ်ရှေ့ဘက် လေယာဉ်မှူးအခန်း နှင့် ခရီးသည်အခန်းခြားထားသော နံရံပေါ်ရှိ ဆေးလိပ် မသောက်ရဆိုသည့် စာလုံးလေးတွေ မီးလင်းလာတာကို ငေးကြည့်နေလိုက်သည်။

လေယာဉ်သည် အရှိန်ယူ ပျံသန်းနေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့လေယာဉ်သည် ရန်ကုန်မြို့မှ မြိတ်မြို့အထိ ခရီးရှည် ပျံသန်းမှာဖြစ်ပါတယ်၊ အမြင့်ပေ တစ်သောင်းကျော်မှ ပျံသန်းနေခြင်းဖြစ်ပါတယ်ရှင်၊ ခရီးသည်များအားလုံးထိုင်ခုံ ခါးပတ်များပတ်ထားပြီး ဆေးလိပ်မီးများ ငြိမ်းသတ်ထားကြပါရန် မေတ္တာရပ်ခံ အပ်ပါတယ်၊ အားလုံးကိုကျေးဇူး တင်ပါတယ်ရှင်'

လေယာဉ်မယ်၏ ကြည်လင်ချိုအေးသောအသံကို နား စွင့်နေရင်း နော်ဇာ့စိတ်က မောင့်ဆီရောက်သွားသည်၊

မောင်တစ်ယောက်တော့ ဘယ်လိုဖြစ်နေရှာမလဲ....

တစ်ယောက်တည်း ငိုနေတော့မှာလား....

နော်ဇာနဲ့ ခွဲခွာရမှာကြောက်လို့ လက်ထပ်ဖို့ စီစဉ်ခဲ့ ပြီးမှ....

ဖြစ်မှဖြစ်ရလေ မောင်ရယ်....

မျက်ဝန်းနက်တွေမှာ မျက်ရည်တွေ ရစ်ဝိုင်းလာသော ကြောင့် မျက်ဝန်းတွေ စုံမှိတ်ပစ်လိုက်သည်။

'မိန်းကလေး နော်ဇာ'

သူမကိုအရိပ်တကြည့်ကြည့် အကဲခတ်နေသည့် ဇော်ဦး သာက လက်ဖဝါးပြင် တစ်ဘက်ကို ဆုပ်ကိုင်ပြီးခေါ် လိုက်၏၊





'ရှင်.... ဦးဇော်ဦးသာ'

သူမခေါ်သံက တကယ့်ကို သွေစိမ်းဆန်လွန်းနေပါသည်။

သူမမျက်နှာကို ပြုံးချိစွာစိုက်ကြည့်ပြီး သူသက်ပြင်း ရှိုက်သည်။

ပြီးတော့ လှိုက်တုန်နေသည့် အသံဖြင့် ခပ်တိုးတိုးမေး သည်၊

'အရင်တုန်းကလို ကိုကိုဆိုတဲ့နာမ်စားမျိုးနဲ့ မခေါ်နိုင် တော့ဘူးလားတဲ့'

'အရင်တုန်းကဟုတ်လား'

နော်ဇာ မပွင့်တပွင့်မေးသည်။

'ဟုတ်တယ် ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်နီးပါ အချိန်လောက်က ပေါ့၊ အင်းထိတိကျကျ ပြောရရင်တော့ ခုနှစ်နှစ်တိတိကြာခဲ့ ပါပြီလေ'

'အတိတ်ကို အတိတ်မှာပဲထားခဲ့ဖို့ နော်ဇာ တောင်းပန်....

'ဘာလဲမင်းက ကိုကို့ကို အိမ်မက်ဟောင်းကြီး တစ်ခုကို ပြန်လည်တမ်းတနေတဲ့ အရူးကြီးလို့ အပြစ်တင်နေတာ လား'

သူ့အသံက စိတ်ဆိုးသွားမှန်း သိသာပါ၏။

'အို.... သည်လိုမဟုတ်ပါဘူး နော်ဇာပြောတာက....



www.burmeseclassic.com

www.burmeseclassic.com



'တော်စမ်း နော်ဇာ၊ ကိုကိုလို့ပဲခေါ်ပါ၊ ကိုကိုဆိုတဲ့ နာမ်စားကို မင်း ဆယ်ကျော်သက်အရွယ်တုန်းက ခေါ်ဝေါ် သုံးစွဲခဲ့ဖူးတာ အသေအချာပဲ မဟုတ်လား'

နော်ဇာ စိတ်ရှုပ်ထွေးသွားသည်။

မျက်ဝန်းတွေ ပြန်မှိတ်ပစ်လိုက်မိသည်။

သက်ပြင်းရှိုက်နေဆဲမှာပင်....

'ကိုကိုပြောတာ ဟုတ်တယ်နော် ဖြေပါ'

ဆိုသည့် သူ့အသံကို ထပ်မံကြားလိုက်ရ၏။

'ဟုတ် ဟုတ်ပါတယ် ကိုကိုရယ်'

သူကျေနပ်အောင် ပြောလိုက်ရသည်။

တကယ်လည်း ဇော်ဦးသာဆိုသည့်လူကို နော်ဇာ မဆန့်ကျင်နိုင်ခဲ့ပါ။

နော်ဇာ ဆယ်ကျော်သက်ကပင် ချစ်ခင်ကြည်ညိုရင်းစွဲရှိခဲ့သူမို့ ယနေ့ထိ ကြည်ညိုလေးစားဆဲ သံယောဇဉ်တွယ်နေဆဲပင်မဟုတ်ပါလား။

'နော်ဇာ'

'ရှင်.... ကိုကို'

'သူစိမ်းမဆန်နဲ့နော်ဒါပဲ၊ သူစိမ်းဆန်တဲ့ အပြုအမူတွေကို ကိုကိုမကြိုက်ဘူး'





'ဟုတ်.... ဟုတ်ကဲ့ပါကိုကို'

သူက ကျေနပ်ပြုံးဖြင့် ခေါင်းကို ဆတ်ခနဲညိတ်ပြီး နော်ဇာ့လက်ဖဝါးကို ဖျစ်ညှစ်နေသည်။

နော်ဇာမသိမသာ အံကြိတ်ထားလိုက်မိ၏။

လက်ဖဝါးပြင်ဆီမှ ကျိန်းစပ်နာကျင်သောအဖြစ်ကိုသည်း ခံမျိုသိပ်ရင်း လေယာဉ်ပြတင်းမှ အောက်သို့ငုံ့ကြည့်နေမိသည်။

လေယာဉ်သည် ဘဂ်လားဆော်ကို ဖြတ်သန်းခဲ့သည်။

မော်လမြိုင်မြို့အနီး ဖျောက်တော့ သံလွင်မြစ်နှင့် တောင်တွတ်ကြီးများ သစ်တောအုပ် အုပ်စိမ်းစိမ်းများကိုမြင်ရ၏။

'နော်ဇာ'

ဇော်ဦးသာက နော်ဇာ့လည်တိုင်မှ မြဗုဒ္ဓဘုရားပုံတော်နှင့် ဆွဲကြိုးလေးကို အသာကိုင်ပြီး ခေါ်လိုက်သည်။

'ရှင်'

'ဘာတွေငေးနေတာလဲ၊ နော်ဇာလေးရဲ့စိတ်တွေ ရန်ကုန်မှာ ကျန်ရစ်ခဲ့ပြီလား'

နော်ဇာ ခေါင်းညိတ်လိုက်မိပြီးမှ....

'ဟင့်.... ဟင့်အင်း' ဟုဖြေမိသည်။

'အရှင်တုန်းက စီကြိုးလေးကို နော်ဇာဆွဲထားတာ မမြင်မိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'နော်ဇာက သူနာပြုဆရာမမို့ ' တာဝန်ထမ်းဆောင်ချိန်မှာ မှုထည့် လက်ဝတ်လက်စားတွေ မဝတ်ရဘူးလေ၊ ဒါကြောင့် ခုမှဆွဲတာပါ'

'ကြော် ဒီလိုလား'

သူကမြတ်နိုးစွာ ကြည့်နေရင်း ခေါင်းညိတ်သည်။

'မော်လမြိုင်ရောက်တော့မယ်'

'ဟုတ်တယ် သံလွင်မြစ်ကိုမြင်ရပြီ'

'မော်လမြိုင်မှာ ကိုယ်တို့ဆင်းကြတာပေါ့'

'ရှင်.... မြိတ်အထိမဟုတ်ဘူးလား'

'မော်လမြိုင်ကတစ်ဆင့် စက်လှေနဲ့ ခရီးဆက်ရမှာ'

'အို....

'ဘာလဲ စိတ်ပျက်သွားပြီလား'

နော်ဇာ မျက်စိမျက်နှာ မထားတတ်လောက်အောင် စိတ်လှုပ်ရှားမိသည်။

'ပြောလေ'

'နော်ဇာ စက်လှေ မစီးချင်ဘူးကိုကို'

'ဘာဖြစ်လို့လဲ'

'ကြောက်တယ်'

'ဘာကိုကြောက်တာလဲ'





'ဟို.... ဟိုရေလမ်းခရီး မသွားဝံ့လို့ပါကိုကို'

သူက သဘောကျသလို ရယ်မောလိုက်၏၊ သူ့မျက်နှာချောချောကို မဝံ့မရဲကြည့်ရင်း နော်ဇာမျက်ရည်ဝဲနေမိသည်၊

သူဘာဖြစ်လို့ ရယ်ပါလိမ့်။

နော်ဇာ့ ရင်းထဲမှ အတွင်းစိတ်ကိုများ ခန့်မှန်းနေမိသလား။

တကယ်တော့ စက်လှေဖြင့် ခရီးသွားရမှာကို ရေကြောက်၍မဟုတ်။

သူနှင့်နှစ်ယောက်အတူ ခရီးသွားရမည့်အဖြစ်ကို စိုးထိတ်နေမိခြင်းရယ်ပါ။

'ကျွန်မတို့ လေယာဉ်သည် မိနစ်အနည်းငယ်အတွင်းမှာ မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပါတော့မယ်ရှင်၊ ခရီးသည်များအားလုံး ထိုင်ခုံခါးပတ်များ ပတ်ထားကြပြီး ဆေးလိပ်မီးများ ငြိမ်းသတ်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်၊ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေရှင်'

မော်လမြိုင်လေဆိပ်တွင် လေယာဉ်ရပ်နားလိုက်၏၊ လေယာဉ်ပေါ်မှ ခရီးသည်အချို့ ဆင်းသွားကြသည်၊

နော်ဇာ ကျောက်ရုပ်လေးလို ငြိမ်နေမိ၏။

'နော်ဇာ ဆင်းကြမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



ဆော်ဦးသာက သူမျက်နှာနားကပ်ပြီး ခပ်တိုးတိုးပြောသည်။

'မြိတ် မြို့ကိုသွားရမှာ မဟုတ်လားကိုကို၊ အဲဒီမှာ ကြီးကြီးဒေါ်ကိုပြုစုဖို့'

'ဒါအမှန်ပဲ'

'ဒါဖြင့်ဘာဖြစ်လို့ သည်မှာဆင်းရမှာလဲကိုကို တစ်ဆက်တည်းသွားလို့မဖြစ်ဘူးလား'

'မဖြစ်ဘူးနော်ဇာ၊ ကဲ....လာ လေယာဉ်ပေါ်ကဆင်းကြရအောင်'

နော်ဇာ ပေပေကပ်ကပ် ထိုင်နေတော့ သူကအသံထွက်အောင်ရယ်လိုက်သည်။

'လေယာဉ်လက်မှတ်က မော်လမြိုင်အထိပဲ ဖြတ်ခဲ့တာ နော်ဇာရဲ့ ဆက်စီးလို့မရဘူးလေ'

'ဟင်....'

နော်ဇာ ဘယ်လိုနားလည်ရမှာပါလိမ့်။

မြိတ်အထိသွားရမည်ဟု တကယ်ပင် ယုံကြည်ခဲ့ပါသော်လည်း ခုတော့ဖြင့် သူက....

'လာ နောက်မှ အကျိုးအကြောင်း ရှင်းပြမယ်ဟုတ်လား'





နော်ဇာ့ လက်မောင်းကို ဆုပ်ကိုင်ပြီး လေယာဉ်ပေါ်မှဆင်းလာခဲ့ကြသည်။

နော်ဇာမကျေမနပ်ဖြင့် နှုတ်ခမ်းတွေစူထားမိ၏။

မောင်တစ်ယောက်သာ သည်အဖြစ်ကိုသိလျှင် ပိုပြီး စိတ်ဆိုးစနောင့် ဖြစ်ရှာပေတော့မည်။

သူကပစ္စည်းရွေးပြီး လေဆိပ်ထဲမှ ထွက်လာခဲ့၏။

လေဆိပ်ရှေ့တွင် အဖြူရောင် မာစီဒီးစ် ကားကြီးတစ်စီးသူတို့ကိုစောင့်နေသည်။

'ဟော.... ဆရာလာပြီ'

ဒရိုင်ဘာအဘိုးကြီးက ကားပေါ်မှဆင်းလာပြီး ဖျာဖျာသလဲကြိုဆိုလေသည်။

'ဦးလူရ'

'ဗျာ.... ဆရာ'

'အလယ်လမ်းမကြီးက ခြံကိုမောင်း'

'ဟုတ်ကဲ့'

သူ့ကို နားမလည်စွာကြည့်နေသည့် နော်ဇာ့လက်မောင်းတစ်ဘက်ကိုဆုပ်ကိုင်ပြီး ကားပေါ်တက်ခေသည်၊

'တက်လေ နော်ဇာ'



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာ အုန္တြာင်ကြောင်ပုံစံလေးဖြင့် ကားပေါ် ရောက်သွားသည်။

သူက နော်ဇာ့ဘေးမှာ ဝင်ထိုင်လိုက်၏။

ကားဒရိုင်ဘာကြီးက ကားမှန်မှတစ်ဆင့် သူနှင့်နော်ဇာ့ကို အကဲခတ်နေလေသည်။

....၀....



## အခန်း (၃)

မော်လမြိုင်မြို့အလယ် လမ်းမကြီးပေါ်ရှိ ခမ်းနားထည်ဝါ၍ သစ်လွင်လှပသော သုံးထပ်တိုက်ကြီးရှေ့တွင် မာစီးဒီးစ်ကားကြီးကိုထိုးရပ်လိုက်သည်။

'ကဲ.... ရောက်ပြီနော်ဇာ'

အိမ်ကြီးကို ငေးမောကြည့်ရင်း နော်ဇာကြံ့အားသင့်နေမိသည်။

'လာ နော်ဇာ'

နော်ဇာ့လက်ကိုဆွဲ၍ အိမ်ကြီးထဲဝင်လာသည်။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် နော်ဇာ ချင်ခုန်နေမိ၏။

'ဒေါ်ကျောက်စိမ်း'



www.burmeseclassic.com

www.burmeseclassic.com



ဝေဒ်ဦးသာ ခေါ်သံကြောင့် အသားဖြူဖြူ ကျောက်ခေါက်ရောဆံထက်နှင့် မိန်းမခပ်ဝဝတစ်ယောက် ညှော်ခန်းထဲသို့ဝင်လာသည်။

'အစ်မတို့ရောက်လာပြီနော်'

'နော်ဇာမွေ့ဝါအတွက် အလယ်ထပ်မှာ အခန်းပြင်ပေးပါ ဒေါ်ကျောက်စိမ်း'

'ဟုတ်ကဲ့ရှင့်'

အောက်ထပ် ညှော်ခန်းအလယ်ရှိ ကြက်သွေးရောင်ကတ္တီပါခင်း ဆိုဖာများက ထိုင်ရက်စရာမရှိအောင် လှပအိစက်နေ၏။

ညှော်ခန်းတစ်ခုလုံး သားနားလှပစွာ ပြင်ဆင်ထားလေသည်။

စန္ဒယား၊ ကက်ဆက်၊ တီဗွီ၊ ဗွီဒီယိုစသည်ဖြင့် နေရာတကျရှိလှသည် မဟုတ်ပါလား။

အစိမ်းနုရောင် နံရံပေါ်တွင် ဘာမှချိတ်ဆွဲမထား။

နံရံကပ် မီးအိုင်လှလှလေးတွေက အုပ်ဆောင်းလှလှဖြင့် ရှိုးတစ်မျိုးဖြစ်နေသည်။

'နော်ဇာလေး'

'အို...'





ပခုံးကိုဆုပ်ကိုင်ပြီး သူမကိုယ်လေးကို ဆွဲလှည့်လိုက်သောကြောင့် ဖျတ်ခနဲ လန့်သွားရသည်။

'ဒါ မော်လမြိုင်မှာရှိတဲ့ ကိုကို့အိမ်လေ၊ ဘောင်ဝိုင်းခြံထဲမှာလဲ တိုက်တစ်လုံးရှိသေးတယ်'

'ကိုကိုချမ်းသာမှန်း နော်ဇာသိပါတယ်'

'နော်ဇာ ဘယ်လိုပြောလိုက်တာလဲ'

'ဘာဖြစ်လို့လဲ ကိုကို စိတ်အနှောင့်အယှက် ဖြစ်သွားသလား'

သုန်မှုန်သွားသည့် သူ့မျက်နှာကိုကြည့်ပြီး နော်ဇာမေးမိသည်။

'ဟုတ်တယ်လေ၊ ကိုကိုပြောတဲ့စကားကို နော်ဇာအကြွားတယ် ထင်သွားသလား လို့ပါ'

'မထင်ရဲပါဘူး ကိုကိုရယ်'

'နော်ဇာ၊ နော်ဇာ ကိုကိုခေါ်တဲ့နောက် ဘာဖြစ်လို့လိုက်လာခဲ့တာလဲ'

သူ့အမေးကို နော်ဇာရုတ်တရက်မဖြေပါ၊
အမှန်အတိုင်းဖြေလျှင် သူယုံကြည် လက်ခံနိုင်ပါ့မလား၊
'နော်ဇာ ကိုကိုမေးတာ ဖြေနိုင်သလား'
'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်ဖြေ'

'နော်ဇာ လိုက်လာခဲ့တာ အားလုံးအဆင်ပြေစေချင်တဲ့ စေတနာပါကိုကို၊ မောင့်အတွက် အဆင်ပြေဖို့ရယ်၊ ကြီးကြီး စောအတွက် နော်ဇာပြုစုပေးချင်တာရယ်'

'ဒါပဲလား'

'ပြီးတော့'

နော်ဇာမပြောဘဲ တိတ်ဆိတ်သွား၏၊

'ဆက်ပြောလေ နော်ဇာ'

'ကိုကို စိတ်ချမ်းသာအောင် ကြီးကြီးစောဆီ နော်ဇာ လိုက်လာခဲ့တာပါ'

'အဓိကလိုက်လာခဲ့ရတဲ့ ရည်ရွယ်ချက်က နော်ဇာ့ချစ်သူ အတွက် မဟုတ်လား'

နော်ဇာ ငြိမ်သက်နေပြီးမှ....

'မှန်ပါတယ်ကိုကို'ဟု ပြောသည်။

'နော်ဇာ.... မင်းလေးဟာ Innocent ဖြစ်တယ်၊ ဒါ ကြောင့် ကိုကိုမင်းကို သိပ်ချစ်ခဲ့ရတာသိလား'

နော်ဇာ မျက်လွှာချထားမိသည်၊

'နော်ဇာလေး'

သူက နော်ဇာ့ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်ပြီး သူ့ဘက်ဆွဲ လှည့်လိုက်သည်။





'ပြောပါကိုကို'

ကိုကိုလေ တွေးမိတိုင်းပဲ အမြဲနောင်တ ရနေမိတယ် သိလား'

နော်ဇာ နားထောင်နေသည်။

'နော်ဇာနဲ့ မြိတ်မှာစပြီး သိကျွမ်းခင်မင်ခဲ့ကြတဲ့ အချိန် ကတည်းက နော်ဇာ့ကို ချစ်ခဲ့ရတာပါ၊ ဒါပေမယ့် နော်ဇာ့ ပညာရေးအတွက် အနှောင့်အယှက် ဖြစ်မှာစိုးလို့ ကိုကိုဖွင့် ပြောခဲ့မိဘူးလေ။ မျိုသိပ်ခဲ့တယ် ဒါတွေအားလုံး ကိုကို့ အပြစ်ပါပဲကွာ'

'အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါတော့ကိုကို'

'နော်ဇာပြောသလို အရာရာကို မေ့နိုင်စွမ်းရှင် သိပ်ကောင်း မှာပဲ၊ ခုတော့ ကိုကိုနဲ့နော်ဇာ ပြန်လည်ဆုံဆည်းခဲ့ကြပါ ရက် ကိုကို့ထက်အလျင်ဦးတဲ့ ချစ်ဦးသူက နော်ဇာ့မှာ ရှိနေပြီလေ'

ပြောရင်း သူ့အသံတွေတုန်လာ၏။

သူ့စိတ်တွေ လှုပ်ရှားနေမှန်း သိသာပါသည်။

နော်ဇာ သူ့ကိုရင်ဆိုင်နိုင်စွမ်း မရှိဘာသလို ထချပ် လိုက်၏။

'နော်ဇာ နားပါရစေဦး'



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွေကို ဖယ်ပစ်ပြီး တောင်းပန်သလို ပြောမိသည်။

သူမတားဆီးပါ။

နှော်ဇာ့ကို စေ့စိုက်ကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။

'လာမိန်းကလေး အလယ်ထပ်မှာ မိန်းကလေးအတွက် အခန်းပြင်ထားတယ်'

ရှေ့လှကားထိပ်တွင် ဒေါ်ကျောက်စိမ်းနှင့် နှော်ဇာဆုံမိကြသည်။

'ဟုတ်ကဲ့ရှင်'

'လာ ဒေါ်လေးလိုက်ပို့ပေးမယ်'

ဒေါ်ကျောက်စိမ်းနောက်သို့ နှော်ဇာ လိုက်လာခဲ့သည်။

အလယ်ထပ်သည် အောက်ထပ်ကဲ့သို့ပင် ခမ်းနားလှပ၏။

ကြက်သွေးရောင် ရှမ္ပိုင်းကော်ဇောကြီးတွေ တစ်ထပ်လုံးခင်းထားသည်။

ဒီဘက်အခန်းပဲ မိန်းကလေး'

ဒေါ်ကျောက်စိမ်းက အခန်းကျယ်တစ်ခုကို တွန်းဖွင့်ပြီး ပြောသည်။

'ရေနွေး ရေအေး နှစ်မျိုးလုံး စီစဉ်ထားတယ် ဘုံဘိုင်ခေါင်းနှစ်ခုနဲ့ ကြိုက်တာချိုးနော်'





မြိတ်သံဝဲဝဲဖြင့် ဒေါ်ကျောက်စိမ်းက ဖော်ရွေလှ၏။ မြိတ်မြို့မှလာရောက်နေထိုင်ပြီး စီမံခန့်ခွဲနေပုံရသည်။

နှော်ဇာ အခန်းကျယ်ကြီးထဲ ဝင်လာခဲ့လေသည်။

တစ်ခန်းလုံး မွေးပွကော်ဇောတွေ ခင်းထားပြီး ကန့်လန့်ကာဇမျာ်း ကတ္တီပါ အပါးစား အဝါရောင်တွေဖြစ်သည်။

အခန်းထဲတွင် Clothes rack (အဝတ်လှမ်းရန်စင်) book shelf (စာအုပ်စင်) dresser (မှန်တင်ခုံ) bedstead (ခုတင်) cassette (ကက်ဆက်) T.V စသည်တို့ကို နေသားတကျတွေ့ရသည်။

'မနှော်ဇာ့ရဲ့ အဝတ်သေတ္တာ ဒီမှာနော်'

ခုတင်ခြေရင်းရှိ ခုံတန်းလျားပေါ်တွင် နှော်ဇာ့သေတ္တာကိုတွေ့ရသည်။

'မိန်းကလေး နာမည်အပြည့်အစုံက နှော်ဇာရွှေဝါနော်'
'နှော်ဇာ့နာမည်ကို သိနေသလား'

'အပေါ်ဆုံးထပ်မှာ သူဌေးရဲ့ အခန်းရှိတယ်လေ အဲဒီအခန်းထဲမှာ မိန်းကလေး ဓာတ်ပုံရှိတယ်၊ ပန်းချီကားလဲရှိတယ်၊ ပန်းချီကားချပ်အောက်မှာ နှော်ဇာရွှေဝါဆိုတဲ့ စာလုံးလေးတွေ ရေးထားတယ်'



www.burmeseclassic.com

www.burmeseclassic.com

'အို.... ဟုတ်လား'

'သူဌေးချစ်တဲ့ ကောင်မလေးက ပန်းချီကားချပ်ထဲက လိုပဲ အပြင်မှာလှချေတယ်'

'ချီးမွမ်းနေပြန်ပြီ'

နော်ဇာ ရှက်ရှက်ဖြင့် ပြောလိုက်မိသည်။

'ကဲ.... ရေမိုးချိုး အနားယူဦးနော်၊ ဒေါ်လေးသွားမယ်'

'ဟုတ်'

နော်ဇာ အင်္ကျီတွေချွတ်ပစ်ပြီး ရေချိုးခန်းထဲဝင်လာသည်။

ရေနွေးနှင့် ရေအေးရောစပ်ပြီး ရေချိုးနေလေသည်။

အစိမ်းနုရောင် ကြွေပြားများ ခန်းလုံးပြည့်ကပ်ထားသောကြောင့် ရေချိုးခန်းသည် သန့်ပြန့်လှပလျက်ရှိသည်။

အကောင်းစား ကိုယ်တိုက်ဆပ်ပြာများ ခေါင်းလျှော်ရည်ပုလင်း မျက်နှာသုတ်ပဝါ၊ မှန်စသည်ဖြင့် ပစ္စည်းတွေ စုံလင်လှသည်။

ရေချိုးပြီးတော့ ရေချိုးခန်းထဲမှထွက်လာခဲ့သည်။

အလှပြင်ပစ္စည်းတွေ စုံလင်လှသည့် မှန်တင်ခုံကိုကြည့်ပြီး အံ့အားသင့်နေမိသည်။

ဩရထီ၈၁၀၉

ဒါ ဘယ်သူ့အခန်းလဲ၊ ဒီအိမ်မှာ မိန်းကလေး တစ်ယောက်ယောက်များ ရှိနေသလားဟု သံသယဝင်နေမိ၏။

မှန်တင်ခုံပေါ်မှ Oil of ulay ပုလင်းလေးကို လှမ်းယူပြီး အဖုံးဖွင့်၍ လက်ဖဝါးပေါ် အသာညှစ်ချလိုက်၏။

ပန်းနုရောင် အလှဆီရည်များက မွှေးပျံ့နေသည်။

မျက်နှာပေါ်သို့ အသာပွတ်သုတ်လိုက်ပြီးနောက် Max factor ပေါင်ဒါရှာနည်းငယ် လိမ်းလိုက်၏။

ရေစိုနေသည့် ဆံပင်တွေကို မျက်နှာသုတ်ပဝါဖြင့် သုတ်ပြီး ဖြန့်ချထားလိုက်သည်။

အလှပြင်ပြီးသောအခါ အစိမ်းရင့်ရောင် ပါတိတ် ဝမ်းဆက် (အင်္ကျီလက်တို) ကိုဝတ်လိုက်သည်။

'ဒေါက်.... ဒေါက်'

အခန်းတံခါး ခေါက်သံကြောင့် တံခါးဘုကို လှည့်ဖွင့်လိုက်၏။

'ဩော်.... ဒေါ်ကျောက်စိမ်း'

'ခဏဝင်ခွင့်ပြုပါဦး နော်ဇာ'

ဒေါ်ကျောက်စိမ်းက သူမလက်ထဲမှ ဆိတ်ပလူးပန်းကုံးကြီးကို နော်ဇာ့လက်ထဲကမ်းပေးသည်။

'သူဌေးပေးခိုင်းတာ'

ပန်းကုံးကိုလှမ်းယူပြီး မှန်တင်ခုံပေါ်တင်လိုက်သည်။

ဘရထီ၈၁၀၀

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာရင်နေ့လယ်စာစားကြမယ် နော်ဇာ၊ ငွေမောင်း လေးတီးတဲ့အသံကြားရင် ထမင်းစားခန်းထဲ ဆင်းလာခဲ့ပါ’

‘ဒီကကြားရပါ့မလား’

‘ကြားရအောင် စီစဉ်ထားပြီးသားပါ၊ ပန်းပန်လိုက်ဦး နော်၊ သူဌေးက ပန်းပန်လာဖို့မှာလိုက်တယ်’

‘ဟုတ်’

နော်ဇာသည်ဆိတ်ဖလူးပန်းကုံးကို ငေးကြည့်နေရင်း စိတ်က အတိတ်သို့ပြန်ရောက်သွားသည်။

• ....ဒီပန်းပွင့်လေးတွေကို သီပြီးရောင်းရတယ်၊ ပြီးတော့ ရတဲ့ပိုက်ဆံနဲ့ စာအုပ်တို့ဖောင်တိန်တို့ ဝယ်ရတယ်....

နေ့စဉ်အပွင့်တွေ ဖွေးဖွေးလှုပ်မျှ ဖူးပွင့်လျက် ရှိသည့် ရွာမဆိတ်ဖလူးပင်ကြီးကို နော်ဇာ့မျက်ဝန်းထဲမှာ ပြန်လည်မြင်ယောင်နေမိသည်။

.... ‘ငါ့ကို အစ်ကိုလို့မခေါ်နဲ့’

.... ‘ရှင်’

.... ‘ကိုကိုလို့ခေါ်’

.... ‘ဘာဖြစ်လို့လဲ’

.... ‘ကိုကိုဆိုတာ နားဝင်ချိုတယ်’





.... ‘မသိဘူးလေ’

.... ‘မင်းဘယ်လို ပြောလိုက်တာလဲ၊ ကိုကိုလို့ခေါ် ကြားလား’

.... ‘မခေါ်ရင်ဘာဖြစ်မလဲ’

.... ‘မခေါ်ရင် ဒီခြံထဲ ဘယ်တော့မှမလာရတော့ဘူး’

— ‘ဒီခြံထဲကြီးဝင်ပြီး ဆိတ်ဖလူးပန်းနဲ့ ကောက်ခဲ့တာ ဆယ်နှစ်ဆယ်မိုးကျော်ခဲ့ပြီ ခုမှလာပြီး တားဆီးနေတာ ဘာသဘောလဲ’

.... ‘အံမယ် မင်းက အလာချည်းပါလား၊ ငါက ဂရုဏာဖြစ်မိနေတာ၊ ဒီမှာဘာပဲဖြစ်ဖြစ်၊ ဒါ ငါ့ခြံ၊ မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်’

‘ဂွိ ဂွိ ဂွိ’

တယ်လီဖုန်းသံကြောင့် နော်ဇာအတွေးလွန်နေရာမှ ခုတင်ခေါင်းရင်းရှိ ဖုန်းခွက်ကိုကောက်ကိုင်လိုက်သည်။

‘နော်ဇာ’

‘ရှင်’

ဖုန်းထဲမှ ဇော်ဦးသာအသံကို ကြားလိုက်ရ၏။

‘နော်ဇာ့အတွက် ဆိတ်ဖလူးပန်းကုံးကို ပို့ပေးလိုက်တာ ရတယ်နော်’



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

'နော်ဇာပန်လိုက်ပါ'

နော်ဇာတွေဝေသွားပြီးမှ

'ဟုတ်ကဲ့'ဟုပြောလိုက်သည်။

'ပျော်ရဲ့လား နော်ဇာ'

'ပျော်.... ပျော်ပါတယ်'

'ကိုကိုပြောမယ်နော် နားထောင်'

'ပြောပါကိုကို'

'ညနေစာစားပြီးရင် ခရီးဆက်မယ်'

'ကိုကို့အစီအစဉ်အတိုင်းပါပဲ'

'ထမင်းစားဖို့ ထမင်းစားခန်းမှာ ကိုကိုစောင့်နေမယ် နော်ဇာ'

'ဟုတ်'

ဇော်ဦးသော ဖုန်းချသွားသည်။

နော်ဇာသည် ဆိတ်ဖလူးပန်းကုံလေးကို လှမ်းယူလိုက်ပြီး ဆံပင်ထိပ်ပေါ်မှာစိုက်၍ ပန်လိုက်၏။

မှန်ထဲတွင် သူမမျက်နှာလေးကိုကြည့်နေမိသည်။ လူရိုင်းမလေးနှင့် တူနေသည်မဟုတ်ပါလား....

ပန်းကုံးလေးပန်ပြီး မှန်ကြည့်နေစဉ် ငွေမောင်းတီးသံကို ကြားလိုက်ရ၏။





နော်ဇာ အခန်းထဲမှထွက်လာခဲ့သည်။

အောက်ထပ်သို့ လှေကားထစ်တွေကိုနင်းပြီး တစ်လှမ်းချင်းဆင်းလာခဲ့သည်။

--o--



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဒ္

နေ့လယ်စာစားပြီး နော်ဇာအခန်းထဲမှာ လှဲနေရင်း ခေတ္တအိပ်ပျော်သွားခဲ့၏။

အိပ်ရာမှနိုးလာတော့ ဧည့်ခန်းထဲ ဆင်းလာခဲ့သည်။

'သူဒွေးကမှာခဲ့တယ်'

'သူကော'

'သူသွားပြီလေ'

'ဘယ်ကိုသွားတာလဲ'

'သူပိုင်တဲ့ စက်လှေရှိတဲ့ဆီကိုပေါ့'

'နော်ဇာ့ကိုဘာလို့ မစောင့်တာလဲ'

'နော်ဇာက အိပ်ပျော်နေတာကိုး၊ နော်ဇာနိုးလာရင် လိုက်ပို့ပေးဖို့မှာခဲ့တယ်'

ဒေါ်ကျောက်စိမ်းက အေးဆေးစွာ ပြောပြနေသည်။





'သူပြောတော့ ညနေစာစားပြီးမှဆို၊ ခု... ဘယ်လိုဖြစ်မြန်တာလဲ'

'အဲဒါတော့ သူနဲ့တွေ့မှပဲမေးပါ၊ ဒေါ်လေးတာဝန်က နော်ဇာနိုးလာရင် သူရှိတဲ့နေရာကို ပို့ပေးဖို့ပါပဲ'

ဒေါ်ကျောက်စိမ်းကို နော်ဇာ မျက်စောင်းချိတ်လိုက်သည်။

'အလကားမဲ'ဟု စိတ်ထဲမှာရေရွတ်လိုက်မိ၏။

'ကားစောင့်နေတယ်'

'ကောင်းပြီ'

ကမန်းကတန်းမျက်နှာသစ် ခေါင်းဖြီးပြီး အဝတ်သေတ္တာလှမ်း ဆွဲလိုက်၏။

'မလိုပါဘူးကွယ်'

'ဘာဖြစ်လို့လဲ ဒေါ်ကျောက်စိမ်း'

'သူဒွေးက မှာခဲ့တယ်လေ၊ စက်လှေရှိတဲ့ဆီ ခေါ်ခဲ့ရင် ဘာမှမယူခဲ့နဲ့တဲ့'

'နော်ဇာ့အဝတ်တွေ ထားခဲ့ရင် ဘာဝတ်ရမှာလဲ'

'သည့်ထက် အဖိုးတန်တာတွေ အဆင်သင့်ရှိနေမှာပေါ့'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



'တုတ်တယ်၊ သူဌေးက သူချစ်တဲ့ မိန်းကလေးအတွက် အားသုံးစိုက်ထားလိမ့်မယ်'

နော်ဇာအံ့ကြိတ်လိုက်သည်။

ပြီးတော့ လက်ကိုင်အိတ်လေးကို လှမ်းဆွဲပြီး အခန်းထဲမှ ထွက်လာခဲ့၏။

ဒေါ်ကျောက်စိမ်းက သူမကိုဦးဆောင်ပြီး ခေါ်လာခဲ့သည်။ မာစီးဒီးစ်ကား အဖြူရောင်ကြီးက သူမကိုအဆင်သင့်စောင့်နေလေသည်။

ဒရိုင်ဘာဖွင့်ပေးသော တံခါးမှ ကားထဲသို့ အသာဝင်လိုက်သည်။

နော်ဇာက ရှေ့ခန်းတွင်ထိုင်၍ ဒေါ်ကျောက်စိမ်းက နောက်ခန်းတွင်ထိုင်သည်။

ကားသည် မော်လမြိုင် ကမ်းနားလမ်းအတိုင်း မောင်းလာခဲ့၏။ ကမ်းနားဆောက်တော့ ကျွန်းတံတားရှေ့တွင် ထိုးဆိုက်လိုက်သည်။

ကားပေါ်မှဆင်းလာခဲ့ကြပြီးနောက် ဒရိုင်ဘာနှင့် ဒေါ်ကျောက်စိမ်းတို့ခြံရှုံလျက် သောတံတားအတိုင်း စက်လှေရှိရာ ဆင်းလာခဲ့ကြသည်။





'ဟိုစက်လှေပဲ'

အဖြူရောင်ဆေး သုတ်ထားသော နှစ်ထပ်စက်လှေကြီးကို မြင်တော့ နော်ဇာအံ့ဩနေသည်။

နှစ်ထပ်စက်လှေကြီးက နိုင်ငံခြား သင်္ဘောကြီးတစ်စီးလို ခံ့ညားကြီးမားပြီး ခေတ်မီလှပလွန်းသည်။

'လာ နော်ဇာ'

ဒေါ်ကျောက်စိမ်းက စက်လှေပေါ်သို့ ဦးဆောင်ပြီး ရှေ့မှ တက်သွားသည်။

နော်ဇာက သူ့နောက်မှ ခြေလှမ်းမှန်မှန်ဖြင့် လိုက်လာသည်။

စက်လှေကြီးထဲတွင် လှပခမ်းနားစွာ ပြင်ဆင်ထား၏။

စက်လှေအောက်ထပ် တစ်ခုလုံးတွင် သားမွေးကော်ဇော အညိုရောင်တွေ ခင်းထားသည်။

'လာ နော်ဇာ'

လှေပဲ့ပိုင်းသို့ ဒေါ်ကျောက်စိမ်းက ခေါ်လာခဲ့ပြီး အခန်းတစ်ခုကို တွန်းဖွင့်လိုက်သည်။

'ဒီအခန်းထဲဝင်ပြီး ရေမိုးချိုးအနားယူနိုင်တယ် နော်ဇာ၊ ညနေစာ မစားခင် ကုန်းပတ်ပေါ် လမ်းလျှောက်ဦးပေါ့' ပြောပြီး အခန်းရှေ့မှ လှည့်ထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာသည် အူကြောင်ကြောင်ဖြင့် အခန်းထဲ ဝင်ခဲ့ပြီး သော့လှည့်ပိတ်၍ လော့ချထားလိုက်သည်။

စက်လှေ စတင် ထွက်ခွာသံကို ကြားရ၏။

'ကိုကိုလဲ မရှိပါလား၊ ဘယ်နေရာမှာ စောင့်နေမှာ

အခန်းက တစ်ယောက်အိပ်ခန်းဖြစ်ပြီး အတော်အသ ကျယ်ဝန်းသည်၊ အခန်းထဲတွင် တစ်ယောက်အိပ် ခုတင်၊ မှ တင်ခုံ၊ ရေချိုးခန်းနှင့် အဝတ်ဗီရိုကြီးတစ်လုံး ရှိနေ၏။

'ဟင်'

အဝတ်စင်မှာ ချိတ်ထားသည့် အနက်ရောင် ဖဲဂါ ရှည်လေးတစ်ထည်။

နော်ဇာ ငေးကြည့်နေမိသည်။

ပြီးတော့ ခုတင်ခြေရင်းတွင် ကတ္တီပါဖိနပ်နက်လေး တစ်

ဖိနပ်ပါးပါးကို နော်ဇာ စီးကြည့်တော့ တိုင်းပြ ချုပ်ထားသလို နော်ဇာ့ခြေတောက်နှင့် အံဝင်ခွင်ကျ ဖြစ် သည်။

နော်ဇာ တစ်ယောက်တည်း ပြုံးနေမိသည် မဟု ပါလား။

ဒါတွေ အားလုံး ကိုကို စီစဉ်ထားတာများလား...





အဝတ်တွေ ချွတ်စစ်လိုက်ပြီး ရေချိုးခန်းထဲ ဝင်လာ သည်၊ ရေချိုးပြီးတော့ အဝတ်စင်ပေါ်တွင် အဆင်သင့် နေသည့် ဖဲဂါဝန်နက်ကို ဝတ်လိုက်သည်၊

ဆံပင်ကို မြင့်မြင့်ထုံးပြီး မှန်တင်ခုံပေါ်တွင် အဆင်သင့် ရှိရသည့် နားဆွဲလေးကို ယူဝတ်လိုက်သည်၊ လက်စွပ်လေး ပါ ငတ်မည်ပြုပြီးမှ မဝတ်ဖြစ်။

မောင်နှင့် စေ့စပ်သည့်နေ့ကလည်း ဝတ်ထားသည့် ရွှေ ရောင်ချော လက်စွပ်လေးက သူမ၏ ဘယ်ဘက်လက်ခလယ် ၌ ရှိနေသည် မဟုတ်ပါလား။

ပြီးတော့ ဟန်းချိန်းလေးတစ်ခု၊ အားလုံးကို စိန်နှင့် ဘက်တီနမ် ရောစပ်ပြီး ပြုလုပ်ထားခြင်း ဖြစ်၏။

သည်လောက် အဖိုးတန်တဲ့ ပစ္စည်းတွေကို ဘာဖြစ်လို့ နော်ဇာ့အတွက် ပေးထားရသလဲ...ဟု တွေးနေမိသည်။

နော်ဇာသည် မိတ်ကပ်ပန်းရင့်ရောင်ကိုလိမ်းပြီး နှုတ်ခမ်း နီးဆေး နှင်းဆီရောင် ရဲရဲကို ဆိုးထားသောကြောင့် သူမ လှကား ကြွရွနေလေသည်။

နော်ဇာ အလှပြင်ဆင်ပြီး အခန်းထဲမှ ထွက်လာခဲ့၏။ ပြင်ရောက်တော့ စက်လှေအောက်ထပ် တစ်ခုလုံး အနှံ့ လှောက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

စက်လှေအောက်ထပ် အလယ်ဗဟိုတွင် ဧည့်ခန်းရှိ တစ်ခန်းလုံး အဖြူရောင် ကြွေမီးအုပ်ဆောင်း လှလှများ နှင့်ဆီပန်းထိုး စိုက်ထားသည့် ပန်းအိုးများ၊ ဆိုဖာများဖြင့် ပြည့်နေသည်။

ခေတ်မီ စန္ဒရားကြီးနှင့် စန္ဒရားတီးနေသည့် လူတစ်ဦး ကိုပါ တွေ့ရ၏။

ဧည့်ခန်းနှင့်ကပ်လျက်တွင် ထမင်းစားခန်းရှိသည်။ ထမင်း စားခန်းထဲရှိ စားပွဲဝိုင်းကြီးပေါ်တွင် အဆင်သင့် ပြင်ဆင် ထားသည့် ထမင်းဝိုင်းနှင့် ဝတ်စုံပြည့်ဖြင့် ရပ်နေသည့် ဝိတ်တာ နှစ်ယောက်ကို တွေ့ရသည်။

စန္ဒရားသံက လှမ်းမော့သာယာစွာ ပျံ့လွင့်နေလေသည်။

ကိုကို ဘယ်မှာပါလိမ့်။

နှော်ဇာသည် အပေါ်ထပ်သို့ တက်လာခဲ့သည်။

အပေါ်ထပ်တွင် သီးသန့်ဧည့်ခန်း တစ်ခန်းနှင့် အိပ်ခန်း တစ်ခန်းရှိပြီး အစိမ်းနုရောင် မီးရောင်ပျပျသာ ထိန်လင်း လျက်ရှိသည့် မီးတိုင်လေးများကို မြင်ရသည်။

ကုန်းပတ်ပေါ် နှော်ဇာ လျှောက်လာခဲ့လေသည်။

'ဟင်....ကိုကို'

ကိုကိုက နှော်ဇာ့ဘက် ကျောခိုင်းပြီး ရပ်နေသည်။





မှောင်နေပြီဖြစ်သည့် မြစ်ပြင်ကို ငေးကြည့်နေလေသည်။ အဖြူရောင် အနောက်တိုင်း ဝတ်စုံကိုပင် ကိုကို ဝတ်ဆင် ထားသည်။

နှော်ဇာသည် ကိုကို့နောက်တွင် တိတ်ဆိတ်စွာ ရပ်နေ သည်။

နှော်ဇာ့ရင်သည် တထိတ်ထိတ် ခုန်လျက်ရှိသည်။

နှော်ဇာ ဘာလုပ်ရမှာပါလိမ့်။

ဘာပြောရမှာလဲ။

ဆုံးဖြတ်မရသလို ငြိမ်သက်စွာ ရပ်နေမိသည်။

-----



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နော်ဇာ ရပ်နေတာ နာရီဝက်နီးပါးခန့် ရှိနေပြီ၊
သို့သော် ကိုကိုက နော်ဇာ့ဘက် လုံးဝ လှည့်မကြည့်
သူ့နောက်တွင် နော်ဇာ ရောက်နေသည့်အဖြစ်ကို ကို
တကယ် မသိတာမှ ဟုတ်ပါလေစ၊

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက် ငေး မောနေ သည့်
ကိုကို့ကို နော်ဇာ အံ့ဩသလို ကြောက်ရွံ့နေမိသည်၊
သည်အပေါ်ထပ်မှာ ကိုကိုနှင့် နော်ဇာတို့ နှစ်ဦးမှလွဲ၍
လူသူအရိပ်အယောင် မမြင်ရပေ။
'ကိုကို'
နော်ဇာ ခေါ်လိုက်သည်။
ကိုကို ဖျတ်ခနဲ လှည့်ကြည့်ပြီး ပြုံးလိုက်၏၊
ကိုကို့မျက်နှာက ပြုံးလိုက်မှ ပိုပြီး လှပချောမောသွား
သည်ဟု နော်ဇာ ထင်မိသည်၊





'နော်ဇာ ကိုကိုစောင့်နေတယ်'
'ကိုကို နော်ဇာရောက်နေတာ ကြာလှပြီ၊ ကိုကို့အနား
မှာ နော်ဇာရောက်နေတာ ကိုကိုတကယ် မသိဘူးလားဟင်'

မယုံနိုင်စွာ နော်ဇာမေးသည်။
ကိုကိုကပြုံး၍ ခေါင်းခါလိုက်သည်။
'ဆောရီးနော်ဇာလေး ကိုကိုအတွေးလွန်သွားတယ်'
နော်ဇာ့နားသို့ လျှောက်လာပြီး ရင်ချင်းအပ်လိုက်သည်။
ပြီးတော့ နော်ဇာ့နဖူးပြင်ကို ငုံ့၍မွှေးလေသည်။
သန့်စင်တဲ့အနမ်းမျိုး ဖြစ်ပါစေတော့ကိုကိုရယ်ဟု နော်ဇာ
တိတ်တိတ်ခိုးဆုတောင်းနေမိပါ၏၊

'နော်ဇာ'
'ရှင် ကိုကို'
'နော်ဇာ့စိတ်ထဲမှာ ကိုကို့အပေါ် ဘယ်လိုထင်သလဲ
ဟင်'

'ဘာကိုဆိုလိုတာလဲ ကိုကို'
'ဪ နော်ဇာ့ကိုခုလိုခေါ်လာတာဘယ်လိုမြင်သလဲလို့'
'ဘယ်လိုမှမထင်ပါဘူး ကိုကို'
'နော်ဇာ့စိတ်ထဲမှာ ထူးဆန်းနေတယ်မဟုတ်လား'
'ထူးဆန်းနေတာတော့ အမှန်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အမှန်ပြောရရင်တော့ နေဝ်ဇာနဲ့ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေချင်တဲ့သဘောပဲ'

နေဝ်ဇာ ခေါင်းငုံ့နေမိသည်။

ကိုကို့နှလုံးသားကို နားလည်နိုင်စွမ်း ရှိသူမို့ နေဝ်ဇာ ငြိမ်သက်တွေဝေနေမိခြင်းပါ။

'နေဝ်ဇာ'

'ကိုကို'

'မြစ်ကြီးနားရောက်ရင် မေမေ့အနားမှာ နေဝ်ဇာ့ကိုထားခဲ့ပြီး ကိုကို ခရီးဆက်မယ်'

'ဘယ်ကိုသွားမှာလဲ'

'ကောသောင်း'

ဇော်ဦးသာက စက်လှေ အမြောက်အမြားကို ပိုင်ဆိုင်သူ ဖြစ်သည်။ ရန်ကုန်တွင်လည်း နိုင်ငံခြားနှင့် ဖက်စပ်ကုမ္ပဏီ သုံးခုလုပ်ထားသည်။

'နေဝ်ဇာ့ကို တစ်ခုပြောမယ်'

'ပြောပါ ကိုကို'

သူ့ရှေ့တွင်ကျော်မပြောဘဲ လေးနက်စွာ တွေးနေသည်။

ပြီးတော့ ခေါင်းခါယမ်းလိုက်မိ၏။

'မပြောတော့ပါဘူး၊ ကဲ လာ ညနေစာစားကြမယ်'

နေဝ်ဇာ့မခုံးကို ဆုပ်ကိုင်ပြီး ခေါ်ချောက်လာခဲ့လေသည်။





အောက်ထပ်ရောက်တော့ Dining room ထဲထန်းဝင်ခဲ့၏။

အသင့်ပြင်ထားသော ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

'နေဝ်ဇာကြိုက်တဲ့ ခရုချဉ်လေ'

နေဝ်ဇာ့ ထမင်းပန်းကန်ထဲသို့ ခရုချဉ်ကို ကိုယ်တိုင်ခပ်ထည့်ပေးပြီးပြောသည်။

အနားတွင် ရပ်စောင့်နေသည့် စားပွဲထိုးလေးက အံ့ဩသလိုကြိတ်၍ ပြုံးနေသည်။

နှစ်ယောက်စာ ထမင်းဝိုင်းကြီးကကြီးကျယ်လွန်းလှသည် မဟုတ်ပါလား။

ဟင်းတွေစုံလှ၏။

ပုစွန်၊ ကြက်၊ ဘဲ၊ ပင်လယ်ငါး၊ ခရု၊ ရှပ်၊ ကင်းမွန် စသည်တို့ကို အမျိုးမျိုးချက်ထားသည်။

'စားလေ နေဝ်ဇာ ဒါပုစွန်ထုပ်ကြော်'

'ကိုကိုစားပါ'

ကြက်သားဆီပြန်ကို သူ့ပန်းကန်ထဲ ခပ်ထည့်ပေးရင်း နေဝ်ဇာပြောသည်။

ညြော် ကိုကိုက နေဝ်ဇာနှင့် ပတ်သက်သမျှအကြောင်း အရာတွေကို ယနေ့တိုင် မမေ့သေးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



နှော်ဇာ ရှေ့ချည်ကြိုက်တာ။

ပုဇွန်ကြော်ကြိုက်တာတွေ အကုန်မှတ်မိနေပါ၏။

ဆဲဒင်းအပ် ဖျော်ရည်ဖန်ခွက်ကို နှော်ဇာ့ဘက် တိုးပေးရင်း—

'စားလို့ကောင်းရဲ့လား' ဟု မေးသည်။

နှော်ဇာ ခေါင်းညိတ်လိုက်သည်။

ကိုကို့ ချမ်းသာကြွယ်ဝမှုတွေကို အံ့သြပြီး ငေးမောနေမိသောကြောင့် နှော်ဇာ့အမူအရာက မသွက်လက်ပေ။

ညနေစာကို စိမ်ပြေနပြေ စားကြပြီးနောက် ကိုကိုနှင့်အတူ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ကြသည်။

ကုန်းပတ်ပေါ်ရပ်၍ ပင်လယ်လေကို တဝရှူရှိုက်နေကြ၏။

ထိုစဉ် စက်လှေတစ်စီးလုံး မီးတွေမှိတ်သွားသည်။

'ဘာဖြစ်တာလဲ ကိုကို'

'မီးပိတ်လိုက်ကြတာပါ၊ လရောင်နဲ့ကြယ်ရောင်ကို ခံစားချင်လို့'

စိတ်ကူးယဉ်တတ်သူပီပီ ကိုကိုပြောတော့ နှော်ဇာခေါင်းညိတ်မိ၏။

မြစ်ပြင်ထဲသို့ လရောင်ရိပ်က ထိုးဆင်းဖြာကျလျက်ရှိ





လဆန်းဆယ်ရက်နေ့၏ လရောင်မို့ အတော်လင်းလက်နေသည်။ ကြယ်ကလေးများ လင်းလက်နေတာကို မြင်တွေ့နေရသည်။

'ကိုကို့ အဖြစ်က ဖိုးလမင်းကိုတမ်းတပြီး ငိုနေတဲ့ကလေးငယ်လိုပါပဲ နှော်ဇာ'

'ပြောပြပါလား ကိုကို'

'နှော်ဇာနဲ့ မြို့မှာ ဆုံခဲ့ကြရပြီး ကိုကို ရန်ကုန်ပြန်သွားခဲ့ရတယ်မဟုတ်လား၊ နောက်တစ်နှစ်အကြာမှာ မြို့ကိုပြန်လာတော့ နှော်ဇာတို့ မရှိကြတော့ဘူး၊ ဘယ်ပြောင်းသွားကြမှန်းလဲ စုံစမ်းလို့မရတော့ဘူးလေ၊ ဒါပေမယ့် နှော်ဇာ့ကို တစ်နေ့မှမမေ့မရခဲ့ဘူး နှော်ဇာ၊ သည်လိုနဲ့နှစ်တွေ အတော်ကြာခဲ့တယ်၊ မမျှော်လင့်ဘဲ ပြန်တွေ့ကြရပြန်တော့ နှော်ဇာမှာ ချစ်သူရှိနေပြီလေ'

သူ့အသံကပြောရင်း တိမ်ဝင်သွားသလို မျက်ဝန်းတွေထဲ ရီဝေလာကြသည်။

'ကိုကို့မျှော်လင့်ချက်တွေ သဲထဲရေသွန် ဖြစ်ခဲ့ရသယ်ဆိုပါတော့'

'ကိုကိုရယ်'

သူက နှော်ဇာ့ကိုယ်လေးကို အသာအယာ ဖက်ထားလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



ခု— ကိုကိုဆုံးဖြတ်ချက်ချလိုက်ပြီ သိလား'

'ရှင်'

'နော်ဇာ့ကို ရအောင်ယူမယ်လို့'

'အို'

နော်ဇာ့ရင်ထဲမှာထိတ်ခနဲ လှုပ်ရှားလာပြီး ကိုကို့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

'သိပ်ကြောက်သွားသလား နော်ဇာ'

'……'

…………

'နော်ဇာစေ့စပ်ထားတဲ့ကိစ္စ ဖျက်လိုက်ပါ၊ နော်ဇာ့ကို ကိုကိုလက်ထပ်မယ်'

နော်ဇာက ခေါင်းငုံ့ချလျက် အရှမ်လေးတစ်ရှပ်လိုဖြစ်နေသည်။

'နော်ဇာ'

နော်ဇာ မော့မကြည့်တော့

'ကိုကို့ကို စကားပြောပါဦး'

နော်ဇာ ဘာပြောရမှာလဲ

'မင်းကို လက်ထပ်ခွင့်ပြုပါ မှင်းကိုလက်ထပ်ယူဖို့ ကိုကို ခေါ်လာခဲ့တာပဲ နော်ဇာ'

'နော်ဇာ့မှာ စေ့စပ်ထားတဲ့ ချစ်သူရှိနေပြီဆိုတာ ကိုကို သိပါတယ်နော်'





'သိတယ်၊ ဒါပေမယ့် ကိုကိုကနော်ဇာနဲ့ အလျှင်ဦးဆုံး ဆုံခဲ့ကြတဲ့သူပဲမဟုတ်လား၊ စေ့စပ်တာနဲ့ လက်ထပ်တာ တစ်ခြားစီပဲလေ'

'နော်ဇာမောင့်ကို မရက်စက်နိုင်ဘူး'

နော်ဇာ့အသံကတုန်ပြီး ငိုသံရောစွက်လာသည်။

'ကိုကို့ကိုရော'

'ကိုကို့ကိုလဲ မရက်စက်ချင်ပါဘူး၊ ဒါပေမယ့် နော်ဇာနဲ့မောင်က ချစ်ခဲ့ကြပြီးမှ ကိုကိုနဲ့ ပြန်ဆုံကြရတာဆိုတော့ မောင့်အပေါ် နော်ဇာ သစ္စာမပျက်ရက်ဘူး'

'ကိုကိုက အတင်းအကျပ် လက်ထပ်မယ်ဆိုရင်ကော'

နော်ဇာ ငြိမ်သက်တွေဝေနေသည်။

'ပြောလေ နော်ဇာ'

'နော်ဇာ မပြောတတ်တော့ဘူး၊ ခုချိန်မှာနော်ဇာ့ဘဝအ- ကိုကို့လက်ခုပ်ထဲကရေပဲ'

ပြောရင်း နော်ဇာမျက်ရည်တွေ ရစ်ဝဲလာသည်။

သူက နော်ဇာ့မျက်နှာကို လက်တစ်ဘက်ဖြင့် အသာအယာ မော့လျက် မျက်ရည်တွေကိုသုတ်ပေးသည်။

'တစ်ခါတုန်းက အိပ်မက်တွေကို မေ့ပျောက်ပစ်လိုက်ပါတော့ ကိုကိုရယ်'

နော်ဇာ့ အသံသည် ရှိုက်သံဖြင့် တိမ်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

‘ဟုတ်တယ်၊ တစ်ခါတအိမ်မက်တွေကို မေ့ဖျောက်ပြီး ကိုကိုကြိုးစားချင်တယ် နှော်ဇာ၊ ဒါပေမယ့် ကိုကိုဟာ အစွဲအလမ်းကြီးသူပဲ နှော်ဇာ’

နှော်ဇာ့မျက်နှာကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး....

‘ကိုကို ခွင့်လွှတ်ပါနှော်ဇာ၊ နှော်ဇာ့ကို ဘယ်တော့မှ အတင်းအကျပ် လက်မထပ်ပါဘူး၊ နှော်ဇာ့မှာ စေ့စပ် ထားတဲ့သူ ရှိနေပေမယ့် ကိုကိုချစ်နေဦးမှာပဲ၊ မျှော်လင့်နေ သေးတယ်ဆိုတာ နှော်ဇာနားလည်ရင် ကျေနပ်ပါပြီ’

နှော်ဇာ့နဖူးကို ငုံ့နမ်းပြီး လွှချင်းခွာလိုက်သည်။

ပြီးတော့ ကုတ်အင်္ကျီထဲမှ ကတ္တီပါဘူးလေးတစ်ခုကို ထုတ်ယူပြီးဖွင့်လိုက်၏။

‘ရော့ နှော်ဇာ့အတွက်’

နှော်ဇာ ငေးကြည့်နေမိသည်။

‘ယူလေ နှော်ဇာ’

ကတ္တီပါဘူးလေးထဲမှ စိန်ဆွဲကြိုးလေးကိုယူပြီး နှော်ဇာ့လည်တိုင်မှာ သူကိုယ်တိုင် ဆွဲပေးနေသည်။

‘နှော်ဇာ့အခန်းထဲမှာ နားဆွဲရယ် လက်စွပ်ရယ် ဟန်း ချိန်းရယ် ကိုကိုပေးထားတာ တွေ့ဘယ်မဟုတ်လား’

‘ဟုတ်’





‘နားဆွဲနဲ့ ဟန်းချိန်းပဲဝတ်ပြီး ဘာဖြစ်လို့ လက်စွပ် လေးမဝတ်သလဲ’

နှော်ဇာ ခေါင်းခါလိုက်သည်၊

‘ပြောလေ’

နှော်ဇာ ဘာမှမပြောဘဲ သူ့မာလက်မှ စေ့စပ်လက်စွပ် လေးကို ငုံ့ကြည့်နေမိ၏။

‘ဪ... ဒီလိုလား၊ ကိုကို သဘောပေါက်ပြီ နှော်ဇာ၊ နှော်ဇာ့ချစ်သူရဲ့ လက်စွပ်ကို နှော်ဇာဝတ်ထားလို့ ဒီလက်စွပ်ကို မဝတ်ရဲဘူးဆိုတာ၊ ဒါတွေအားလုံး နှော်ဇာ့အတွက် ကိုကိုက လက်ဆောင်ပေးတာပဲ၊ ဘာမှ မဝတ်ရဲစရာ မရှိဘူးလေ’

နှော်ဇာ ပြုံးနေမိသည်။

‘ကိုကို ကိုယ်တိုင် ဟောဒီဆွဲကြိုးလေးကို ဆွဲပေးချင်လို့ ခုမှ ဆွဲပေးတာပါ နှော်ဇာ’

မြတ်နိုး ချစ်ခင်ခြင်းများစွာ ပါဝင်သည့် အကြည့်ဖြင့် ကြည့်နေရင်း ပြောသည်။

‘လက်စွပ် ဝတ်လိုက်ပါကွယ်’

‘ဟုတ်....ဟုတ်ကဲ့ပါ ကိုကို’

‘နှော်ဇာ’

‘ ’

....

‘မင်း သိပ်လှတယ်၊ မင်းကို သိပ်ပိုင်ဆိုင်ချင်တယ်’



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုရယ်'

'ကိုကိုနဲ့ ထွဲကွာသွားခဲ့ကြပြီးတဲ့နောက် ကိုကို့ကို နော်ဇာလေး လုံးဝ မေ့ထားလိုက်သလား ဟင်'

'ဟင့်အင်း—မမေ့ဘူး ကိုကို'

'ဒါဖြင့် ဖက်ပီးစတိုးမှာ တွေ့တဲ့နေ့က ကိုကို့ကို နော်ဇာ ချက်ချင်း ဘာလို့ မမှတ်မိသလဲ'

နော်ဇာ ကလေးတစ်ယောက်လို ရယ်လိုက်မိသည်။

'ဩော်....ကိုကိုက ခုထိ မကျေမနပ် ဖြစ်နေတာကိုး'

'ကျေနပ်ပါတယ်၊ ကိုကို သိချင်လို့ မေးနေတာပါ'

'နော်ဇာ ရုတ်တရက် မမှတ်မိတဲ့အတွက် ခွင့်လွှတ်ပါ ကိုကို၊ ကိုကိုက သိပ်ပြီး ချောမောခန့်ညားနေတာဆိုတော့ နော်ဇာ ဘယ်မှတ်မိမလဲ၊ ပြီးတော့ ကိုကို့ မျက်နှာကို သေချာ မကြည့်ခဲ့မိဘူးလေ၊ ဒါကြောင့် မမှတ်မိတာ'

'ကဲကဲ....ကိုကို အရှုံးပေးပါပြီကွာ'

ကိုကိုက နော်ဇာ့ ပခုံးလေးကိုဆုပ်ကိုင်လိုက်ပြီး မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေပြန်သည်။

'ကိုကို'

'ပြောပါ နော်ဇာလေး'





'နော်ဇာ စန္ဒရား နားထောင်ချင်တယ်'

လှုပ်ရှားနေသည့် ကိုကို့စိတ်တွေ လွတ်မထွက်သွားမီ နော်ဇာ အချိန်မီ ထိန်းသိမ်းပေးလိုက်ခြင်းပါ။

'လာလေ နော်ဇာလေး'

နော်ဇာ့ ပခုံးကို သိမ်းဖက်ပြီး ကိုကိုက စက်လှေအောက်ထပ်သို့ ဆင်းလာခဲ့သည်။

စန္ဒရားကြီးအနီးရောက်တော့ စန္ဒရားတီးနေသူက စန္ဒရားခုံမှ ထသွားသည်။

ဇော်ဦးသာ စန္ဒရားရှေ့မှာ ဝင်ထိုင်လိုက်သည်၊

သူ၏လှပသော လက်ချောင်းများက စန္ဒရား ခလုတ်တွေပေါ်မှာ ဆော့ကစားနေလေသည်၊

x x x Feeling nothing more than feelings x x x trying to for get my feelings of love x x x Teardrops rolling down on my face x x x trying to for get my feelings of love. Feelings, all my life. I'll feel you x x x I wish I've never met you boy, you'll never come again.

ဇော်ဦးသာက Feeling သီချင်းကို စိတ်ပါလက်ပါ သီဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ကြည်လင်ချိုမြပြီး မျက်ဝန်းတွေက နော်ဇာ့ကို စူးစိုက်ကြည့်နေ၏။

သူ သီချင်းဆိုတာရပ်ပြီး အတီးအပိုဒ်ကို စန္ဒရားပြင်းပြင်း တီးနေခဉ် နော်ဇာက စန္ဒရားကို မှီရပ်ပြီး နားထောင်နေရာမှ...

'အဲ့ဒီသီချင်းကို နော်ဇာလဲ အရမ်းကြိုက်တာပဲ ကိုကို' ဟု ပြောသည်။

x x x Feeling, ··· wo x x x wo x x x
wo x x x feeling x x x wo x xx wo x x x
wo x x x feel you again in my life x x x
feeling, you got me feeling like I've
near lost you x x x And feelings like I'll
never have you, Again in my heart

သီချင်းဆုံးတော့ သူက စန္ဒရားရှေ့တွင် ထိုင်နေရာမှ ထရပ်လိုက်ပြီး နော်ဇာ့ပခုံးကို ဆုပ်ကိုင်လိုက်၏။

ပြီးတော့ ပြောသည်။

'ကဲ နော်ဇာ အိပ်တော့၊ ဟုတ်လား ညဉ့်နက်ပြီ၊ ဂွတ်နိုက်'

သူက မင်္ဂလာညပါဟု နှုတ်ဆက်သည်။

နော်ဇာကလည်း သူ နှုတ်ဆက်သလိုပင် ပြန်နှုတ်ဆက်သည်။





ဒေါ်ကျောက်စိမ်းကို ယခုမှပင် ပြန်တွေ့ရသည်။ ဒေါ်ကျောက်စိမ်းက နော်ဇာ့ကို ခပ်လှမ်းလှမ်းမှ စောင့်နေ၏။

နော်ဇာ့အတွက် ပြင်ဆင်ထားသည့် အခန်းရှိရာသို့ ဒေါ်ကျောက်စိမ်းက နော်ဇာ့ကို လိုက်ပို့ပေးသည်။

အခန်းထဲရောက်တော့ 'နော်ဇာ ဘာခိုင်းဦးမလဲ' ဟု မေးသည်။

'ဘာမှမရှိပါဘူး ဒေါ်လေး'

'ဒါဖြင့် ဒေါ်လေး သွားမယ်နော်၊ ဟိုဘက်ကပ်လျက် အခန်းမှာ ဒေါ်လေး ရှိနေမယ်၊ မနော်ဇာ လိုတာရှိရင် ဝုန်းနဲ့ ခေါ်လိုက်ပါ'

'ဟုတ်ကဲ့'

ဒေါ်ကျောက်စိမ်း နှုတ်ဆက်ပြီး ထွက်သွားသည်။

နော်ဇာသည် သူမ အခန်းတံခါးကို အတွင်းဘက်မှ လော့ချထားလိုက်သည်။

ပြီးတော့ အဝတ်များ လဲလှယ်ဝတ်ရန် အဝတ် ဗီရိုကို ဆွဲဖွင့်လိုက်သည်။

ဗီရိုထဲမှ အဝတ်ပျော့ပျော့တစ်စုံကို ဆွဲယူထုတ်ပြီး လဲလှယ်ဝတ်လိုက်၏။

အဝတ်ဗီရိုတစ်ခုလုံးအပြည့်၊ မိန်းကလေး အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်အိတ်၊ မိနှပ်အချို့နှင့် အနွေးထည်၊ အင်္ကျီထဘီများကို တွေ့ရ၏။

နော်ဇာ့အတွက် ကိုကို ဝယ်ထားပေးသည့် ပစ္စည်းတွေများလား။

ဒါမှမဟုတ် မိန်းမတစ်ယောက်ယောက်အတွက်များလား။

သံသယစိတ်နှင့်အတူ မျက်မှောင်ကြုတ်သွား၏။

ဖုန်းကိုကောက်ကိုင်လိုက်ပြီး ဒေါ်ကျောက်စိမ်းကို ခေါ်လိုက်၏။

'ဟာလို'

'နော်ဇာလား. ပြောလေ'

'ဟင် ကိုကို'

'ကိုကို့အသံကို ကြားလိုက်ရသောကြောင့် အံ့အားသင့်သွား၏။

'နော်ဇာ့အခန်းနဲ့ ကိုကိုအိပ်ခန်း ဖုန်းတစ်ဆက်တည်းပဲ၊ နော်ဇာမအိပ်သေးဘူးလား'

'ဒေါ်ကျောက်စိမ်းပြောတော့'

'ဟုတ်တယ်၊ နော်ဇာလိုတာရှိရင် ဒေါ်ကျောက်စိမ်းကိုပြောဖို့လဲ ဆက်သွယ်ပေးထားတယ်လေ၊ ဖုန်းအဖြူကကိုကိုနဲ့ပြောဖို့၊ အနီရောင်က ဒေါ်ကျောက်စိမ်းနဲ့အတွက်....

'ဩော်....'





သည်တော့မှပင် ဖုန်းနှစ်လုံးရှိကြောင်း သတိပြုမိ၏။

'နေပါဇာ ဘာပြောမလို့လဲ၊ ပြောလေ'

'ဒေါ်ကျောက်စိမ်းကို မေးမလို့'

'ဟုတ်လား၊ ဘာမေးမလို့လဲ'

'ဗီရိုထဲက အသုံးအဆောင် ပစ္စည်းတွေဟာ ဘယ်သူ့အတွက်ဝယ်ထားတာလဲလို့'

'ဘာ'

'ရုတ်တရက် သူ့အသံက မာကျောကျယ်လောင်သွားသည်။

'ဟို....'

'ကိုကိုသဘောပေါက်ပါတယ်ကွာ၊ ဒီမှာနော်ဇာ ကိုကို့ဘဝမှာ မင်းလေးတစ်ယောက်ပဲ ရှိတယ်ဆိုတာ ယုံလိုက်စမ်းပါကွာ'

သူ ဖုန်းချသွားသည်။

နော်ဇာ စိတ်ထိခိုက်စွာ ငိုင်တွေနေမိသည် မဘုယ်ပါလား။

....ဝ—



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နော်ဇာ ရှတ်တရက်အိပ်မပျော်။

အိပ်ရာပေါ် လှဲနေရင်း တွေဝေနေမိသည်။

စိတ်ကမောင့်ဆီ ရောက်သွားပြန်၏။

မောင်တစ်ယောက်တော့ ဘယ်လိုနေမှာလဲ'

လက်ထပ်ကာနီးမှ ခွဲခွာလိုက်ကြရသည့်အဖြစ်ကို မေ့မရနိုင်ပါ။

ခုချိန်ဆို မောင်တစ်ယောက်တည်း စိတ်ပျက်အားငယ်နေဦးမှာလား။

ဒါမှမဟုတ် စိတ်ညစ်ညစ်ဖြင့် တစ်ယောက်တည်းလျှောက်သွားနေမှာလား။

နော်ဇာ့ကိုသိပ်ချစ်ပြီး သိပ်ယုယခဲ့တဲ့မောင်....





နော်ဇာ့ကို စိတ်မချနိုင်လောက်အောင် အမြဲပူပန်စိုးရိမ်နေသည့် မောင်တစ်ယောက် ဘယ်လိုများနေမှာလဲ...

မောင်ရယ်...

'မောင့်ကို တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့်လေးမှ မေ့ထို့မရပါဘူးကွယ်။

နော်ဇာတို့ အနာဂတ်ပျော်ရွှင်မှုအတွက် အခိုက်အတန့် ခွဲခွာနေကြရဦးမှာပါဂဲ။

နော်ဇာ့လည်တိုင်တွင် မောင်ကိုယ်တိုင် ဆွဲပေးခဲ့သည့် ရွှေကြိုးသေးသေးလေးနှင့် မြဗုဒ္ဓ၏ရုပ်ပွားတော်သော့ကက်လေးကိုဆွဲထား၏။

ဘယ်လက်သူကြွယ်တွင် မောင်နှင့်စေ့စပ်လက်စွပ်လေးကို ဝတ်ထားသည်။

ဘယ်အခါမှ မချွတ်ပဲ အမြဲဝတ်ဆင်ထားသည့် မောင့်လက်ဆောင်လေးတွေရယ်ပါ။

.... သူကမောင့်ထက် အဆပေါင်းများစွာ ချမ်းသာတယ်နော်၊ ပြီးတော့ နော်ဇာ့ကိုမြတ်နိုးနေပုံရတယ်၊ မောင်စိတ်မချဘူးကွာ....

.... မောင်တို့လက်ထပ်ကာနီးမှ မောင့်ရဲ့ပေါ့ဆမှုကြောင့် ခုလိုဖြစ်ရတာကို မောင်ဘယ်လိုမှ မဖြေနိုင်တော့ပါဘူး အချစ်ရယ်....

... အစစအရာရာ စိတ်ချပါရစေ နော်ဇာ၊ မောင့်အပေါ်မှာ သစ္စာရှိနော်၊ မောင်လဲသစ္စာရှိမယ်...

မောင့်စကားသံတွေက နားမှာဝေ့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါမောင်၊ မောင့်ကို နော်ဇာအမြဲပဲ ချစ်နေမယ် သစ္စာရှိနေမယ်'

နော်ဇာ့နှုတ်မှ တိုးတိုးလေး ပြောနေမိပါ၏၊

နော်ဇာ့စိတ်သည် လွန်ခဲ့သည့် ခုနစ်နှစ်ဆိုသည့် အချိန်ကာလများဆီသို့ ပြန်လည်ရောက်ရှိသွားသည်၊

ထိုကိုနှင့် ဆက်နွယ်ခဲ့သော အိပ်မက်ဟောင်းများ....

ပြီးတော့ မောင်နဲ့တွေ့ဆုံ ငြိတွယ်မိခဲ့ကြသည့် အတိတ်ဟောင်းများဆီသို့ပါ။

× × ×



# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ မာတ်လှေကားအဆင်းတွင် မိန်းကလေးတစ်ဦး တိုးဝှေ့ ဆင်းလာသည်။

မိန်းကလေးက အသက်အစိပ်အရွယ်ခန့်သာ ရှိသေးသည်။

နှာတံစင်းစင်းနှင့် နှုတ်ခမ်းထင်းထင်းတွေကြောင့် သူမ၏ မျက်နှာသွယ်လေးပေါ်တွင် ပြုံးသွားမည့်အသွင်က ပေါ်လွင်နေ၏။

ခရမ်းရောင် ချိတ်ထဘီ၊ ခရမ်းရောင် စီကော်သား အင်္ကျီလက်ရှည်တို့ဖြင့် ဆံပင်ကို ခပ်မြင့်မြင့်ထုံးထားသည်။

လက်ကိုင်အိတ်အနက်ရောင်၊ ခုံမြင့်ဖိနပ် အနက်ရောင်နှင့် ရွှေရောင်လက်ပတ်နာရီကို ကြိုးမည်းလေးဖြင့် တွဲဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အငှားကားများ ရပ်ထားသည့်နေရာသို့ လျှောက်လာသည်။

'အစ်မ ကားငှားမလား'

ဘီခြောက်ရာ တစ်စီးပေါ်တွင် အခန့်သားထိုင်နေသည့် အသက်အစိတ်ရွယ် လူတစ်ယောက်ကမေးလိုက်သည်။

'ဟုတ်ကဲ့'

'ဘယ်သွားမလို့လဲ အစ်မ'

'ကမ္ဘောဇလမ်း မာလာဝေဖြာ အဆောင်ကို သွားမှာပါ'

'ခြောက်ဆယ်'

'လေးဆယ့်ငါးကျပ် မရဘူးလား'

ကားခ ဈေးဆစ်ရင်း နော်ဇာရွှေဝါ စိတ်ပျက်နေမိသည်။

တစ်နေ့တခြား ဈေးမြင့်လာသည့် ကားခတွေကြောင့် တက္ကစီ ငှားစီးရတာကို စိတ်ပျက်လာမိသည်။

'ငါးဆယ်ရမယ် အစ်မ'

'ဟုတ်ကဲ့'

ပြောပြီး ဘီ-၆၀၀ မောင်းသူက ကားပေါ်မှ ဆင်း၍ ရှေ့ခန်းသို့ ရောက်သွားသည်။





နော်ဇာရွှေဝါ ကားနောက်ခန်းတွင် ဝင်ထိုင်လိုက်၏။

ကားဆရာ စက်နှိုးနေစဉ်—

'ဟေ့....သိန်းစိုး၊ တို့လဲ လိုက်ခဲ့မယ်'

ဟု အနီးရှိ ကားတစ်စီးပေါ်မှ လူနှစ်ယောက် အနားသို့ သုတ်ခနဲ ရောက်လာသည်။

'ဟင်'

ရှေ့ခန်းဒရိုင်ဘာဘေးတွင် တစ်ယောက်၊ နောက် ခန်း သူမ ရှေ့ခုံတွင်တစ်ယောက် အခန့်သား ဝင်ထိုင်လိုက်ကြသဖြင့် နော်ဇာရွှေဝါ မျက်လုံးပြူးသွားသည်။

'ဒီမှာ ကားဆရာ'

ကားဆရာက နောက်သို့ လှည့်ကြည့်သည်။

'ကားပေါ် ဘယ်နှစ်ယောက် လိုက်မှာလဲ၊ ကျွန်မ တစ်ဦးတည်း-ငှားတာနော်'

ဒရိုင်ဘာမဖြေမီ နော်ဇာရွှေဝါရှေ့မှလူက....

'ကျွန်တော်တို့က ခရီးသည် မဟုတ်ပါဘူး အစ်မရဲ့၊ လက်ဖက်ရည်သောက် လိုက်ခဲ့တာပါ။ ဟို ရှေ့နားမှာတင် ဆင်းမှာပါ'ဟု ပြောလိုက်၏။

ကားက ဝူးခနဲ မောင်းထွက်သွားသည်။



www.burmeseclassic.com

'ဟိုး—ဟိုး'

နော်ဇာရွှေဝါ တားဆီးနေသော်လည်း တားဒရိုင်ဘာက မကြားပေ။

နော်ဇာရွှေဝါ ဦးနှောက်ခြောက်သွားသည်။

ကား တစ်စီး ပေါ် မှာ သူမ တစ်ယောက် တည်း နှင့် ယောက်ျားသုံးဦး။

ပတ်ဝန်းကျင် အမြင်မတော်စရာ၊

သူများတွေ ဘယ်လိုထင်မလဲ၊

တွေးရင်း ဒေါသဖောင်းလာသည်။

ကား အ တော် ဝေး ဝေး ရောက်သည်အထိ ထိုလူ နှစ်ယောက်က မဆင်းပေ။

သူမအဆောင်ရှေ့ ရောက်သည်အထိ သူတို့ပါလာလျှင် ဘယ်လို လုပ်ရပါ့။

ဘယ်ကကောင်တွေနဲ့ ဘယ်နေရာမှာ တွေ့ပြီး လိုက်ပို့ကြပါလိမ့်ဟု အများအမြင် မှားစရာ။

'သေချင်စော် နံလိုက်တာနော်'

နှုတ်မှ မမျိုသိပ်နိုင်စွာ ပြောမိ၏။

'ခင်ဗျာ'





ရှေ့မှလူက ခပ်ကြောင်ကြောင် ပြန်မေးသည်။

'ဒီမှာရှင့် ဒီမှာ ကားရပ်ပေးပါ'

အသံ ခပ်ကျယ်ကျယ် ပြောလိုက်မှ ကားဒရိုင်ဘာက ကားကို လမ်းဘေးတွင် ရပ်လိုက်သည်။

'ဘာဖြစ်လို့လဲ အစ်မ'

နော်ဇာရွှေဝါ ကားပေါ်မှ ဘုတ်ခနဲ ခုန်ဆင်းလိုက်ပြီး—

'ဒီမှာ ရှင်တို့လုပ်ပုံ ကောင်းသလား'

'ခင်ဗျာ ဘာဖြစ်လို့လဲ'

'မိန်းကလေး တစ်ယောက်တည်း ကားငှားစီးတာ တာသိ ထတန်းကြီး လိုက်လာတော့ အဆောင် ရှေ့ ရောက် ရင် ပတ်ဝန်းကျင်က ကျွန်မကို ဘယ်လို ထင်မလဲရှင့်၊ ကျွန်မ အဆောင်ရှေ့ထိ လိုက်မပို့ကြနဲ့တော့'

ခါးပေါ်လက်ထောက်ပြီး စိတ်တိုတိုဖြင့် ရန်တွေ့လိုက်မိသည်။

သည်တော့မှ နော်ဇာရွှေဝါနှင့် မျက်နှာချင်းဆိုင်ထိုင်လာသူက....

'သြော်...ဖြစ်ရလေ အစ်မရယ်၊ ကောင်းကောင်းပြောလဲ ရပါတယ်ဗျာ၊ မျက်နှာကြီး စူပုတ်ပြီး ရန်မတွေ့ပါနဲ့၊ ကျွန် တော်တို့ ဆင်းပေးပါ့မယ်'ဟု ပြောသည်။

www.burmeseclassic.com



ရွှေခန်းဒရိုင်ဘာဘေးတွင် ထိုင်နေသူကလည်း မျ
ပျက် မျက်နှာပျက်ဖြင့် ခုန်ဆင်းလိုက်ပြီး....

'ကဲ...ကဲ အစ်မ ကားပေါ်ပြန်တက်ပါ၊ ကျွန်တော်
လိုက်တာ မကြိုက်ရင် မလိုက်ပါဘူး၊ လက်ဖက်ရည်သော
လမ်းကြုံ လိုက်လာတာပါ ခင်ဗျ'

နှော်ဇာရွှေဝါ ကားပေါ်သို့ ဒေါနှင့် မောနှင့် တက်လို
ပြီး မျက်နှာကို မော့ထားလိုက်သည်။

'ဘယ့်နှယ်ဗျာ၊ ကျွန်တော်တို့လဲ ကလေကချေ မယု
ပါဘူး၊ ကိုယ့်ကား ကိုယ်မောင်းနေတဲ့ ကားပိုင်ရှင် လူ
ပါဗျ၊ သူငယ်ချင်းကား ကြုံလို့ လက် ဖက် ရည် သော
လိုက်ခဲ့မိတာပါ'

'ရွှေနားတင်ဆိုပြီး သင်္ချိုင်းကုန်းအထိ လိုက်မယ့်ပုံ
တွေက တွန်း....'

နှော်ဇာရွှေဝါ ဒေါပွပွဖြင့် ပြောလိုက်သောကြောင့် ကာ
ဒရိုင်ဘာမျက်နှာ ပြုံးစိစိ ဖြစ်သွားသည်။

'ကဲ....ကဲ အစ်မလေး သွားမယ်ဗျာ'

ကားဒရိုင်ဘာ ကားမောင်းထွက်တော့ ကျန်ခဲ့သူ နှ
ယောက်က လက်ဝှေ့ယမ်းပြပြီး ကျန်ခဲ့သည်။





'ကာလနာတိုက်ပြီး သေမယ့်ကောင်တွေ၊ ထွီ....'

ခပ်တိုးတိုး ပြောနေမိ၏။

သူမ အဆောင်ရှေ့ရောက်တော့ ကားပေါ်မှ ဆင်းလိုက်
ပြီး ငွေငါးဆယ်ကို ပေးလိုက်သည်။

'ဆောရီးနော် အစ်မ၊ ကျွန်တော့် သူငယ်ချင်းတွေက
လက်ဖက်ရည်သောက်....'

'အို....မကြားချင်ဘူး၊ လက်ဖက်ရည်သောက် ပို့ချင်ရင်
ပါစင်ဂျာ မတင်နဲ့ပေါ့ရှင်၊ သူတို့ဆီကပဲ ကားခယူပြီး
ပို့လိုက်ပေါ့၊ ခုတော့ ရှင် လုပ်ပုံက မိန်းကလေး တစ်
ယောက်တည်းဆိုပြီး မထီတရီ ပုံစံနဲ့'

'ဟုတ်ကဲ့၊ နောက်ဆို မှတ်ထားပါမယ်ဗျာ၊ ဒါနဲ့ အစ်မ
နာမည်....'

'ဘာကိစ္စ မေးတာလဲ'

'မှတ်ထားချင်လို့'

'မလိုပါဘူး'

'နောက်တစ်ခါ ကျွန်တော့်ကားနဲ့ဆုံရင် လူပို မတင်
အောင်'

'ဘာ ရိတိတိ လုပ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အယ် သွားပါဦးမယ်'

နော်ဇာရွှေဝါ မျက်စောင်းခဲလိုက်သည်။

ကားဒရိုင်ဘာက သူ့ကားကိုကွေ့ပြီး မောင်းထွက်သွားလေသည်။

ရုပ်ချည်လေးတွေသားသားနားနားနှင့် သူတို့သုံးယောက်ကိုရန်တွေ့ခဲ့မိပြီးမှ အားနာနေမိသည်။

သို့သော်မတတ်နိုင်။

မိန်းကလေး တစ်ယောက်တည်းဆိုပြီး ကျောလာလျှင်တော့ ပြောရမှာပင်။

—၀...



အခန်း (၂)

ကမ္ဘာဇရိပ်သာလမ်းရှိ 'မာလာဝေဖြာ' ဆောင်အဆောင်နေ မိန်းကလေး ငါးဆယ်ကျော်ခန့်ရှိကြသည်။

အလုပ်ကိုင်အသီးသီး၊ ရုပ်ရည်အမျိုးမျိုး ပုံစံအမျိုးမျိုးနှင့် အုပ်စုအသီးသီး ကွဲလျက်ရှိသည်။

နော်ဇာရွှေဝါက သူနာပြုတက္ကသိုလ်မှ သုံးနှစ်သင်တန်းကိုပြီးဆုံးခဲ့ပြီးနောက် ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသည့် သူနာပြုဆရာမလေးဖြစ်၏။

သူမအနေဖြင့် သင်တန်းများအားလုံး ပြီးဆုံး၍ သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်နေ သူမတို့ အခင်ဆုံးသူငယ်ချင်းအုပ်စုတွင် စုစုပေါင်း ငါးယောက်ပါဝင်ကြ၏။

နော်ဇာရွှေဝါ၊ စုစုရီ၊ နုနုဝေ၊ ခရေနှင့် နှင်းဆီအေးတို့ ဖြစ်သည်။

စုစုရီက စာရင်းရုံးတွင် အထက်တန်းစာရေးစစ်၊ နုနုဝေ ကစတိုးဆိုင်ကြီးတစ်ခုတွင် ငွေကိုင်စာရေး၊ မခရေက အလယ်တန်းပြဆရာမ၊ နှင်းဆီအေးက အဆိုကျော် ပေါက်စဖြစ် သည်။

အားလုံး အလုပ်အကိုင်ချင်း မတူညီကြသော်လည်း စိတ် သဘောချင်း ညီညွတ်မျှတအောင် နေတတ်ကြသူများဖြစ် သည်။

သည်ထနေ့တနင်္ဂနွေမို့ ရွှေတိဂုံသို့သွားကြရန် သူသဘော တူဆုံးဖြတ်ထားကြပြီးဖြစ်သည်။

'နော်ဇာရေ ပြင်ပြီးပြီလား သွားကြစို့'

တက်သစ်စ စတီရီယို အဆိုကျော်မလေး နှင်းဆီအေးက နှင်းဆီရောင်ဝတ်စုံလှလှဖြင့် မြူးကြွစွာ နော်ဇာ့ရွှေဝါ့ကို လှမ်းမေးလိုက်သည်။

'ပြီးပါပြီကွယ်'





ရွှေဖလားရောင် အားပါထိတ်ဝမ်းဆက်ဖြင့် သန့်သန့်လေး နေသည့် နော်ဇာရွှေဝါက ဗီရိုသောခတ်နေရင်း ပြန်ပြော သည်။

'ဟေ့ စုစုရီ ဘုရားကိုသွားတာ ဒီအဝတ်ကြီးနဲ့ သွား မို့လား'

ရင်ဖုံးကျော့ဟိုက် စပို့ရှပ်အနက်ရောင်ကို ထဘီအမည်း နှင့် တွဲဝတ်ထားပြီး နားတွင်ကော်နားကွင်း အမည်း ကို ဝတ်ထားသည့် စုစုရီက ဖော့ချင်တိုင်းဖော့နေ၏။

အဆိုကျော်မ နှင်းဆီအေးထက် သူကဝတ်စုံဆင်ပုံ ရှု နေတတ်သည်မဟုတ်လား။

နုနုဝေက ဂျင်းဘောင်းဘီရှည် နက်ပြာနှင့် ရှပ်အင်္ကျီ ကြက်ကို ဝတ်ထားပြီး ဆံပင်ကိုဖားလျား ပြန့်ချထား သည်။

မခရေက စီကေသား ပုလဲလုံးဝမ်းဆက် အညိုရောင်ကို ဝတ်ထားပြီး ဆံပင်ကိုမြင့်မြင့်ထုံးထားသည်။

'မိစု နင့်အင်္ကျီက ဟိုက်လွန်းတယ် လဲလိုက်ပါ'

မခရေက ဆရာမပီပီပြောလိုက်သည်။

'ရပါတယ် မခရေရဲ့ ဘာဖြစ်လို့လဲ'



www.burmeseclassic.com

'လည်ထိုက်လှန်းလို့'

'ဒါမြန်မာပြည်၊ နိုင်ငံခြားမဟုတ်ဘူး'

ခရေသည်လိုပြောတော့ ကျွန်လေးယောက်က သံပြိုင်
ဖြင့်—

'မြန်မာပြည်မှာ နေသည်'ဟု ဝိုင်းအော်လိုက်ကြသည်

စုစုရီက ခရေ့စကားကို ဂရုမစိုက်သလို အခန်းထဲ
ထွက်သွားသဖြင့် ဘာမှမပြောကြတော့ဘဲ အားလုံးထ
လာခဲ့ကြသည်။

အဆောင်ရှေ့မှ လမ်းမကြီးဘက်ကွေ့ပြီး လျှောက်လာ
ကြသည်။

'အဆောင်ရှေ့မှာရပ်နေရင် ကားမရဘူးဟ၊ လမ်းမကြီး
ရောက်မှ ကားတွေ့မှာ'

ခရေပြောနေသည်။

ထိုစဉ် ဘီ ၆၀၀၀ တစ်စီး သူတို့အနီးသို့ ရောက်လာ
သည်။

ကားရှေ့မှာရပ်ပြီး စုစုရီတားလိုက်သောကြောင့် ကားရပ်
သွားသည်။

'ဘယ်လဲ ခင်ဗျ'





နော်ဇာရှေ့ဝါ ငေးနေရာမှ ကြားဖူးသလိုအသံကြောင့်
ကားဒရိုင်ဘာကို လှမ်းကြည့်လိုက်မိသည်။

'ဟင်.... ရှင်'

ဟိုတစ်နေ့က နော်ဇာရှေ့ဝါနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး
ကားပေါ်ပါလာခဲ့သည့် လူပါလား။

'ခင်ဗျားတို့ကိုး' သူကခပ်ထေ့ထေ့ပြောလိုက်သည်။

'ဟုတ်တယ်'

'ကားမအားဘူး'

ကားထဲတွင် ခရီးသည်တစ်ယောက်မှပါမလာဘဲ သူ့ရဲ့
အပြောကြောင့် နော်ဇာရှေ့ဝါ မျက်နှာထား တင်းသွား
သည်။

'ရှင့်ကားမှန်းမသိလို့ ကျွန်မသူငယ်ချင်းက တားလိုက်
တာရှင့်၊ ခုမစီးဘူးလေ'

'ကျေးဇူးတင်ပါတယ်'

သူကခပ်မာမာပြောပြီး ဖူးခနဲ မောင်းထွက်သွားသည်။

'ဘာဖြစ်တာလဲဟဲ့'

'ဘယ်တုန်းက သိနေလို့လဲ'

စုစုရီနှင့် နှင်းဆီအေးက မေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အလကားပါကွာ တစ်နေ့က နော်ဇာဘုရားက ယတြာချေပြီး အပြန်ဆုံခဲ့တာပါ'

နော်ဇာရွှေဝါက သူနှင့်တွေ့ခဲ့ပုံကို ပြောပြနေလေသည်။

'မော်တော်ကား ဖူးစာပေါ့ အဟက်'

နှင်းဆီအေးစကားကို နုနုဝေက....

'ဟုတ်တယ်၊ ကားဖူးစာပဲ'ဟု ထောက်ခံလိုက်၏။

'တော်စမ်းပါကွာ၊ သည်လိုအလိုက်ကန်းဆိုး မသိတဲ့ လူမျိုးနဲ့ မနောက်စမ်းပါနဲ့'

နော်ဇာရွှေဝါ သံပြတ်ဖြင့်ပြောလိုက်သောကြောင့် မြိုးစိစိမျက်နှာပေးဖြင့် ငြိမ်သက်သွားကြသည်။

'ဟော.... ဟိုမှာကားတစ်စီး လာပြန်ပြီ'

ဘီ ၆၀၀တစ်စီး လာရပ်ပြန်သည်။

'ဘယ်လဲညီမတို့'

'ရွှေတိဂုံ'

'ကိုးဆယ်'

'ဟင်.... များလှချည်လား'

'ဓာတ်ဆီဈေးက နှစ်ဆကျော်နေပြီမို့ပါ'

ဒရိုင်ဘာကပြောသည်။





'ခြောက်ဆယ်ရမလား'

'မရဘူး'

ကိုရွှေကားဆရာ စကားဆုံးသည်နှင့် မောင်းထွက်သွားတော့၏။

'မတရားဈေးခေါ်တဲ့ ကားဆရာပဲ'

'ဟုတ်ပါရဲ့'

နောက် ကားတစ်စီးလာနိုးဖြင့် စောင့်နေကြရပြန်သည်။

ဆယ်မိနစ်ခန့်ကြာမှ ကားတစ်စီးထပ်ပြီး ရောက်လာသည်။

'ရွှေထိဂုံသွားမလား'

ခရေက သွက်လက်စွာမေးသည်။

'သွားမယ်၊ ခြောက်ဆယ်ပါ'

သည်တစ်ခါ ဈေးအပိုမခေါ်သဖြင့် အားလုံးကားဆော့တ်ခနဲ ရောက်သွားကြ၏။

'ဗျို့.... အစ်မတို့ ရှေ့ခန်းတစ်ယောက်လာပါ၊ နောက်ခန်းမှာ ငါးယောက်တောင် မစီးပါနဲ့'

ကားဆရာ လှမ်းအော်နေသောကြောင့်....

'ဟဲ့.... နှင်းဆီ ရှေ့သွားလေ'ဟု ခရေကပြောလိုက်သည်။



www.burmeseclassic.com

ကား နောက်ပေါက်နှင့်ကပ်လျက် အစွန်ဆုံးမှာ ထိုင်နေသည့် နှင်းဆီအေးကို ပြောလိုက်ခြင်းပါ။

သို့သော် နှင်းဆီအေးက....

'ဟင့်အင်း....ငါ မထိုင်ချင်ဘူး၊ နင်သွားပါလား' ဟု ဘုပြောသည်။

'ခက်လိုက်တာ၊ ကဲ....ဖယ်၊ ငါ သွားမယ်'

ခရေ ဒေါ်နှင့် မောနှင့် ရှေ့ခန်းသို့ ရောက်သွားတော့၏။

နောက်ခန်းတွင် အားလုံး ပြုံးစေ့စေ့ ဖြစ်နေကြသည်။

ဘုရားခြေရင်းရောက်တော့ ကားပေါ်မှ ဆင်းလိုက်ကြပြီး ဓာတ်လှေကားအနီး ရောက်လာကြသည်။

'ဓာတ်လှေကား စီးရတာ ပျော်စရာ မကောင်းဘူး။ လှေကားထစ်တွေအတိုင်း တက်ရအောင်'

စုစုရီ စကားကို အားလုံး ခေါင်းခါလိုက်ကြသည်။

ဓာတ်လှေကားဖြင့် ဘုရားပေါ် ရောက်လာကြသည်။

'ငါက ဗုဒ္ဓဟူးထောင့်မှာ ရေနှံ့ပန်း သက်စေ့လှူမယ်'

နော်ဇာရွှေဝါက နှင်းဆီပန်း နှစ်ဆယ့်ငါးပွင့်ကို ဝယ်လာခဲ့ပြီး ပြောသည်။

'ငါက အင်္ဂါထောင့်မှာ လှူမယ်'





စုစုရီက ပြောသည်။

'ငါက တနင်္လာ' ခရေက ပြောသည်။

'ငါနဲ့ နှင်းဆီက စနေထောင့်မှာ ရေနဲ့ဆီမီး လှူကြမှာ' နုနုဝေက ပြောပြန်သည်။

ထို့နောက် ရင်ပြင်တော်ပေါ်တွင် လမ်းခွဲလိုက်ကြ၏။

နှင်းဆီနှင့် နုနုဝေတို့က စနေထောင့်။

စုစုရီက အင်္ဂါထောင့်။

ခရေက တနင်္လာထောင့်။

နော်ဇာရွှေဝါက ဗုဒ္ဓဟူးထောင့် အသီးသီးမှာ ရေလှူရန် ထွက်လာခဲ့ကြသည်။

နော်ဇာရွှေဝါသည် နှင်းဆီပွင့်နီများကို ကိုင်ပြီး ဗုဒ္ဓဟူးထောင့်ရှိ ကျောက်ဆင်းတုရှေ့တွင် ပျပ်ဝပ်စွာ ထိုင်လိုက်၏။ ပြီးတော့ နှင်းဆီပန်း ကပ်နေသည်။

မျက်ဝန်းနှစ်စုံကို ပိတ်ပြီး ဘုရားအာရုံပြုနေသောကြောင့် ဘေးအနီးတွင် လူတစ်ယောက် လာထိုင်လိုက်သည်ကို သတိမပြုမိပေ။

ထိုလူက အညိုရောင် ရှမ်းပုဆိုး၊ မောင်းရှပ် မီးခိုးပြာ ကိုယ်ကို ဝတ်ဆင်ထားပြီး ဆံပင်ကို သပ်ရပ်စွာ ဖြီးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွင် ရွက်လှခက်များ ကိုင်ထားသည်။

သူက ဘုရားကို အာရုံပြုနေသော်လည်း စိတ်ဝင်တစား

ရှိပုံမရ။

ဘုရားကန်တော့ရန် လက်အုပ်ချီထားရင်း နော်

ဇွဲဝါဘက် လှည့်ကြည့်တတ်သည်။

နော်ဇာရွှေဝါ ဘုရားကန်တော့ အပြီးတွင် ထိုင်

ထရပ်လိုက်၏။

သူမဘေးတွင် ဆောင့်ကြောင့်ထိုင်၍ ဘုရား ကန်

နေသူကို ရုတ်တရက် သတိမထားမိ။

နော်ဇာရွှေဝါ လက်ထဲမှ ပန်းတွေကို ဆင်းတု

နောက်ရှိ ပန်းအိုးထဲတွင် ထိုးစိုက်လိုက်သည်။

ပြီးတော့ ဆင်းတုတော်ရှေ့တွင် ရေသပ္ပါယ်ရန်ရပ်လိုက်

စောစောက ရခိုင်ပုဆိုးအညိုနှင့် လူရွယ်သည် နော်

ရွှေဝါနှင့် မျက်နှာချင်းဆိုင်လာရင်ပြီး သူပါ ရေသပ္ပာယ်

သည်။

နော်ဇာရွှေဝါ မျက်ဝန်းတွေ စုံမှိတ်ပြီး အဓိဋ္ဌာန်

ဆုတောင်းနေပြီးမှ ရေသပ္ပါယ်နေသည်။

တစ်ခွက်....

နှစ်ခွက်....

သုံးခွက်....

ဆယ်ခွက်....

ဆယ့်တစ်....





စိတ်ထဲမှ ရေရွတ်နေရင်း....

'ဟင်'

သူမရှေ့တွင်ရပ်ပြီး ခပ်ပြုံးပြုံး စိုက်ကြည့်နေသူကြောင့်

နော်ဇာရွှေဝါလက်တွေ တုံ့ခနဲ ရပ်သွားရသည်။

သူပါလား....

စောစောက တက္ကစီ မောင်းလာသည့် ကတ်သီးဆတ်သပ်

သူ။

ခုလည်း တမင် နှောင့်ယှက်ပြန်ပြီ ထင်သည်။

သူနှင့် မျက်နှာချင်း မဆိုင်လိုသော်လည်း အဓိဋ္ဌာန်

မျက်မည်စိုး၍ မိမိ သက်စေ့ပြည့်သည်အထိ ရေသပ္ပါယ်

လိုက်သည်။

ပြီးတော့ လှည့်ထွက်ခဲ့သည်။

'ရေဖိုးလေး လှူခဲ့ပါ ခင်ဗျ၊ ဗုဒ္ဓဟူး သားသမီးများ

ချန်းမာချမ်းသာ လှမ်းဖြာ၍ လိုရာဆန္ဒ ပြီးပြည့်စုံကြပါစေ'

ရေထမ်းပုံများဖြင့် ရေတိုင်ကီထဲသို့ ရေပြည့်နေသူက

လှမ်း၍ သတိပေးလိုက်မှ ရေဖိုးငွေ လှူခဲ့ရန် သတိရသည်။

'ရပါတယ် ခင်ဗျ၊ ကျုပ်တို့နှစ်ယောက်က အတူတူပဲ၊

ကျုပ် ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်လုံချည်နှင့်လူ၏ စကားကြောင့် နော်ဇာရွှေဝါ ဒေါသောင်းသွားသည်။

'ဘာ'

သူ့ဘက်လှည့်၍ ရန်တွေ့လိုက်သည်။

သူက ဂရုမစိုက်ဘဲ ငါးကျပ်တန်တစ်ရွက်ကို ရေဖြည့်နေသူအား လှမ်းပေးလိုက်၏။

'ဒီမှာရှင့် ရေ့....ယူပါ'

နော်ဇာရွှေဝါ သူမ ပိုက်ဆံအိတ်ထဲမှ ငါးကျပ်တန် တစ်ရွက်ထုတ်ပြီး ကမ်းပေးလိုက်သည်။

'ရပါပြီ အစ်မ၊ အစ်ကိုလေး ပေးပြီးပြီ'

'ကျွန်မနဲ့ အဲဒီလူ ဘာမှ မဆိုင်ဘူးရှင့်၊ ဒီမှာ ကျွန်မလှူတဲ့ ရေဖိုးငွေ'

သည်တော့မှ ရေဖြည့်နေသူက ပြုံးစေ့စေ့မျက်နှာဖြင့် လှမ်းယူလိုက်သည်။

'အဟမ်း....ရေစက် ရေစက်'

သူက နော်ဇာရွှေဝါအနီး ကပ်၍ မကြားတကြား ပြောလိုက်သည်။

'ရှင် ဘာလုပ်ါးဝတာလဲ'





'ဩော်....ရေစက်ဆိုတာ ဘုံဘိုင်လို့ပြောတာပါ ခင်ဗျ'

'ဟွန်း....မသိရင် ခက်မယ်'

'ဘုံဘိုင်မရှိတော့ ရေထမ်းပုံးတွေနဲ့ရေသွင်းကြရတာ သနားရော'

'သနားရင် ရှင် ဝင်ထမ်းလိုက်ပေါ့'

မျက်နှာထားဆိုးဆိုးဖြင့် ပြောပြီး လှည့်ထွက်လာခဲ့သည်။

'ဟော....နော်ဇာ ကြာလှချည့်လား'

နှင်းဆီဖြူနှင့် နုနုဝေတို့ အနားရောက်လာပြီး ပြောလိုက်ကြသည်။

'တောက်....ရေလှူတာတောင် အနှောင့်အသွား မသွယ်ဘူး'

နော်ဇာ ဒေါပွပွဖြင့် ပြောလိုက်မိသည်။

'ဘာဖြစ်လို့လဲ'

'ဟို...ကားဆရာကောင်ပေါ့၊ ငါနဲ့အတူ ဗုဒ္ဓဟူးထောင့်ခွာ ရေလာလှူတယ်'

'ဟင်....ဟုတ်လား'

နှစ်ယောက်လုံး အံ့ဩနေကြသည်။

'မင်းတို့က နေ့ချင်းထပ်မြင်၊ ဆိုတဲ့သူတွေ ထင်ပါရဲ့ အဟီ....



www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီအေးက နောက်သည်။

'နေချင်းထပ် ဇော်နေတဲ့လူတွေ တစ်ပုံကြီးပါ၊ ဒီကား ဆသုဆောင်လားမြတ်မှာ'

နော်ဇာ ဒေါပွပွဖြင့်ပြောသည်။

'ဟော.... ဟိုလူမဟုတ်လား'

နော်ဇာတို့ သုံးယောက်ဘေးမှ သူကဖြတ်လျှောက်သွားရင်းလှည့်ကြည့်လှည့်ကြည့် လုပ်သွားသောကြောင့် အားလုံးမှတ်မိသွားကြ၏။

'အံမယ် လူကလှချောပဲ'

'ဟုတ်ပ၊ နုထွားကြီး'

'သားနားတယ်တော့ ဟွန်း'

နှင်းဆီအေးနှင့် နုနုဝေတို့နှစ်ယောက် တစ်ယောက် တစ်ပေါက် ချီးမွမ်းနေကြသည်ကို နော်ဇာက နှာခေါင်းရှုံ့လိုက်ပြီး....

'အဲဒီရုပ်ရည်မျိုးပေါ့ ဉာဏ်မရှိတိုင်း အလုပ်ကြမ်းသမားဖြစ်သွားတတ်တာ ဆိပ်ကမ်းက ကူလီတွေဟာ ဒီရုပ်မျိုးပဲ'

ဟု နှိမ့်နှိမ့်ချချလေး ပြောလိုက်သည်။

'မေတ္တာထားတယ်လား'ဟု နှင်းဆီအေးက နောက်နေပြန်သည်။





သူငယ်ချင်းတွေ ရယ်မောပြောဆိုကြရင်း ရေကြည်တော်ဝတ်အသင်းထဲ ဝင်လာကြ၏။

ရေကြည်တော် ဝတ်အသင်းထဲတွင် စုစုရှိနှင့် ခရေတို့စောင့်နေကြသည်။

'ရေနွေးလာသောက်ကြဟေ့ တူမတို့'

အသင်းဥက္ကဋ္ဌ ဦးလေး ဦးတင်မောင်က စိတ်အေးလိုက်သည်။

နော်ဇာက အသင်းထိပ်ရှိ အလှူခံ လက်ခံသည့်နေရာရှေ့တွင် ထိုင်လိုက်ပြီး....

'လာမယ့် ဗုဒ္ဓဟူးနေ့ အာရုဏ်ဆွမ်းအတွက် ကျွန်မလှူပါရစေ'ဟု ပြောသည်။

ရွှေတိဂုံ မုခ်ဦးလေးဘက်ရှိ ဘုရားလေးဆူအား နံနက်တိုင်း အရုဏ်ဆွမ်း ကပ်လှူရန် အလှူတော့ထည့်ခြင်းဖြစ်သည်။

'ကျွန်တော်လည်း လှူပါရစေ'

နော်ဇာဖျတ်ခနဲလှည့်ကြည့်တော့ ကားဆရာ ဟိုလူချောကိုတွေ့လိုက်ရသည်။

'အို.... ကျွန်မလှူပြီးပြီရှင့်'



www.burmeseclassic.com

www.burmeseclassic.com



'အို.... အလှူပွဲဗျာ၊ ဘယ်သူလှူလှူပေါ့ ဟုတ်ဘူးလား'

'ကျွန်မက အဲ့ဒီနေ့ အရှက်ဆွမ်းအတွက် ကုန်ကျမယ့် သတ်မှတ်ငွေ အားလုံးကိုလှူမှာ'

'ကျွန်တော်လဲ'

'ဒီမှာ ရှင်ဘာဖြစ်လို့သည်လောက် နှောင့်ယှက်နေတာလဲ၊ ဘာသဘောလဲ'

ကျက်ကက်လန် ရန်တွေ့လိုက်သောကြောင့် အလှူခံ ဖြတ်ပိုင်းရေးရန် ပြင်နေသည့် ဦးလေးကြီးဘာလုပ်ရမှန်းမသိဘဲ၊

'နေကြပါဦး၊ ဦးလေးပြောမယ် ကုသိုလ်ရအောင် နှစ်ယောက်လုံး အတူတူလှူကြပါကွယ် ရပါတယ်'

ဟု ပြန်ပြောလေသည်။

'ဟုတ်ကဲ့ ခင်ဗျ'

'ဟင့်အင်း ကျွန်မ မလှူတော့ဘူး'

နော်ဇာပြောပြီး နှုတ်ခမ်းစူနေသည်။

'အလှူပွဲဗျာ၊ ဘယ်လိုပြဿနာနဲ့ လာတွေ့နေပါလိမ့်'

'ဘာရှင့်၊ ရှင်တော်တော် မိုက်ရိုင်းပါလား'

'ကျုပ်ကအလှူမှာ မပိတ်ပင်ဘူး ဘယ့်နှဲ့ အသုဒ္ဓါနလုပ်တဲ့နေရာမှာတောင် မလွတ်မလပ်နဲ့'

ဘုရားတီစာမေ



'ရှင့်ဘာသာ ကြိုက်တဲ့နေရာ သွားလှူပါလား၊ ဘာဖြစ်လို့ကျွန်မနောက် တကောက်ကောက် လိုက်နေရတာလဲ'

နော်ဇာမျှော်ါ ဒေါပေါင်းလာပြီး ပိတ်ရိုက်ချင်စိတ်ပေါက်လာသည်။

'တော်ကြပါတော့ကွယ်....လှူကြပါ။ ထဲ—ကဲ ငါ့တူမက နောက်လာမယ့် ဗုဒ္ဓဟူးနေ့အတွက် လှူနေ့်ဟုတ်လား'

'အို.... နော်ဇာက အရင်လှူတဲ့သူပဲ'

'ကျွန်တော်လည်း အရင်လှူတဲ့လူပဲ'

နော်ဇာမျှော်ါ ထိုင်ရာမှထလာခဲ့၏။

သူနှင့် ခပ်လှမ်းလှမ်းမှာရပ်ပြီး မျက်နှာ စူပုတ်ပုတ်ဖြင့် ကြည့်နေသည်။

'ကဲ....ပြန်ကြပါစို့ နော်ဇာ'

ခရေကပြောသည်။

'ဟုတ်ပါရဲ့ ဒီလူကတစ်မျိုးပဲ'

နှင်းဆီအေးကပြောသည်၊

ထိုလူက အလှူငွေထည့်ပြီး ဖြတ်ပိုင်းယူ၍ထွက်လာလေသည်။

နော်ဇာတို့ ရပ်နေသည့်အနီးမှာ လာရပ်ပြီး....

ဘုရားတီစာမေ

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... သွားလိုက်ပါဦးမယ်မမ၊ ရေလျှုတဲ့နေရာမှာလဲ အတူတူ၊ အာရုဏ်ဆွမ်းလှူပြန်တော့လဲ အတူတူ၊ မမလဲ ဗုဒ္ဓဟူးသမီးပဲ ထင်တယ်'

ခပ်ပြုံးပြုံးပြောနေသည့် သူ့မျက်နှာကို စိုက်ကြည့်ပြီး ဒေါ်ဖောင်းသွားရသူက နော်ဇာရွှေဝါပါ၊

ဖြစ်နိုင်လျှင် သူ့မျက်နှာကြီးကို လက်ပြန်ရိုက်ပစ်လိုက်ချင်ပါရဲ့၊

နော်ဇာ့ကိုများ မမတဲ့....

သူ့အရွယ်ကဖြင့် နော်ဇာထက် ငယ်မည့်ပုံမပေါ်။

အဖက်မတန်သလို မျက်နှာလေးချိုပြီး လှည့်ထွက်လာခဲ့သည်။

ပြီးတော့ အလှူငွေလက်ခံသည့် နားမှာလာထိုင်ပြီး...

'စနေနေ့ အရုဏ်ဆွမ်းအတွက် လက်ခံပေးပါဦးကြီး' ဟု ပြောလိုက်သည်။

'အေး.... ရပါတယ်ကွယ် ခုနကသူငယ်နဲ့ ဘယ်မှာသိခဲ့ကြတာလဲ'

'အဲဒါ ကားဆရာဦးကြီးရဲ့ လမ်းမှာတွေ့ဖူးကတည်းက အဆင်မပြေဖြစ်လာကြတာပါ'





'ဪ.... ဒီလိုလား'

'တနင်္ဂနွေနေ့ အရုဏ်ဆွမ်း လာမကပ်တာကြာလှပြီနော်' ဟု ဦးလေးကြီး ဦးတင်မောင်က ပြောသည်။

'ဟုတ်ပါတယ်ဦး၊ နော်တို့က သိမ်မအားလပ်ကြလို့ မနက်အရုဏ်ဆွမ်းအမီ မလာနိုင်ကြပါဘူး'

အလှူငွေဖြတ်ပိုင်းယူပြီး နှုတ်ဆက်၍ထွက်လာခဲ့ကြသည်၊

--o--



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဘုရားတန်ဆောင်း လှေကားထစ်တွေအတိုင်း ဆင်း
ခဲ့ကြသည်။

တောင်ဘက်မုခ်ကိုရောက်တော့ ကားငှားရန် ရပ်နေ
သည်။

ထိုစဉ် အငှားကားများ ရပ်ထားရာမှ လူတစ်ယော
လျှောက်လာသည်။

'ဟော.... ဟိုလူလာနေပြီ'

ဟု နုနုဝေက အထိတ်တလန့်ပြောလိုက်၏။

သူက အနားရောက်တော့....

'ဒီမှာ'ဟု ပြောသည်။





'ဘာတုန်း'

စုစုရီကအော်လိုက်သောကြောင့်သူလန့်သွားသည်။

'ကားငှားမလားလို့'

'မစီးဘူး'ဟု နော်ဇာကအော်ငေါက်လိုက်သည်။

'ခြောက်ဆယ်ပဲပေးပါ'

သူက ခပ်ပြုံးပြုံးပြောသည်။

'ဘယ်လိုလူလဲ ဒီမှာရှင်ပါးရိုက်ခံပြီး [illegible]ပေး
တောင် မစီးဘူးမှတ်'

နော်ဇာ့စကားကြောင့် မျက်မှောင် ကြုတ်သွားသည်။

'ခင်ဗျားသိပ်ရိုင်းတာပဲ တောက်'

'အရောမဝင်ချင်ဘူး သိသား'ဟု ခရေကဝင်၍ [illegible]
သည်။

'ဘယ်လိုမိန်းကလေးတွေလဲ ဘုရားပေါ်မှာ [illegible]
ရိုင်းရလား'

'ဘုရားပေါ်က ဆင်းလာခဲ့ပြီလေ၊ ဒီနေရာ[illegible]
နို့မဟုတ်ရင် ရှင့်မျက်ခွက် စုတ်ပြတ်သွားတာ [illegible]
လည်လား'

စုစုရီ၏စကားကြောင့် သူက ပခုံးတွန့်လိုက်သည်။

'အော့ကြောလန့်ပါပဲဗျာ'

'ဒေါက်ဖိနပ်တောင်းတဲ့ မျက်နှာတွေများ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



သူကမဲ့ ခဲ့ ၍ရွှဲ၍ လှည့်ထွက်သွားသည်။

'အဘော်မှုကိန္နာပြောင်တဲ့ ငတိပဲနော်'

နှင်းဆီအေးစကားကို စုစုရီက....

'ဟုတ်ပ' ဟု ထောက်ခံလိုက်၏။

ရှုတ်တရက် ကားမရသောကြောင့် ထိုလူအုပ်စုရှေ့တွင် ရပ်မနေချင်တော့ဘဲ ထွက်ခဲ့ကြတော့သည်။

'အဲဒီလူ နောက်များတွေ့ရင် ဝေးဝေးက ရှောင်နော်၊ နှင့်ကိုကြိုက်နေပုံရတယ်'

ခရေ့စကားကြောင့် ဒနော်ဇာစိတ်ဆိုးသွားသည်။

'နင်ပဲစိတ်ဝင်စား' ဟု ရန်တွေ့လိုက်သည်။

အဆောင်ပြန်ရောက်တော့ နော်ဇာရှေ့ဝါကို အားလုံးက စိုင်းရံ၍စကြနောက်ကြသည်။

'နော်ဇာ့အမျိုးသားက နွားကြီးကွ၊ ရုပ်ရှင်မင်းသား ကိုနေအောင်လိုပဲ အဟဲ'

'ဒါပေမယ့် အလွန်ဘုကျတာကလား၊ အလှူပွဲဗျာ ဘယ်လိုပြီတ္တာနဲ့ လာတွေ့နေရပါလိမ့်တဲ့ ဟက် ဟက်'

'ကဲ.... သွားလိုက်ပါဦးမယ်မမ၊ ရေလှူလဲလှူတဲ့နေရာမှာ၊ အရှက်ဆွမ်း လှူပြန်တော့လည်းအတူတူ မမလည်း ဗုဒ္ဓဟူး သမီးပဲထင်တယ် နော့'

နှင်းဆီအေးက ထိုလူ့ အမူအရာမျိုး လုပ်ပြနေသည်မို့ —

'နှင်းဆီ နင်သိချင်းမဆိုနဲ့တော့၊ ဗွီဒီယိုရိုက်လေ' ဟု စိတ်မရှည်စွာပြောလိုက်သည်။

'နော်ကူးမနဲ့ စံရွှေမြင့်ဟော့'





ဟု စုစုရီကစသည်။

'ဘယ်ကလာ စံရွှေမြင့်လဲ၊ စောမူးသာပဲဖြစ်မှာ'

နော်ကူးမဇာတ်ကားထဲမှ လူကြမ်းအောင်လွင်ကို ရည်ညွှန်းပြီးပြောလိုက်ခြင်းဖြစ်သည်။

ပြီးတော့ နားနှစ်ဘက်ကိုပိတ်ပြီး အိပ်ရာပေါ်သို့ နော်ဇာ လှဲချလိုက်သည်။

သည်လူနဲ့ပတ်သက်ပြီး မကြားပါရစေနဲ့တော့သည် —

....ဝ....



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်ထပ် ဆက်ရက်ခန့်အကြာ....
ဗိုလ်ချုပ်ဈေးသို့ ခရေနှင့်အတူ ရောက်လာခဲ့သည်။

သည်ကနေ့ စနေနေ့မို့ ဗိုလ်ချုပ်ဈေးတွင် လူ[illegible] အတော် တိုးဝှေ့နေကြသည်။

နော်ဇာနှင့်ခရေတို့၊ ပါရွှေ ရွှေဆိုင်တွင် လက်စွပ်ဝယ်[illegible] ရွေးနေကြသည်။

'သည်ပုံလေးတွေ ဆန်းတယ်လေ၊ ဒါ နောက်ဆုံးပေါ[illegible] ပေါ့'

ဆိုင်ရှင် အန်တီကြီးက သဘောကောင်းပြီး ဖော်ရွေသူ[illegible] ဖြစ်သည်။

ရွှေရည်ကောင်းပြီး အရော့အတွက်ယူတာ နည်းသော[illegible] ကြောင့် နော်ဇာတို့ ဤဆိုင်တွင် မကြာခဏလာရောက် ဝယ်[illegible] ယူဖြစ်ကြသည်။





'ဟန်းချိန်း ပုံဆန်းဆန်း ရှိသလား အန်တီ'

ကြားဖူးသလို ယောကျ်ားအသံကြောင့် နော်ဇာ မျက်[illegible]ာင်ကုပ်သွားသည်။

ဖျတ်ခနဲလှည့်ကြည့်တော့ ထင်သည့်အတိုင်းပင်။
နော်ဇာနှင့်ခရေတို့ လှည့်ထွက်ခဲ့ကြ၏။
'ဒီလူလွန်ပြီထင်တယ်'
နော်ဇာ မကျေမနပ် ပြောလိုက်၏။

'ဒါ.... တမင်လိုက်နေတာ သေချာတယ် နော်ဇာ၊ ယူ့ကို [illegible]စိတ်ဝင်စားနေပြီထင်တယ်'

'နော်ဇာသာတော့ ဖြစ်နိုင်ရင် အဲဒီလူမျက်ခွက်ကို ရွှေပ်အိ[illegible]ချော်ရည်နဲ့ပက်ချင်တာ'

ပြောပြီး နှစ်ယောက်အတူ ရယ်မောလိုက်ကြသည်။
'ကြော်.... ဘော်ဒီဝယ်ရအောင် နော်ဇာ'
'ချစ်သက်ဝေ ဘော်ဒီဆိုင်ရှိရာ လျှောက်လာခဲ့ကြသည်။

'ချစ်သက်ဝေမှာ ဘော်ဒီဝယ်ပြီးရင် မိုးမိုးအောင်ဆိုင်[illegible]ာ အင်္ကျီဝင်ရွေးရမယ်'ဟု နော်ဇာပြောသည်။

ချစ်သက်ဝေ ဘောဒီဆိုင်ရှေ့ ရောက်တော့ နှစ်ယောက်[illegible]အတူ ဘောဒီရွေးနေကြ၏။
'ဟော.... လာပြန်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒီဆိုင်အနီးမှာ မယောင်မလည်လုပ်နေသည့် ထိုဤ
ထိုနော်ဇာက....

'ဒီမှာ ရှင်လဲဝင်ရွေးဦးမလို့လား'

ဟု ရွဲ့ပြီးမေးလိုက်သည်။

သူက ခပ်ထေ့ထေ့ပြုံးရင်း...

'ခင်ဗျားတို့ကို မေးစရာရှိလို့'

'ဘာမေးမလို့လဲ'

'ဟိုတစ်နေ့က ဘုရားပေါ်မှာ ကျုပ်မျက်မှန် ကျန်ခဲ့
ကောက်ရသလားလို့'

'ရာရာစစ၊ ရှင်အတော်လွန်ပြီ ထင်တယ်'

'နောက်တွေ့ရင်ခေါ်ဗျာ၊ ကျုပ်နာမည် လွင်ဦးလွင်'

သူ ကော်င်းကောင်းမွန်မွန် နှုတ်ဆက် သွားသော်လည်း
နော်ဇာတို့လှည့်မကြည့်ကြ။

ဘောဒီဆက်ရွေးနေသည်။

ဘော်ဒီဝယ်ပြီး မိုးမိုးအောင် အင်္ကျီဆိုင်မှာ အင်္ကျီဝယ်
ကြသည်။

ပြီးတော့ ဗိုလ်ချုပ်ဈေး တစ်ပတ်ပတ်ပြီး ထွက်ခဲ့ကြ
ကားငှားရန် ကားများရပ်ထားရာသို့ ရောက်တော့...

'ဟော.... မမတို့ပြန်ကြတော့မလား'

ဟု လွင်ဦးလွင်က နှုတ်ဆက်သည်။

'ဘာမမလဲ၊ ရှင့်အရွယ် သေကာနီးကြီးနဲ့'ဟု နော်
ရန်တွေ့သည်။





'မမ ခေါ်တာမကြိုက်ရင် အန်တီတို့ပေါ့ဗျာ၊ ကဲ...
အန်တီတို့ကားငှားမလို့လား'

'ရှင် မီမိုရီ (memory)မကောင်းဘူးထင်တယ်၊ ပြော
ပြီးပြီမဟုတ်လား၊ ရှင့်ပါးအရိုက်ခံပြီး အလကားလိုက်ပို့
တောင်မစီးဘူးလို့'

နော်ဇာ အသံခပ်တိုးတိုးဖြင့် ပြောပြီး လှည့်ထွက်ခဲ့၏။

'ဘယ်လိုပြန်မှာလဲဗျ'

'ခြေထောက်ရှိတယ်'ဟု ခရေကပြောသည်။

'နေရာတိုင်းမှာ သူ့မျက်နှာဆိုတာ ဒီမျက်နှာပဲနော်
ခရေ'

'ဖူးစာရှင်ဆိုတာ ဒါမျိုးပေါ့'

'ခရေ့ ဖူးစာရှင်ဖြစ်မယ်'

'အမယ် နော်ဇာ့ကိုသဘောကျပြီး လိုက်နေတာမှား
သားနားတယ်နော်'

'တော်စမ်းပါ၊ ဒီရုပ်မျိုး တောသူကြီးရုပ်'

'ဒီလောက်သားနားတဲ့ လူကိုများ၊ မတရားမပြောနဲ့သေ'

'တော်ကွာ၊ သူ့အကြောင်းမပြောကြေး'

နော်ဇာပြောပြီး နှုတ်ခမ်းစူပစ်လိုက်သည်။

....ဝ....



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

'သုခိတာဆေးခန်း'

ရွှေတောင်တန်းလမ်းထိပ်ရှိ သုခိတာဆေးခန်းတွင် ယနေ့ညနေမှစ၍ နော်ဇာရွှေဝါ အလုပ်ဆင်းသည်။

အားလပ်ချိန်တွင် အပြင်ဆေးခန်းမှာ အလုပ်ဝင်ခြင်းဖြစ်သည်။

နော်ဇာရွှေဝါတို့ ဆေးခန်းသည် အထွေထွေရောဂါကုသမားတော် ဒေါက်တာ ဦးဝင်းချို တစ်ဦးတည်းထိုင်သည့် ဆေးခန်းဖြစ်သောကြောင့် လူနာရှင်းသည်။

အထူးကု ဆရာဝန်ကြီးတွေ အများစုပြီး ထိုင်ကြသည့် ဆေးခန်းတွေလို လူမများပေ။

နော်ဇာရွှေဝါ လူနာလက်ခံသည့် စားပွဲအနီးတွင်ရပ်နေသည်။

သူမပုံစံလေးက သူနာပြုဆရာမဝတ်စုံလေးဖြင့် နူးညံ့နေ၏။





ထဘီအနီ ရင်ဖုံးအင်္ကျီဖြူလက်စကနှင့် ဆံထုံးထုံးပြီး ကက်ထုပ်ထောင်းထားသည်။

အင်္ကျီရင်ဖုံးတွင် ရွှေရောင်ပတ်ကား ဘောင်တံဒိန်းလေးကို ချိတ်ထားပြီး လက်တွင် အနက်ရောင် သည်ကြိုးတပ် ရောင်နာရီကို ဝတ်ထား၏။

ထိုစဉ် ဆေးခန်းထဲသို့ လူတစ်ယောက်ဝင်လာ၏။

ခြေထောက်ထော့နဲ့နဲ့ဖြင့် ဝင်လာခြင်းပါ။

သူက နော်ဇာရွှေဝါကို ရုတ်တရက်မမြင်။

နော်ဇာရွှေဝါက သူ့ကိုမြင်သည်။

ဆေးခန်းထဲရောက်တော့ သူအံ့ဩနေလေသည်။

'ဩော်... ဆရာမ အဟဲ'

'ဘာဖြစ်လာပြန်ပြီလဲ'

'ခြေမသံစူးလို့'

'ဟုတ်လား ဒီဆေးခန်းမှာ အေအိုင်ဒီအက်စ် ရောဂါသည်တွေပဲ လက်ခံတာ'

စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်သည်။

'ဟာဗျာ၊ ကျွန်တော်တကယ် သံစူးလာတာပါ'

'သံစူးရင် ဘာမီတွန့်သောက် ပျောက်တယ်၊ ဒီဆေးခန်းအပရိက လူနာတွေလက်မခံဘူး'

အမြင်ကပ်ကပ်ဖြင့် ဆီး၍ဟောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သကြၤန်သံချပ်တွေထဲက အပေါက်ဆိုးဆိုး သူနာပြုဆရာ မျိုးတို့ သက်တွေမြင်ဘူးပြီဗျာ'

'ရှင်— ဘာပြောတာလဲ'

'ဪ... လူနာအသက် ထွက်ကာနီး ဆေးပုလင်း ခေါင်းကိုခေါက်ပြီး သတ်တဲ့ဆရာမမျိုးလားလို့'

'တော်'

'အနာကသိပ်ကိုက်တာပဲ၊ လက်စသပ်တော့ ခင်ဗျား နာ့စ်ကိုး'

'ရှင်.... ခုမှသိသလား'

'ဟုတ်ကဲ့'

'မယုံဘူး၊ ကျွန်မရှိတဲ့ဆေးခန်းကို တမင်အကြောင်း ပြီးလာတာမဟုတ်လား'

'မဟုတ်ရပါဘူးဗျာ'

'ရှင့်လိုပေါကြောင်ကြောင် လူနာမျိုး လက်မခံနိုင်ဘူး'

'လက်မခံလဲနေဗျာ၊ ကျွန်တော်လာပြတာ ဦးဝင်းချို ခင်ဗျားကဘာလဲ၊ ဒီဆေးခန်းပိုင်ရှင်လား'

'ဟုတ်တယ်'

'ခက်လိုက်တာဗျာ၊ အင်း.... အနာကနာလှပြီ အ

နော်ဇာက မကြားဟန်ပြုပြီး မျက်နှာလွှဲထားသ လူနာလက်ခံစာရင်းရေးနေသည့် ဒေါ်သူသွယ်က နော်ဇာ တစ်လှည့် သူ့ကိုတစ်လှည့်ကြည့်ပြီး ပြုံးနေသည်။





'အမလေး.... နာလိုက်တာ၊ ကျွန်တော့် ခြေထောက် သက်သာအောင် လုပ်ပါဦး ဆရာမရယ်'

'လွယ်ပါတယ်ရှင်၊ ခြေမကို ဖြတ်ပစ်လိုက်ရင် ချက်ချင်း သက်သာသွားမှာ' ဟု တမင်ပြောလိုက်သည်။

'ရက်စက်တော့မှာလား၊ အနာသက်သာအောင် ဆေး တစ်လုံးလောက် ထိုးပေးပါလား ဆရာမ'

'ငယ်ထိပ်ထိုးတဲ့ ဆေးပဲရှိတယ်'

'မြတ်စွာဘုရား ဘယ်လိုဆေးခန်းလဲဗျာ၊ ကြောက်စရာ ကြီး'

ထိုစဉ် ဆရာဝန်ကြီး ဦးဝင်းချို ဆေးခန်းထဲဝင်လာသော ကြောင့် နော်ဇာမျက်နှာလေး ပြုံးသွားသည်။

'လုပ်ပါဦး ဆရာရယ်၊ ကျွန်တော့် ငယ်ထိပ် ဆေးထိုး မလို့တဲ့'

ဆရာဝန်ကြီးနားကပ်ပြီး တမင်ပြောလိုက်ခြင်းဖြစ်သည်။ ဒါကိုနော်ဇာ နားလည်သည်မို့ မျက်နှာထားခြင်းကြည့် လိုက်၏။

'ဘာဖြစ်လို့လဲမောင်ရင် လာလေ'

ဆရာဝန်ကြီးက သူ့အခန်းထဲသို့ ခေါ်ဆောင်သွားပြီး အကျိုးအကြောင်းမေးနေသည်။

'အေတီတီထိုးရမယ်၊ ဆရာမခဏလာပါ'

နော်ဇာရွှေဝါ အခန်းထဲဝင်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ဆရာ'

'လူနာကို အဆေးတိုး ထိုးပေးခဲ့မယ်၊ သုံးဆူးတဲ့အနာက အတော်ကျောင်းနေတာ၊ ဆေးထည့်ပေးလိုက်ပါ'

'ဟုတ်ကဲ့၊ ဟိုဘက်ခန်းကိုလိုက်ခဲ့ပါ'

မေ်းသပ်ခန်းနှင့်တွဲလျက်အခန်းလေးသို့ခေါ်လာခဲ့ပြီး ဆေးထိုးမြန်ထဲသို့ ဆေးစုပ်ယူလိုက်၏။

'ကဲ… ခုတင်ပေါ်လှဲပေးပါ'

သူကခုတင်ပေါ်လှဲချလိုက်သည်။

'အပ်ကသန့်ရဲ့လားဗျာ၊ တော်ကြာ အေအိုင်ဒီအက်စ်ကူးမှဖြင့်…'

ဟု စိုးရိမ်စွာဖြင့်ပြောသည်။

'ဒါ… တစ်ခါသုံးအပ်ရှင့်၊ လူကောင်ကြီးသလောက် ကြောက်အီးပါတဲ့လူပဲ'

'ဖြည်းဖြည်းနော် ဆရာမ'

'စိတ်ချ၊ အပ်ကျိုးအောင်လုပ်မှာ'

နော်ဇာ ခပ်တည်တည်ပြောလိုက်၍ သူမျက်လုံးပြူးသွားသည်။

'ရှင့်အနာ ဆေးထည့်မယ်'

ဆေးထိုးပေးပြီး သူ့ခြေမမှအနာကို ပတ်တီးဖြေလိုက်သည်။





'အား ပါးပါး နာတယ်ဗျ'

အနာကိုခပ်ကြမ်းကြမ်း ကိုင်လိုက်သောကြောင့် ရှုံ့မဲ့သွားသည်။

အနာပတ်တီးဖြေပြီး အရက်ပြန်ဖြင့်ဆေး၍ ဆေးထည့်လိုက်သည်။

'အား… ကျွတ် ကျွတ်'

သူ ရှုံ့မဲ့စွာညည်းနေသည်။

'အတော် သူရဲဘောကြောင်တဲ့လူပဲ'

နော်ဇာ ချီးမွမ်းထောပနာပြုလိုက်၏။ ပြီးတော့ဆရာဝန်ရေးပေးလိုက်သည့် ဆေးတွေကိုပေးသည်။

'ဒါ… တစ်နေ့သုံးကြိမ်သောက်ပါ'

'ဟုတ်ကဲ့'

'သွားနိုင်ပြီ'

'ကားမမောင်းနိုင်လို့ သူငယ်ချင်းလိုက်ပို့ခိုင်းရအောင်အဖေ… ပြန်ပါဦးမယ်'

'ကောင်းပြီ'

'ဖုန်းနံပါတ်ရှိလား'

'ဘာလဲ'

'ဆရာမ အဆောင်ဖုန်း'

'သေခါနီးနေတာတောင် နှာကြွတုန်းပဲလား၊ ရှင့်ရောဂါ အသက်နဲ့နီးတယ်'

ဟုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆေးဝါးသည်းလာရင် အရေးတကြီး ဖုန်းဆက်ခေါ်မလို့ပါ'

'ဆရာဝန် ပင့်ဖို့လား'

'နှာစ်ပင့်ချင်လို့'

'ဘယ်တော့မှမလာဘူး စိတ်ချ'

'ကျွန်တော့်ကို ဘာဖြစ်လို့ အခြောက်တိုက် မုန်းနေရတာလဲ'

'မသိဘူး'

'ပြန်မယ်နော် ဆရာမ'

နော်ဇာရွှေဝါ သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲပစ်လိုက်သည်။

သူ ဆေးခန်းအပြင်ဘက်ရောက်တော့ ကသောကမြောလှမ်းခေါ်လိုက်ရ၏။

'ဒီမှာ ကိုပြင်ဦးလွင်'

သူလှည့်ကြည့်သည်။

'ကျွန်တော့် ခေါ်တာလား'

'ဟုတ်တယ်၊ ဒီမှာ ရှင့်မျက်မှန်ကျန်ခဲ့တယ်'

ဘယ်ကဘယ်လို ကျန်ခဲ့မှန်း မသိသည့်မျက်မှန်ကို လှမ်းပေးလိုက်ရသည်။

'ကျေးဇူး'

'မလိုပါဘူး'

'ဆေးခန်းက ဘယ်အချိန်ပိတ်လဲ'

'မသိဘူး၊ လျှာရှည်လိုက်တာရှင်'





'ကျွန်တော့်နာမည်ပြင်ဦးလွင်မဟုတ်ဘူး၊လွင်ဦးလွင်ပါ'

'ဟုတ်ကဲ့၊ ကိုဖင်ဦးလွင်'

'ဟာဗျာ'

သူရယ်မောပြီး ဆေးခန်းထဲမှ ထွက်သွားသည်။

သူ့ကိုနော်ဇာ စိတ်မဆိုးတော့ပေ။

တစ်ယောက်တည်း ရယ်မောပြီး ကျန်ရစ်ခဲ့သည်။

'ဒီလူနဲ့ဆရာမနဲ့ ဘယ်မှာသိခဲ့ဖူးလို့လဲ'

ဒေါ်လှသွယ်က ပြုံးနေရာမှမေး၏။

'အလကားပါ ဘုဘောက်ကျရင်း သိနေတာ'

'လူချောပဲနော် နူထွားကြီး'

'ဆန်မရှိ အစားကြီးတဲ့ ရုပ်မျိုးပါ'

ဟု နှိုပ်နှိုပ်ကွပ်ကွပ်လေး ပြောလိုက်မိ၏။

လူနာတွေ အဆက်မပြတ် ရောက်လာကြသောကြောင့် ဘားပြတ်သွားကြသည်။

....o....



www.burmeseclassic.com

## အခန်း (၆)

နောက်တစ်နေ့ည....

အဆောင်မှာ အနားယူရင်း ဝတ္ထုဖတ်နေစဉ်....

'နော်ဇာဖုန်း'

အဆောင်ပိုင်ရှင် ဒေါ်စိန်ဘွင့် (အများအခေါ် ဒေါ်
ကြီးကျယ်) ရောက်လာပြီး ပြောလိုက်သောကြောင့် နော်ဇ
အခန်းထဲမှ ထွက်လာခဲ့သည်။

'ဟာလို...'

'သူနာပြုဆရာမ ဒေါ်နော်ဇာရွှေဝါ ရှိပါသလား'

'ဟုတ်ကဲ့၊ နော်ဇာ စကားပြောနေပါတယ် ဘယ်
ပါလဲရှင်'

'အမလေး၊ ရှင်ထဲအေးသွားတာပဲဗျာ'

'ဩော်.... ရှင်ကိုး၊ ဘာကိစ္စလဲ'





'သတိရလို့ ဖုန်းဆက်လိုက်တာပါ ဒေါ်နော်ဇာ'

'ရှင်က ကျွန်မနာမည် သိနေပြီကိုး'

'ခုနကပဲ အဆောင်ပိုင်ရှင်ကို မေးလိုက်တာပါ၊ ဘုရားမှာ ငွေလှူတုန်းကလဲ ခင်ဗျားနာမည်ကို နော်ဇာဆိုပြီး ရုတ်တရက် ပြောခဲ့သေးတယ်လေ'

'မသိဘူး'

ဟု နော်ဇာ အော်ပစ်လိုက်၏။

'ဒေါ်သမကြီးပါနဲ့ ဆရာမရယ်၊ ကျွန်တော်က ခင်မင်ချင်လွန်းလို့ပါ'

'ရှင့်ကိုမုန်းထယ်ရှင့်'

'အမုန်းရှိနိုးဟာ အချစ်တဲ့ဗျ'

'ကာလနာ မြွေပွေးကိုက်'

'ဟာ.... နှုတ်ခမ်းလှလှလေးတွေကလဲ ကျိန်ဆဲတတ်တယ် နော်'

'မျက်နှာရှူး၊ နှာဘူး၊ ဖင်ဦးလှင် ငါ့ဆီဘယ်တော့မှ ဖုန်းမဆက်နဲ့ ထွ....'

ဒေါ်နှင့်မောနှင့်ပြောပြီး ဖုန်းချလိုက်သည်။

'ဘယ်သူဆက်တာလဲ'ဟု ဒေါ်စိန်ဘွင့် အကဲခတ်ရင်း မေးသည်။

'အလကားပါ စိတ်မနှံ့တဲ့ လူထင်ပါရဲ့'ဟု စွတ်ပြောပြီး အခန်းရှိရာ ပြန်လာခဲ့သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကဖုန်းလဲ၊ ဒေါက်တာ ညို့ချောလှုဆီကလား'

နော်ဇာ့ကို ပိုးပန်းနေသည့် ညို့ချောလှုဆီက ဖုန်းလား ဟု စုစုရီကဆီး၍မေးသည်။

'မဟုတ်ဘူး'

'ဒါဖြင့် အရှိုးကုသမားတော် စိုင်းနေဝင်းလား'

'ဟာ....ဘယ်ကဟုတ်ရမှာလဲ'

နော်ဇာ စိတ်တိုစွာဖြေသည်၊

'ဒါဖြင့် ဘယ်ကဖုန်းလဲပြော'

'ဖင်ဦးလွင်ဟေ့ သိပြီလား'

'ဪ.... လွင်ဦးလွင်ကိုး'

ဟု ခရေကပြောတော့မှ အားလုံးဝိုင်းရယ်ကြသည်။

'မိတ်ဆွေဟောင်းကြီးဆီကကိုး၊ ဘာတဲ့လဲဟင်'

'ဖင်မှာ အနာပေါက်လို့တဲ့'

'သွေးစုနာထင်တယ်'

'အေအိုင်ဒီအက်စ် မီးလောင်ဖုပါဟ'

တစ်ယောက် တစ်ပေါက် ပြောနေကြသည်ကို နော်ဇာက လက်ဝါးကာရင်း....

'မဟုတ်ဘူးကွ.... ခွေးရူးပြန်လို့ နာ့စ်ငှားတာ'ဟု ပြော လိုက်သည်။





'မေတ္တာထားတယ်လား'ဟု နှင်းဆီအေးကနောက်တော့၊ ...ဇာက....

'မေတ္တာတိုးတာဟေ့'ဟု ပြောသည်။

'သတိထားနော်၊ မုန်းလွန်းရင် ဖူးစာဆုံတတ်တယ်'

...ရေ့စကားကြောင့် နော်ဇာက၊ ပျာပျာသလဲ အခုအရာ ...

...ယဲ့.... လဲ့ပါစေ ဖယ်ပါစေ'

...ု ပြောလိုက်သည်။

'အရပ်မြင့်မြင့် ဗလကောင်းကောင်း၊ သန့်မာ ထွား ...းတဲ့ အမျိုးသားမှ ရွေးမှာဆို....

နော်ဇာပြင်းလိုက်သည်။

'အဲ့ယ်.... သူ့ပဲ့နူထွားကြီးမှ ကြိုက်တယ်ဆိုပြီး အဟိ' ...တော်စမ်းပါ ဆန်မရှိအစားကြီးတဲ့လူမျိုး စိတ်မဝင်စား ...ဒေါက်'

...င်းကဘယ်လိုလူမှ ကြိုက်မှာလဲ၊ စပ်စုတို့လို ပုပုသေး ...သား'

...ု စုစုရီက နောက်နေပြန်သဖြင့်....

...ဲ.... စပ်စုကို နှင်ပဲ့ယူ'ဟု အော်ပြီး အခန်းထဲမှ ထွက် ...တော့၏။

...န့်တာမှာ တစ်ယောက်တည်း ရပ်နေရင်း....



www.burmeseclassic.com

www.burmeseclassic.com

အင်း__ ဒီလူ့ကြောင့်တော့ ခက်ပါတယ်၊ နေ့ဘက်နေ...
အငယ်ချင်းတွေကို သူ့အကြောင်းမပြောဘဲ နေမှဖြစ်မ...
တူ သွားနေမိ၏။

✱ အမုန်းရဲ့နိဂုံးဟာ အချစ်တဲ့ဗျ ဆိုသည့်အသံကို ...
ယောင်မိပြန်တော့ နှုတ်ခမ်းကိုကိုက်လိုက်မိသည်။

...-...



## အခန်း (၃)

သုံးရက်မြောက်နေ့တွင် သုခိတာဆေးခန်းကို လှုင်ဦးလှိုင် ရောက်လာသေးသည်။

နော်ဇာက သူ့ကို မြင်တော့ မျက်နှာထား တင်း ...၏။

'ဆရာမ'

'ဘာတုန်း'

'အမလေး....ညင်ညင်သာသာ ထူးပါဗျာ၊ လူနာအသက် ...ပါ့မယ်'

'သေ အောင်တာပဲ'

'အနာလာဖြန့်ပြတာ'

'ကောင်းသွားပြီမဟုတ်လား၊ ပုရွက်ဆိတ်ကိုက်သလောက် ...ကိုများ လာပြန့်ပြရတယ်လို့ ဟွန့်'



www.burmeseclassic.com

www.burmeseclassic.com



တမင်အျိုးချိုးနှိမ်နှိမ် ပြောလိုက်ခြင်းပါ။

'အကြောင်းရာတရား ခေါင်းပါးလှချည်လားဗျာ'

'ဟုတ်တာပေါ့'

'ဆေးရုံကြီးမှာ ဆရာမတာဝန်ကျတဲ့ ဖဝ်ကလူနာ... တော့ လန့်ဖျပ်ပြီး အလောင်းချင်း ထပ်နေမှာပဲနော်'

'ရှင် ပေါက်ကရတွေ ပြောမနေနဲ့၊ ရှင့်အနာ ဆရာ... လာမှုပြ'

'ဆရာမ ကြည့်ပေးပါလား'

နော်ဇာ သက်ပြင်းချလိုက်မိသည်။

ဘယ်လိုလူစားမျိုးပါလိမ့်။

မျက်နှာပြောင်လိုက်တာ လွန်ပါရော။

ဒေါ်လှသွယ်က သူ့ကိုခပ်ပြုံးပြုံးကြည့်ပြီး....

'ဒီဆေးခန်းက ဆရာဝန်က အတွေ့တွေ့ရောဂါကု သ... တော်လေ၊ သံစူးတဲ့လူနာမျိုး လှက်ခံကုပေးတာ အားနာ... ရှင့်....'

'အတွေ့တွေ့ရောဂါထဲမှာ သံစူးတဲ့ရောဂါလဲ ပါတာ... ဗျ.... ဟုတ်ဘူးလား'

'မှန်တာပေါ့ဗျာ.... သံစူးတာမျိုးက အခန့်မ... ရင် မေးခိုင်ပိုးတောင် ဝင်တတ်တာဆိုတော့ ဂရုစိုက်... တယ်'

ဆရာဝန်ကြီး ဦးဝင်းချိုဆေးခန်းသဲ ဝင်လာပြီး ... လိုက်သောကြောင့် လှင်ဦးလှင် အားရကျေနပ်သွားသ...





'ကဲလာ.... ခင်ဗျား အနာသက်သာသွားပြီလား'

သူက ဆရာဝန်ကြီးနောက်မှ လိုက်သွားသည်။ ဒေါက်တာ ဦးဝင်းချိုက သူ့အနာကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

'စိုးရိမ်စရာမရှိတော့ပါဘူး၊ နောက်ထပ်ဆေးခန်း လာစရာမလိုတော့ပါဘူး ခင်ဗျ'

'ကျေးဇူးတင်ပါတယ်ဆရာ'

သူ စမ်းသပ်ခန်းထဲမှ ပြန်ထွက်လာသည်။

'ဆရာမ'

'ဆို....'

'လက်ဆောင်ပေးချင်လို့'

'ဘာ'

'ဒါလေးလက်ခံပါ'

အကောင်းစား မက် (စ်) ဖက်တာ (Max Factor) နှုတ်ခမ်းနီတောင့်ခလေးကို လှမ်းပေးနေသောကြောင့် နော်ဇာ ဒေါပေါင်းသွားပြီး....

'ဒါ.... ဘာသဘောလဲ' ဟု မေးလိုက်သည်။

'ကျွန်တော့် လက်ဆောင်'

'လူကို ရှင့်ရည်းစားများ မှတ်နေလား၊ သွားစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



အသံခပ်တိုးတိုးဖြင့် မေးထုတ်လိုက်သည်။

မျက်နှာမရှ၊ ဖနောင့်သွားသော အဖြစ်ကြောင့် သူ့မျက်နှာကြီး နီမြန်းသွားရသည် မဟုတ်ပါလား။

'ယူပါဗျာ၊ စေတနာနဲ့'

'မယူဘူး၊ ဘယ်သူပေးတဲ့ ပစ္စည်းမှ အလကားမယူတတ်ဘူးရှင့်'

ဟု ခပ်စွာစွာပြောလိုက်၏။

'အလကားမယူရင် ဆယ်ပြားနှဝယ်ဗျာ'

'အံမယ် လာ— လာ... ချည်သေး၊ ဆယ်ပြားစေ့ ဘယ်မှာရှာရမှာလဲ'

'ဒါဖြင့် တစ်ကျပ်နဲ့ဝယ်'

'ရှင်နော်... ပေါကြောင်ကြောင် လာမလုပ်နဲ့၊ စိတ်ရောဂါကုဆေးရုံ ပို့လိုက်ရမလား ပြော'

ဒေါက်တာ ဦးဝင်းချို သူ့အခန်းထဲမှ ထွက်လာသောကြောင့် လွင်ဦးလွင် ဘာမှဆက်မပြောဝံ့တော့ဘဲ လှည့်ထွက်သွားသည်။

'ဆရာဝန်ကြီးက ရယ်မောရင်း....

'သည်လူ့ကြည့်ရတာ ပျော်တတ်တယ်ထင်ပါရဲ့ ဆရာမရယ်' ဟုပြောသည်။

'ပေါကြောင်ကြောင်ပါ၊ မုန်းတယ်'

ဟု နော်ဇာပြောလိုက်သည်။

'မုန်းလွန်းရင် မကောင်းဘူးနော့'





ဟု ဒေါ်လှသွယ်နောက်နေသဖြင့် နော်ဇာနှုတ်ခမ်းစူသွားသည်။

'လူကလူချောပဲဗျ'

ဦးဝင်းချို ချီးမွမ်းနေသည်။

လာပြန်ပြီတစ်ယောက်ဟု နော်ဇာဒေါပွသဖြင့် တွေးနေမိသည်။

သည်လူ့ကို မြင်သမျှအားလုံးက လူချောလို့ချင်း ပြောနေကြတာပဲ....

ဘာများ သည်လောက်လှလို့လဲ။

နော်ဇာဖြင့် ကြည့်လို့ကိုမရဘူး....

မကျေမနပ် ရင်ထဲမှာပြောနေမိသည်။

....ဝ....



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

'နော်ဇာရ နော်ဇာ'

နှင်းဆီအေး၏ အသံစာစာလေးကြောင့် နော်ဇာ သည်
ခါးလိမ်းနေရာမှ လှည့်ကြည့်လိုက်သည်။

'ဘာလဲနှင်းဆီ'

နှင်းဆီက အပြင်မှပြန်လာခြင်းပါ။

လက်ကိုင်အိတ်လေးကို မွေ့ရာပေါ်သို့ ဟန်ပါပါ ပစ်
တင်လိုက်ပြီး....

'နော်ဇာ့ဘော်ဒါကြီးနဲ့ တွေ့လာတယ်သိလား'

'ဘယ်သူနဲ့လဲ'

'လွှင်ဦးလွှင်လေ'





'မကြားချင်ဘူး'

'ဩော်... ပြောတာကို နားထောင်ပါဦး၊ ဒီကနေ့
အေးတို့ညီခံတဲ့ မင်္ဂလာပွဲကို သူရောက်လာတယ်ကွ၊ သတို့
သားနဲ့ သူငယ်ချင်းတဲ့'

'အဲဒါဘာဆန်းသလဲ'

'ဒီလို ဒီလို.... အင်းလျားလမ်းကန်ခြံမှာပဲ ညီခံပွဲလုပ်ကြ
တာလေ၊ သူရောက်လာတော့ သတို့သား ကိုချစ်သန်းက
အေးနဲ့သူ့ကို မိတ်ဆက်ပေးတယ်'

နော်ဇာမကြားသလို လုပ်နေသည်။

'သတို့သားနဲ့ရော သတို့သမီး မယဉ်အေးနဲ့ပါ သူက စိမ်း
ဘက်ချိတွေတဲ့ ပျော်တတ်နောက်တတ်တာကလဲ့ရှင်လူချောင်း
တစ်ယောက်တဲ့'

'ဟုတ်ရဲ့လား'

'ဩော် ကိုချစ်သန်းက သေချာမိတ်ဆက်ပေးတာပါဆို'

'ပြီးတော့ သူ့မောင်းတဲ့ကားက ကိုယ်ပိုင်ထရှုစီတဲ့ကွ'

'နော်ဇာသူ့ကို ဘာလို့ဒီလောက် မုန်းနေတာလဲ'

'မုန်းလို့ပေါ့'

'သူက နော်ဇာ့ကို ချစ်နေတာတဲ့'

'ဘာ'

'နော်ဇာ့အကြောင်းတွေ မေးတာ စုံနေတာပဲတဲ့'

'အေးကပြောခဲ့သလား'

'ပြောပြခဲ့တာပေါ့'

'ဘာဖြစ်လို့ပြောရတာလဲ အေးရယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူမေးလို့ပေါ့'

'နှောင်ဘာမေးမေး မပြောနဲ့'

'စိတ်ချ အားလုံးပြောခဲ့ပြီ'

နှောင်ဇာကစိတ်ဆိုးသွားသလို နှင်းဆီအေးကို မျက်စောင်းထိုးလိုက်သည်။

—၀—



## အခန်း(၉)

မာလာဝေဖြာ အဆောင်ရှေ့ရှိ ပိတောက်ပင်ရိပ်တွင် လှုရှယ်ငါးယောက်စုရှ ထိုင်နေကြပြီး ဂစ်တာကြိုး ညှိနေကြ၏။

ညဆယ်နာရီခွဲအချိန်ရှိပြီ ဖြစ်သောကြောင့် အဆောင်သူတွေအားလုံး တိတ်ဆိတ်နေကြပြီ။

အိပ်မောကျသူကကျ။

စာဖတ်သူကဖတ်။

နဖူးပေါ်လက်တင်ပြီး စဉ်းစားခန်းဝင်သူကဝင်ဖြင့် တိတ်ဆိတ်ငြိမ်သက်နေကြသည်။

ထိုစဉ် အဆောင်ရှေ့တွင် လှုရှယ်ငါးယောက် အလှုပ်ရှုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လှင်ဦးလှင်တို့ သူငယ်ချင်းတစ်စုရယ်ပါ။

စင်းသွင်က သူ့အသံကျယ်ကျယ်ကို ထိန်းပြီး ကြေညာလိုက်သည်။

'မွာလာဝေဖြာမှ နေကြတဲ့အန်တီ၊ မမ၊ ညီမလေးများအားလုံးအတွက် ယနေ့ည ကျွန်တော်တို့အဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေပါမယ်၊ တေးသီချင်းများ မသီဆိုမီ သီချင်း မေတ္တာလက်ဆောင် ပေးသူများကို ကြေညာပါမယ်ခင်ဗျား'

မကြားရတာ ကြာပြီဖြစ်သည့် သီချင်းဆိုသံကို အဆောင်သူအချို့ နားစွင့်နေကြသည်။

'ပထမဆုံးဖျော်ဖြေမယ့် သီချင်းက စိုးသူရဲ့ ဇာတ်ညွှန်းပါပဲ၊ မေတ္တာလက်ဆောင် ပေးပို့သူများကတော့ ဂျပန်ရောက် ကိုရေမွေးက ကန့်တော်လေးမှ နှင်းဆီအေးအတွက်ပါတဲ့'

ကြေညာသံကြောင့် နော်ဇာတို့အုပ်စု ခေါင်းထောင်သွားကြရသည်မဟုတ်ပါလား။

'ဟိုး... ကာလနာတွေထင်တယ်'

ဟု ခရေက မေတ္တာပို့သည်။





'ဟုတ်တယ်'

ဝေဖန်ရင်း နားစွင့်နေကြသည်။

'သည်သီချင်း မေတ္တာလက်ဆောင် ပေးပို့သူတွေကို ဆက်ကြေညာပါမယ်၊ 'အဟင်း....မန္တလေးမှ ပုလုအေးက မိတ္ထီလာမှချိတ်ထဘီပြာအတွက်'

* အားလုံးပြုံးသွားကြသည်။
* ရန်ကုန်မှ ဥာဏ်ပုံက တွံတေးမှ မခွေးအတွက်—
* မော်လမြိုင်မှ မင်းသက်ခိုင်က သန်လျင်ရောက် စိန်ပေါက်ပေါက်အတွက်....

* အမေရိကားရောက် စိန်အိုးစည်က ကမ္ဘောဇမှ စုစုရီအတွက်....

'သေချင်းဆိုးတွေ'

စုစုရီ၏ မေတ္တာပို့သံကို ကြားရသည်။

* စက်ပူရောက် ကိုလေပွေက ရေနံမြေခရေအတွက်—

* ယိုးဒယားမှ ဖိုးသကြားက မြစ်ကြီးနားမှ ချစ်ထီးမယားအတွက်....

* အင်္ဂလန်ရောက် သံချောင်းက ပန်းတောင်းမှ ခင်ကံကောင်းအတွက်....



www.burmeseclassic.com

www.burmeseclassic.com



'အမသေးဟဲ... မေတ္တာ လက်ဆောင်ပေးတဲ့ လူတွေ
အားလုံးထဲ နိုင်ငံခြားရောက် တွေ့ချည်းပါလား'

ဟု နှင်းဆီအေးက မဲ့မဲ့ရွဲ့ရွဲ့ ဝေဖန်သည်။

'နိုင်ငံခြား အားလုံးရောက်ကုန်ပြီဟဲ့၊ ဒီမှာလူရွယ်တွေ
တွေ့နိုင်တော့တာ' ဟု နော်ဇာကရွဲပြောသည်။

✱ စစ်တွေမှ နုနုဝေက ပတ္တမြားမြေမှ ရွှတ်ထေအတွက်
'တောက်... ပါးဆွဲချချင်လိုက်တာ' ဟု နုနုဝေက
လက်စ ဝတ္ထုစာအုပ်ကို ပစ်ချပြီးပြောသည်။

✱ အဟမ်း... ပြင်ဦးလွင်မှ လွင်ဦးလွင်ကမာလာဝေဖြ
နော်ဇာရွှေဝါအတွက် မေတ္တာလက်ဆောင် ပေးလိုက်
သီချင်းကတော့ စိုးသူရဲ့ ဇာတ်ညွှန်းပါတဲ့ ခင်ဗျား၊ သီ
မယ့်သူကတော့ လွင်ဦးလွင်ပါဂဲ'

လွင်ဦးလွင်၏အသံကို ကြားရသည်။

သူ့အသံက နားထောင်၍ကောင်းသည် ကြည်လင်ပြ
သားပြီး ဆွဲဆောင်မှု အင်အားတွေ ပါဝင်နေသည်မဟု
ပါလား...

ဒီလိုဆိုတော့လည်း မဆိုးပါလားဟု နော်ဇာတွေး
ပြုံးနေ၏။

'အမယ် ဘာပြုံးတာလဲဟေ့'





ဟု ခရေက အကဲခတ်ကြည့်နေရာမှမေးသည်။

'သဘောကျလို့တော့၊ ဒီလူထ သီချင်းဆိုတော့လဲ နား
ထောင်ကောင်းသားပဲ'

'ဟော့ ချီမွမ်းနေပြီနော်၊ ဒါ... ဇာတ်ညွှန်းရဲ့အလယ်
ရောက်လာပြီထင်တယ်'

ဟု နုနုဝေက နောက်သည်။

'ရှပ်ချော ဥစ္စာပေါ၊ အဆိုကောင်းနော် ထက်မလွတ်
စေနဲ့' ဟု စုစုရီကပြောသည်။

'နင်တို့ယူလိုက်ပါလား၊ ဒါမှလက်မလွတ်မှာ' ဟုနော်ဇာ
ကပြန်ပြောသည်။

သီချင်းဆုံးတော့ နောက်တစ်ယောက်ဆိုသည်။

အားလုံးဆိုပြီးတော့ ပြန်ရှုန်နှုတ်ဆက်ကြ၏။

'သီချင်းဆိုရတာ မောလိုက်တာဗျာ၊ မျော်ရည်လေး
ဘာလေး မတိုက်ကြဘူးလား'

ဟု တစ်ယောက်က အာပြုံပြုံဖြင့် အော်ပြောလိုက်သည်။

အဆောင်ထဲမှ ခပ်စွာစွာ မိန်းကလေးတစ်ယောက်၏
'စာန်တော့ဆွမ်း' ဆိုသည့်အသံကို ကြားလိုက်ကြရသည်။

သူတို့ကြောင့် အဆောင်သူအားလုံး ပျော်ရွှင်နေကြ
သည်။

သူတို့ပြန်သွားမှပင် အားလုံးအိပ်ရာဝင်ကြတော့၏။

—၀...



www.burmeseclassic.com

## အခန်း (၁၀)

'ပွမ် ပွမ် ပွမ်'

မာလာဝေဖြာ အဆောင်ရှေ့မှာ ပါဘာလစ်ကာ ကား တစ်စီးထိုးဆိုက်လိုက်ပြီး ဟွန်းအဆက်မပြတ် တီးနေသည်။

ဟွန်းတီးနေသူက ဒေါက်တာညိုချော့လှ။

ဒေါက်တာ ညိုချောလှက နာမည်နှင့် လိုက်ဖက်စွာ အသားညိုညို ပိန်ပိန်မြင့်မြင့်နှင့် လူချောတစ်ယောက်ပါ။

'ဟော... နော်ဇာရေ ညည်းအဆက်ကြီးတော့ စောစော စီးစီးရောက်လာပြီ'

ဘုရားကန်တော့နေသည့် နော်ဇာ့ကို နှင်းဆီအေးက လှမ်းပြောလိုက်၏။

နော်ဇာလှည့်မကြည့်ဘဲ ဘုရားဆက်ပြီး ရှိခိုးနေသည်။





ခုတင်ခေါင်းရင်းနံရံပေါ်တွင် ဘုရားရုပ်ပွားတော်မြတ်ကို ပုံတော်ကိုကပ်ထားပြီး နေ့စဉ်ရှိခိုး ကန်တော့ခြင်းဖြစ်သည်။

'[illegible]ဇာက ပြင်ဆင်ပြီးနေပါပြီ၊ နင်ကအခုထိုကျော်ပီပီ ပြင်လို့ကိုမပြီးနိုင်ဘူး၊ ဆဲပါ နင်ဝဲပြီးအောင်ပြင်ပါဦး သူ များဘုရားရှိခိုးနေတာ အနှောင့်အယှက်မပေးနဲ့'

မခရေဆရာမက ဆရာလုပ်လိုက်သောကြောင့် နှင်းဆီအေး မျက်စောင်းချိတ်ပြီး ဆံပင်ကိုဖဲကြိုးစည်းနေ၏။

'ပွမ် ပွမ် ပေါ်'

ကားဟွန်းသံက ပိုမိုကျယ်လောင်လာသည်။

'ကိုချောနှယ် ဝီရိယကောင်းလိုက်တာ၊ ခုမှ မနက်ခုနစ် နာရီပဲရှိသေးတယ်'

စုစုရီက လက်ပွေ့အိတ်ထဲ ခေါက်ထီးကို ထိုးထည့်ရင်း ပြောလိုက်သည်။

'ကိုညိုချောလှက နော်ဇာနဲ့ပတ်သက်ရင် အရမ်းဝီရိယ ကောင်းတာကွ၊ နော်ဇာ့ကို အရမ်းချစ်တာ၊ နော်ဇာက တာဖြစ်လို့မြန်မချစ်ပါလိမ့်'

နုနုဝေက နှုတ်ခမ်းနီရဲရဲဆိုနေရင်း ပြောလေသည်။

'မချစ်သေးတာဖြစ်ရမယ်၊ မှုနေတာလေ အဲ'

နှင်းဆီအေးက သူ့အထင်ကိုဝေဖန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



နော်ဇာ ဘုရားရှိခိုး၍ ပြီးသွားသည်နှင့် အားလုံးကို အပြစ်တင်သိုက်သည်။

'အခုတော့တဲ့၊ ဘုရားရှိခိုးတာ ကောင်းကောင်းကို ဆိုနိုင်ရှာ အနှောင့်အယှက်ပေးနေပြီး ပေါက်ကရရှုပ်ဆယ် ပြောနေ ကြတာ'

'ပြောရတာပေါ့၊ နော်ဇာ့လူက စောဘောစီးစီး ဝီရိယ ကောင်းတာကိုးရှင့်'

'ပွမ် ပွမ် ပွမ် ပေါ'

'ဟော ဟော ကားသံကပွမ်ရာကနေ ပေါ်ဖြစ်သွားပြီး မြန်မြန်လာကြဟေ့ သွားကြစို့'

နှင်းဆီအေးက ရှေ့ဆုံးမှ ပြေးထွက်သွားလေသည်။

'နှင်းဆီအေးက ကိုညိုချောနဲ့တွေ့ရင် သိပ်ပဲမြှားတာပဲ' ဟု စုစုရီကဝေဖန်သည်။

'ပဲများဆို ကျနေတာကိုး ဟဲ့၊ ဟိုကပိုးတော့ နော်ဇာ့ကို ကြည့်နေ မကြာခင် နှင်းဆီအေးနဲ့ နိုးစပ်သွားနိုင်တယ်'

ဟု ခရေက မညှာမတာပြောလိုက်သည်။

နှင်းဆီးအေးပုံစံက တကယ်လဲ ဝေဖန်ချင်စရာပါ။

ဒေါက်တာ ညိုချောလူကိုမြင်လျှင် ဣန္ဒြေမရပျာယာ ခတ်နေတတ်သည် မဟုတ်ပါလား။



'ကဲပါ ဝေဖန်တာ၊ လေကန်တာတွေ အသာထားကြစမ်း သွားကြမယ်'

နုနုဝေက နှင်းဆီအေးနောက်မှ ပြေးလိုက်သွားသည်။ အားလုံး ကားနားရောက်တော့ စိတ်ညစ်သွားကြသည်။

'ဖွင့်ကွာ.... ကိုညိုချောလူဖွင့်'

ဒေါက်တာညိုချောလူ၏ ပါပလစ်ကာ ကားရှေ့ခန်း တံခါးကို အထဲမှလော့ချထားသောကြောင့် နှင်းဆီအေးထား တံခါးကိုထုပြီး ဖွင့်ခိုင်းနေခြင်းပါ။

'ဒါ နော်ဇာ့အတွက်ဗျ'

ဒေါက်တာ ညိုချောလူကလည်း အတော်အားနာမှ ကင်းသည့်လူရယ်ပါ။ နှင်းဆီအေးကို အားမနာပါးမနာ ပြောနေ၏။

'ဟဲ့.... နှင်းဆီအေး ပိုင်ရှင့်သဘောအတိုင်း ရှေ့ခန်းမှာ နော်ဇာထိုင်မှာပေါ့၊ နှင်က နောက်ခန်းမှာထိုင်လေ၊ လာခဲ့'

ခရေက ဆရာမပီပီ နေရာတကာ ဆရာလုပ်သည်။

'ဟာကွာ.... ကားနောက်ခန်းကြီး ထိုင်ရမှာ အောက် သိုက်တာ၊ မထိုင်ဘူးကွာ'

ခက်ပြီ....

ညိုချောလူကလည်း နှင်းဆီအေးကိုဖွင့်မပေး။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဒါဖြင့်နေဒ်ဇာ နောက်ခန်းမှာပဲ ထိုင်ပါမယ်ကွာ၊ သူတအားဆိုကျော်ဆိုတော့ နောက်မှာ မထိုင်ချင်ဘူးထင်ပါရဲ့'

နေဒ်ဇာက သာဘာကောင်းသူလေးမို့ အလျော့ပေးလိုက်သော်လည်း ဒေါက်တာညိုချောလူက ကားတံခါးဖွင့်ဆင်းလိုက်ပြီး….

'ကဲ… မနေဒ်ဇာ ကျေးဇူးပြုပြီး ရှေ့ခန်းမှာ ခဏထိုင်ပေးပါနော်၊ ကျွန်တော်တိုင်ပင်စရာ ကိစ္စလေးတစ်ခု ပြောချင်လို့ပါဗျာ'ဟု တောင်းဆိုလိုက်သည်မို့….

နှင်းဆီအေး ရှက်သွားရပြီး နောက်ခန်းထဲသို့ ဆောင့်ဆောင့်အောင့်အောင့် ဝင်ထိုင်လိုက်ရပါတော့သည်။

'ဟဲ့…. နေဒ်ဇာ သွားလေရှေ့ခန်းကို'

နေဒ်ဇာ သက်ပြင်းရှိုက်ပြီး ကားထဲဝင်ထိုင်လိုက်သည်။

နေဒ်ဇာတို့ သူငယ်ချင်းတစ်စု အခပျော်တမ်း ခတ်ဖို့ရှိတ်ကြရန် ပဲခူးသို့ထွက်လာခဲ့ကြခြင်းဖြစ်၏။

ဒေါက်တာညိုချောလူက ကားကိုကျွမ်းကျင်စွာ မောင်းလာခဲ့ရင်း နေဒ်ဇာ့ကို ခပ်ပြုံးပြုံး လှည့်ကြည့်တတ်သည်။

'နေဒ်ဇာ'

'ရှင် ဆရာ'





'ကျွန်တော်ပြောထားတာ နေဒ်ဇာ စဉ်းစားထားပြီးပြီလားဟင်'

နေဒ်ဇာ ကားနောက်ဘေးပြတင်းမှ အပြင်ရှုခင်းများကို ငေးမောနေမိ၏။

ညိုချောလူ့အမေးကို ရုတ်တရက် ပြန်မဖြေဘဲ စဉ်းစားနေသည်။

'မနေဒ်ဇာ'

'ပြောပါဆရာ'

'မနေဒ်ဇာကို ကျွန်တော် လက်ထပ်ခွင့်တောင်းထားတာလေ'

'စဉ်းစားပါရစေဦး ဆရာ'

'တစ်နှစ်ကျော်ပြီနော်'

'မှန်ပါတယ်'

'ကျွန်တော့်မှာ နေဒ်ဇာ လက်မခံနိုင်တာ ဘာရှိလို့ ဒီလောက်အချိန် ဆွဲနေရတာလဲ'

'အို…. ကျွန်မအချိန်မဆွဲပါဘူး၊ ဆရာ့ကိုငြင်းခဲ့သားပဲ မဟုတ်လား၊ ဆရာကမဖြစ်မနေ စဉ်းစားပေးရမယ်ဆိုလို့ နေဒ်ဇာပြန်ပြီး စဉ်းစားရတာပါ'

'ဒါဖြင့်….'



www.burmeseclassic.com

www.burmeseclassic.com



'စဉ်းစားဆဲပါပဲ ဆရာရယ်'

ဒေါက်တာညီညွှန့်ချောလှက ပဲခူးဇာတိဖြစ်သည်။ တစ်ဦးတည်းသောသားဖြစ်ပြီး မိဘများက ဆေးလိပ်ရုံနှစ်ခုပိုင်ဆိုင်ကြသည်။

ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ကျနေသူဖြစ်ပြီး နှော်ဇာ့ကိုလက်ထပ်ခွင့် တောင်းထားသူဖြစ်သည်။

နှော်ဇာက သူ့ကိုစိတ်မဝင်စား။

လောလောဆယ် ချစ်သူမရှိပေ။

'နှော်ဇာ'

'ရှင်

'ကိုယ့်အတွက် မျှော်လင့်ချက်'

'နှော်ဇာ စဉ်းစားနေပါတယ် ဆရာရယ်'

'ကားသည် တရိပ်ရိပ်ပြေးလျက်ရှိ၏။

ပဲခူးသို့ ရွှေမှုမောင်းနှင်း လာခဲ့သည့်ကားသည်ထောက်ကြံ့ကိုလွန်ခဲ့ပေပြီ။

ကားနောက်ခန်းတွင် နှင်းဆီအေးကို ဝိုင်းဝန်း နောက်ပြောင်နေကြသည်။

'စိန်ကောင်းကျောက်ကောင်း ရောင်းတဲ့ဝယ်တဲ့နေရာမှာ နှင်းကပေါ်ကြီး မလုပ်ချင်စမ်းပါနဲ့ဟာ'





စုစုရီက သူ့ဝသီအတိုင်း အားမနာစတမ်း ဝေဖန်လိုက်လေ၏။

'ဟဲ့.... ငါကဘာကန့်လန့် ထိုက်နေလို့လဲ၊ ငါ့အဆိုကျော်တစ်ယောက်မို့ ရှေ့ခန်းမှာ ထိုင်ချင်တာအပြစ်လား'

'အိုကွာ.... အရှေ့ခန်းမှာပဲ ထိုင်လို့ဖြစ်မယ်ဆိုရင် ကိုယ်ပိုင်ကားတစ်စီး ဝယ်စီးလိုက်ပေါ့'ဟု နုနုဝေက ပြောသည်။

'မင်းတို့ အဲဒီလိုပြောရင် နောက်ထပ် ဘယ်သွားသွား ငါ့နင်းတို့နဲ့မလိုက်တော့ဘူး'ဟု နှင်းဆီအေးက ဒေါပွပွဖြင့်ပြောလိုက်သည်။

သည်လိုဆိုတော့လည်း အားလုံးစိတ်မကောင်း ဖြစ်သွားကြ၏။

'စိတ်ဆိုးတယ်လား'

'ဆိုးတယ်'

'စိတ်ဆိုးရင်လဲ အရှုံးပေးပါတယ် ယောက်မရယ်၊ ငါ့အစ်ကိုသော်ဇာက ပြန်ဆင်းလာရင် ကားတစ်စီးနဲ့ လာတောင်းခိုင်းပါ့မယ်'

စုစုရီနောက်နေပြန်သည်မို့ နှင်းဆီအေးက မျက်နှာလွှဲသွားလိုက်၏။

'ငါတို့က နင့်အတွက် အကောင်းပြောတာပါ နှင်းဆီရယ်၊ ကားပိုင်ရှင်က မလိုလားဘဲ ဘာဖြစ်လို့ သူ့နားမှာ



www.burmeseclassic.com

www.burmeseclassic.com



နှင်ထိုင်သင့်မှာသဲ စဉ်းစားကြည့်လေ၊ သူကနေ့ဘ်ဇာ့ကို လက်ထပ်ခွင့်တောင်းထားတာလဲ တို့အားလုံးအသိပဲ မဟုတ်လား'

ခရိုက ဆရာမလေသံဖြင့်ပြောသည်။

'ကဲဝါ တော်ကြပါတော့၊ နောက်နောင် ဘယ်တော့မှ ရှေ့ခန်းက စီးဖို့မပြောတော့ပါဘူး ဟဲ့'

နှင်းဆီအေး အော်လိုက်မှ အားလုံးငြိမ်သွားကြသည်။

...o...



## အခန်း (၁၁)

ပဲခူးမြို့....

'အမေဝ' ကီတားအောက်ဘက်ရှိ မဇင်းချောင်းလေး၊ ဘေးတွင် မိန်းမလှလေး တစ်ယောက်ထိုင်ပြီး ရေထဲတွင် မျောပါလာသည့် ပန်းပွင့်လေးများကို ဆယ်ယူနေသည်။

မိန်းကလေးက အနက်ခံပေါ်အနီ ချိတ်ထဘီကို အနက်ရောင်မှန်ဇာ အင်္ကျီလက်ရှည်ဖြင့် တွဲဝတ်ထားသည်။

သူမဆံပင်တွေကို ဖားလျားချထားပြီး ချောင်းဘေးတွင် ဒူးထောက်ထိုင်နေသည်။



www.burmeseclassic.com

တစ်ချက် တစ်ချက် ဝေ့ဝဲတိုက်ခတ်လာသော လေ
လေညှင်းများကြောင့် သူမ၏ဆံပင်နက်နက်တွေ လွင့်ဝဲ
လေသည်။

သူမ၏ ချစ်စရာ ပုံသွင်လေးကို ခပ်လှမ်းလှမ်းမှနေ၍
ဒေါက်တာ ညိုချောလှက ဓာတ်ပုံရိုက်ယူနေသည်။

ဒေါက်တာညိုချောလှသည် ရေညှိစိမ်း ဂျင့်းဘောင်းဘီ
နှင့် အင်္ကျီထက်အောက် ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး လ
ထဲတွင် အကောင်းစား ကင်မရာကို ကိုင်ထားသည်။

'နော်ဇာ မျက်နှာလေး သိပ်ငုံ့မထားနဲ့လေ မျက်နှာ
နည်းနည်းမော့လိုက် ဟုတ်ပြီ... ဟုတ်ပြီ'

နော်ဇာ့ကို ပုံစံအမျိုးမျိုး ဓာတ်ပုံရိုက်ယူနေလေသည်။

ထိုစဉ် အမေဝတ်တားပေါ်မှ ရပ်နေသည့် လူရွယ်သုံးဦး
တံတားအောက်က ချောင်းထဲသို့ငုံ့ ကြည့်ပြီး အံ့ဩနေ
သည်။

'ဟေ့ ဟေ့... ဟိုမှာကြည့်စမ်း လွင်ဦးလွင် ချောင်း
ထဲမှာ ပဲပေးနေတာ မင်းကောင်မလေး မဟုတ်လား'

'ဟာ... ဟုတ်တယ်ကွ ငါ့အချစ်ကလေး၊ အမယ်လေး
မြတ်စွာဘုရား သူ့ကိုဓာတ်ပုံရိုက်ပေးနေတာ ဘယ်သူပါလိမ့်
ဘယ်ကောင်လဲမသိဘူး'

ဘုရှ်တိစာမေ



လွင်ဦးလွင်တို့ သူငယ်ချင်းသုံးယောက် ဘုရားလာဖူးရင်း
အမေဝတ်တားရှိရာ လျှောက်လာခဲ့ကြခြင်းဖြစ်သည်။

'ဟာ... ကောင်မလေးက သိပ်လှပါလား ဟောဗျို
ဦးကောင်ပြောတဲ့အတိုင်း အိုက်တင်အမျိုးမျိုးလုပ်နေတယ်'

နော်ဇာ့ကို ကြည့်နေကြရာမှ လွင်ဦးလွင်က...

'ဟေ့... ဘယ်မဂ္ဂဇင်းအတွက် ကာဗာဂဲလ်လုပ်မလို့လဲ'
ဟု အော်မေးလိုက်သည်။

နော်ဇာတို့က မကြား။

'ဟေ့ကောင်မလေး နည်းနည်းလျှော့၊ ပဲတွေများလိုက်
တာ'ဟု...

ဝင်းထွန်းက အသံကုန် အော်လိုက်သောကြောင့် နော်ဇာ
တို့အားလုံး မော့ကြည့်လိုက်ကြသည်။

'ဘယ်မဂ္ဂဇင်းအတွက် ကာဗာဂဲလ် လုပ်မလို့လဲပြော
စမ်း'

လွင်ဦးလွင်က အသံကျယ်ကျယ်ဖြင့်မေးတော့ နော်ဇာက
မျက်နှာလွှဲပစ်လိုက်ပြီး ဓာတ်ပုံဆက်ရိုက်နေသည်။

'ဟေ့ နော်ဇာရွှေဝါ ဒါ ဘယ်မဂ္ဂဇင်းအတွက်လဲ'

လွင်ဦးလွင်၏ အသံ ကျယ်ကျယ်ကြောင့် ဒေါက်တာ
ညိုချောလှ ဒေါပွသွားသည်။

ဘုရှ်တိစာမေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကင်မရာကိုသွယ်လိုက်ပြီး တံခါးပေါ် မော့ကြည့်လိုက်သည်။

'ဘာကြည့်တာလဲကွ'

သိန်းစိုးကလှမ်းမေးသည်။

'ခင်းတို့ဘာကောင်တွေလဲ၊ မိန်းကလေး တစ်ယောက် ဓာတ်ပုံရိုက်နေတာ မသိဘူးလား'

'သိတာပေါ့ကွ.... သိလို့မေးနေတာပေါ့'

ဟု လွင်ဦးလွင်ကပြောသည်။

'တောက်.... အတော်မိုက်ရိုင်းတဲ့ ကောင်တွေပါလား နော်ဇာ လာသွားကြစို့'

နော်ဇာ့လက်ကိုဆုပ်ကိုင်ရန် လှမ်းလိုက်တော့ နော်ဇာကချောင်းထဲမှ သုတ်ခနဲ ပြေးထွက်သွားသည်။

'အိုင်းလက်ရှက်'ဟု ဝင်းထွဋ်က အော်သည်။

'ဘာလဲအိုင်းလက်ရှက်'ဆိုတာ (eye lash) မျက်တောင်လား'

သိန်းစိုး၏ အော်ဟစ်မေးသံ။

'အိုင်.... လက်ရှက်ဆိုတာ အိုင့်ရဲ့လက်ရှက်သွားတယ်လို့ ပြောတာကွ ဟား ဟား ဟား'

'ဩော်.... ဒီလိုလား'

'ဟား ဟား ဟား'

'ဟဲ ဟဲ ဟဲ'





သူတို့သုံးယောက်အပြုအမူကြောင့် ဒေါက်တာညို့ချောထူ ဒေါပေါက်သွားသည်။

သို့သော် စကားများ ရန်ဖြစ်ရန် ဝါသနာမရှိသူမို့ ကြားဟန်ပြုပြီး ချောင်းထဲမှထွက်လာခဲ့လေသည်။

'လာ နော်ဇာ ရွှေဂူလေးဘုရား နောက်ဘက်မှာ ဘုန်းကြီးကျောင်းရှိတယ် ဝင်ဖူးကြရအောင်'

သူတို့ကားကို ရွှေဂူလေးစေတီနှင့် ခပ်လှမ်းလှမ်းမှာရပ်ထားခဲ့ကြသည်။

ပြီးတော့ စေတီနောက်ဘက် လှေကားမှ ဆင်းလာခဲ့ကြပြီး ဘုန်းကြီးကျောင်းထဲ ဝင်လာခဲ့ကြသည်။

ဘုန်းတော်ကြီးကို ရှိခိုးကန်တော့ကြပြီးနောက် ဘုန်းကြီးကျောင်းအလယ်ရှိ ရေကန်လေးထဲ ဆင်းလာခဲ့ကြသည်။

'ဟယ်.... ကန်ထဲမှာ လှေကလေးပါလား၊ စီးချင်တယ်' ဟု ခရေကပြောသည်။

'ဘုန်းကြီးကျောင်းထဲမှာ မစီးရဘူး'ဟု နော်ဇာကတားဆီးလိုက်သည်။

'သာယာလိုက်တာဟယ်.... ကဲ လာသွားကြစို့၊ ကားပေါ်မှာ ထမင်းချိုင့်သွားယူပြီး ထမင်းစားကြမယ်'

အားလုံး ဆာလောင် မွတ်သိပ်လာကြပြီမို့ ခေါင်းညိတ်လိုက်ကြသည်။

....o....



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကားအနီး ပြန်ရောက်တော့ အာလုံးအံ့အားသင့်သွားကြ သည်။

'ဟင်.... ထမင်းချိုင့်တွေ မရှိတော့ဘူး'

'ဟုတ်ပါရဲ့ ထမင်းချိုင့် နှစ်လုံးရော ရေဘူးတွေပါ ပျောက်သွားပြီ'

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

'ဟင်.... ဘယ်သူတွေ လာယူသွားတာလဲ'

'ဒေါက်တာညိုချောလူက ခေါင်းကုတ်ပြီးပြောလိုက်၏

'ဟိုကောင်တွေပဲ ဖြစ်မှာပေါ့'





ဟု နော်ဇာက ခပ်လှမ်းလှမ်း သစ်ပင်အောက်တွင် မယောင်မလည်ရပ်နေသည့် ညိုချောလူကိုကြည့်ပြီး ပြော လိုက်သည်။

'ဟုတ်တယ်၊ ကားနောက်ခန်းထဲက ချိုင့်တွေကို သူတို့ လာယူသွားတာ ဖြစ်မှာ'

ဟု ခရေမကျေမနပ် ပြောသည်။

'မိုက်ဆာပြီဟာ' ဟု စုစုရီနှင့်နုနုဝေကပြောသည်။

'ငါ သွားမေးမယ်ဟာ'ဟု နှင်းဆီအေးက ပြောလိုက် သောကြောင့် ခရေကဆွဲထားလိုက်သည်။

'ဟာ.... မမေးပါနဲ့'

'ဘာဖြစ်လို့မေးတော့ ဒီလောက်ဒုက္ခပေးတဲ့ ကောင်တွေ'

နှင်းဆီအေး ဒေါသဖြင့်ပြောလိုက်၏။

ခရေက ဆရာမပီပီ စဉ်းစားနေသည်။

နော်ဇာက ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ သူတို့ အနီးသို့ လျှောက်လာခဲ့ပြီး....

'ဒီမှာ ရှင်တို့ကားထဲက ထမင်းချိုင့်တွေ တွေ့မိသေး သလား'ဟု မေးလိုက်သည်။

'နော်ဇာ့ အပြုအမူကြောင့် အားလုံးမျက်လုံးပြူးသွား ကြပြီး နော်ဇာ့အနားသို့ရောက်လာကြ၏။



www.burmeseclassic.com

'ဘာလဲ.... ခင်ဗျားကားထဲက ထမင်းချိုင့်တွေ ကျုပ်တို့က ဘာကြောင့်တွေ့ရမှာလဲ' ဟု ဝင်းထွဋ်က ခပ်တည်တည် ဆီးဟောက်သည်။

'ပျောက်သွားလို့ရှင့် သိပြီလား' ဟု စုစုရီကအော်သည်။

'ဟာဗျာ.... စွပ်စွပ်စွဲစွဲ၊ ဘယ်နဲ့ဘယ်နားမှာ ကျကျန်ရစ်ခဲ့မှန်းမသိတဲ့ ထမင်းချိုင့်တွေများ ကျုပ်တို့ကိုလာမေးနေရသလား ရှင်းလိုက်တာ'

သိန်းစိုးကပြောပြီး နှာခေါင်းရှုံ့နေသည်။

'မေးရတယ်ဟေ့ မေးရတယ်၊ ဒီအနီးအနားမှာ နှင်တို့သုံးယောက်ပဲတွေ့တာကိုး၊ ပြီးတော့ နှင်တို့ရုပ်တွေက စပ်ဖြီးဖြီးနဲ့ ကြွက်သရေမှုမရှိတာ'

ဟု နုနုဝေကရန်တွေ့သည်၊

'ဟုတ်တယ် ရုပ်တွေကိုက (No found skin)ပဲ'ဟု နှင်းဆီအေးက ဝင်ပြောလိုက်၏။

'ဟာ.... ဘာတွေလဲ၊ ခင်ဗျားတို့ လူဝါးဝလှချည်းလားဗျ....'

လွင်ဦးလွင်ပြောလိုက်သည်။

'သူခိုးက လူဟာစ်မနေနဲ့ တွန့်'

နော်ဇာ ရန်တွေ့သည်။

'သိက္ခာမချနဲ့နော် ဒါပဲ၊ မျက်မြင်သက်သေမရှိဘဲ သိက္ခာချရင် အပြစ်ကြီးတယ်' ဟု လွင်ဦးလွင် ပြောလိုက်သည်။





မျက်မြင်ကိုယ်တွေ့ မဟုတ်လို့ပေါ့၊ မျက်မြင်သက်သေသာ နှင့်ပါးဆွဲအရိုက်ပဲ'

စုစုရီက ဝင်ပြီးရန်တွေ့သည်။

'အမယ်လေး.... ကျီးကန်းမတွေနဲ့ လာတွေ့နေရသလိုပဲ …တ်'

သိန်းစိုးပြောပြီး ပခုံးတွန့်လိုက်၏။

'ကဲ.... ကဲ.... အလျှိုလိုပဲ သဘောထားလိုက်ကြပါတော့ … လာ....လာ....ထမင်းဆိုင်မှာပဲ စားလိုက်ကြတာပေါ့'

ဒေါက်တာဉီချောလှက ရန်ဆက်မဖြစ်ချင်သူမို့ ထမင်း …င်မှာပင် စားကြရန် ပြောသည်။

'မစားဘူး'

နော်ဇာ ဘုပြောလိုက်၏။

'ဟုတ်တယ်....မဆာဘူး'

နုနုဝေက ထောက်ခံသည်။

'ကဲဗျာ....ဒါဖြင့်လည်း ကိုးသိန်းကိုးသန်း ဘုရားနားမှာ …တ်ပုံရိုက်ကြမလား'

'ဟင့်အင်း'

'ဒါဖြင့် ဟောဒီရွှေဂူလေးဘုရားရှေ့မှာပဲ ရုပ်ပြီးရိုက်ကြ …ပေါ့'

www.burmeseclassic.com



'ဟင့်အင်း...ချောင်းစပ်မှာ ပြန်ရိုက်ချင်တယ်'ဟု နှင်း[...] အေးက ပြောသည်။

'ဒါဖြင့်လာ...'

ဒေါက်တာညိုချောလူက အားလုံးကို ဦးဆောင်[...] ချောင်းစပ်သို့ ပြန်ဆင်းသွားသည်။

'အံ့ဖွယ်လူသားပါလားဟေ့'ဟု ညိုချောလူကိုကြည့်[...] ဝင်းမွှတ်ထွဋ်က ပြောလိုက်၏။

'ဟုတ်တယ်၊ အံ့ဖွယ်ပဲ၊ ဒီလောက်စကားများတဲ့ မိန်း[...] တွေကို စိတ်ရှည်လက်ရှည်နဲ့ ပြုစုစောင့်ရှောက်နေလိုက်[...]

လွင်ဦးလွင်ကလည်း ချီးကျူးသည်။

'လာကွာ....လိုက်သွားကြရအောင်'

သိန်းစိုးက ပြောပြီး ရွှေ့မှထွက်သွားသောကြောင့် [...] ပါ နောက်မှ လိုက်သွားကြသည်။

ချောင်းထဲတွင် နှင်းဆီအေးတို့အုပ်စု ဓာတ်ပုံရိုက်[...] ကြ၏။

ပုံစံအမျိုးမျိုး၊ အိုက်တင်အမျိုးမျိုး ဖြစ်သည်။

ဖလင်တစ်လိပ် ကုန်သွားသည်။

'ခရေတို့တော့ တော်လောက်ပြီ ထင်တယ်ကွ၊ [...] နော်ဇာ့ကို၊ ရိုက်ပါစေဦး'

ခရေက ထဘီရေစိုကိုညှစ်ပြီး ပြောလိုက်၏။



'နော်ဇာ လာလေ၊ ရိုက်ရအောင်'

ဒေါက်တာညိုချောလူက ကင်မရာသဲ ဖလင်ထပ်ထည့်ပြီး ချိန်ရွယ် လှမ်းခေါ်နေ၏။

နော်ဇာ ခေါင်းခါလိုက်ပြီးမှ ချောင်းစပ်တွင် ရပ်လိုက်သည်။

'မဇင်းချောင်းကို နောက်ခံထားပြီး ရိုက်မယ်နော်'

နော်ဇာက ညိုချောလူကို ခေါင်းညိတ်ပြလိုက်ပြီး မဇင်းချောင်းစပ်ထဲတွင် ဆင်း၍ရပ်လိုက်သည်။

နော်ဇာ့ပိုးပွင့်ရိုက် ထဘီလေးက အောက်ပိုင်း စိုရွှဲသွားသည်။

ဆံပင်တွေ လေမှာလွင့်ဝဲသွားအောင် ခါလိုက်မိ၏။

'ရယ်ဒီ....ရိုက်မယ်နော်'

ပြောပြီး ညိုချောလူ ကင်မရာခလုပ်ကို နှိပ်လိုက်သည်။

'အို...'

'ဟင်....'

'ဟဲ့....ဟဲ့....ဘာလုပ်တာလဲ'

'ဒီလူ...'

နော်ဇာ့နောက်တွင် လွင်ဦးလွင်က ဝင်ရပ်လိုက်သောကြောင့်ဓာတ်ပုံထဲ ပါသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်—ရှင်ဘာလုပ်တာလဲ၊ မိုက်ရိုင်းလှချည်လား'

နော်ဇာ ရန်တွေ့လိုက်သည်။

'ကျွန်တော် ခြေဆေးဖို့ ချောင်းထဲဆင်းလာတာဗျ'

'ဪဟယ်....'

'ဖြန်း'

အဖြစ်အပျက်က လျင်မြန်လွန်းလှ၏။

လှင်ဦးလှင်၏ ပါးတစ်ဘက် စပ်ဖြင်းပူလောင်းသွားသည်။

'ဟာကွာ.... ငါ.... တောက်'

လှင်ဦးလှင်က နော်ဇာ့ လက်မောင်းတစ်ဘက်ကို ဆွဲ ကိုင်လှုပ်ယမ်းလိုက်ပြီး ဒေါသဖြစ်စွာ တောက်ခေါက်လိုက်သည်။

'အံမယ်.... တောက်ခေါက်လား ဘာလားနဲ့ ဘာလုပ်ချင်သလဲ ရှင်က'

စုစုရီက အနားသို့ပြေးဆင်းလာပြီး ရန်တွေ့လိုက်၏။

'ကျုပ်အမေတောင် မရိုက်တဲ့ပါးကို ခင်ဗျားကရိုက် တယ်လို့ တောက်'

သူ.... နော်ဇာ့လက်ကို ဆောင့်၍လွှတ်လိုက်ပြီး ပြော သည်။





'ဒါကတော့ရှင့်အမေကို ရှင်က....ဒီလိုမှမဖော်ကားဘဲ' ဟု နော်ဇာက ခပ်အေးအေးပြောသည်။

'လာကွာ.... မြန်ကြစို့ အန္တရာယ်များတယ်'

ဝင်းထွဋ်က လှင်ဦးလှင်ကို ဆွဲခေါ်သွားသည်။

'တောက်.... မိုက်ရိုင်းလိုက်တာ'

လှင်ဦးလှင်က ရှက်ရမ်းရမ်းပြီး အော်ပြောသွားသည်။

'ဒီမှာ ရှင့်ရည်းစားပါးရိုက်တာလို့ပဲ သဘောထားလိုက် ပေါ့၊ အဲဒါဆို ရှင်စိတ်ဆိုးဘော့မှာမဟုတ်ဘူး'

ခရေက ဆရာမပီပီ လှမ်းပြီး ဆရာလုပ်လိုက်သေးသည်။

'ဘာကြည့်နေတာလဲရှင်ကျ လာသွားကြမယ်'

ရေခဲတုံးတစ်တုံးလို အေးတိအေးစက် ရပ်နေသည့် ဒေါက် တာညိုချောလှူကို နှင်းဆီအေးက အမြင်ကပ်ကပ်ဖြင့် ရန် တွေ့သည်။

'ဟုတ်ပါရဲ့၊ ရှင်ကလည်း ရှင်နဲ့ဘာမှမဆိုင်သလို လုပ် နေလိုက်တာ ဟွန့်'

နုနုဝေကလည်း ရန်တွေ့သည်။

'အားကိုရမလား မှတ်ပါတယ် တုတ်တုတ်တောင်မလှုပ်ဝံ့ ဘူးလား'

ဟု နော်ဇာကထေ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုချော့လူက ခေါင်းရှုပ်သွားပုံဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

'ဟာဗျာ... ဒီကလေကချေတွေနဲ့ ကျွန်တော် ရန်ပိုင်ဖြစ် ရမှာမဟုတ်ဘူးဗျ'ဟု ပြောသည်။

'အံမယ်လေး လူလူချင်းပဲ၊ ဘာဒီလောက် ကြောက်အီး ပါနေရသလဲလို့၊ တကယ်ဆို အဲဒီကောင်မျက်ခွက်ကို ဝင် ထိုးရမှာ'

ခရေက မကျေမနပ်ပြောပြီး ရွှေ့မှထွက်သွားတော့၏။

ပညာတတ်ကြီး ညိုချောလူ ဘာမှမပြောတော့ဘဲ နွာ ခေါင်းတရှုံ့ရှုံ့ဖြင့် လိုက်ပါလာခဲ့လေသည်။

....o....



BURMESE CLASSIC .com

## အခန်း(၁၃)

'ကဲ.... ကဲ.... ရွှေဂူလေးထဲ ဝင်ရအောင်'

ဘုရားနှားမှ ဖြတ်သွားဖြတ်လာလုပ်ခဲ့ကြပြီး ဘုရားမဖူးဘဲ ပြန်လိုကြသောကြောင့် ရွှေဂူလေးဘုရားထဲ ဝင်လာခဲ့ကြ သည်။

ဘုရားထဲ တစ်ပတ်ပတ်နေကြစဉ် တစ်နေရာအရောက်....

'ဂလို'

'ဂလွမ်'

'ယောတော'

ထမင်းချိုင့်တွေ ဝင်တိုက်မိကြ၏။

'ဟင်.... ဒီမှာဟေ့၊ ငါတို့ထမင်းချိုင့်တွေ'

ခရေက ချိုင့်တစ်လုံးကောက်ဆွဲပြီး ပြောလိုက်၏။

နှင်းဆီအေးနှင့် နော်ဇာတို့နှစ်ဦးက ကျန်ချိုင့်နှင့်ရေဘူး တွေ ကောက်ယူလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါ_ ဟိုအောင်တွေ လက်ချက်ပဲဖြစ်ရမယ်'

'အိမ်မှန်အာမေ ါ'

'ဒါနဲ့မှန်ကြောင် ဘယ်နားကျန်ခဲ့သလဲ'

ဒေါက်တာ ညိုချောလှူကို မြောခြင်းပါ။

'မှန်ကြောင်လား၊ မျက်မှန်ချွတ်ပြီး ရေဆေးနေတာ ဟာ....'

နှင်းဆီအေးအမေးကို စုစုရီကရှဲပြီးဖြေလေသည်။

'သူ့ကိုဝိုင်းပြီး မေတ္တာပို့ကြတော့ စိတ်ကောက်နေ လေ' ဟု နောဇော်ကပြောသည်။

'အံ့မယ် ကြီးကျယ်လိုက်တာ၊ ဒီလောက် သူ့ရဲ့အ ကြောင်တဲ့လူနဲ့ ဘယ်တော့မှ ခုလိုမလှာတော့ဘူး'

'ဟုတ်တယ်'

'အင်း တချို့လူတွေဟာ သိပ်ခက်တယ်နော်၊ ပညာ တတ်လွန်းပြီး သူတို့ကိုသူတို့ ဘယ်သူနဲ့မှ မတန်တော့ဘူး ထင်ကြတာကလား'

ခရေ့ ဝေဖန်သံ။

ရွှေဂူလေး ဘုရားထဲမှ ပြန်ထွက်လာခဲ့ကြပြီး ကားရှိ လျှောက်လာကြသည်။

'ဟော.... ချိုင့်တွေပြန်ရလာပြီလား'

ဒေါက်တာညိုချောလှူ အံ့ဩစွာပြောသည်။





'ဟုတ်တယ်၊ ရှင့်ယောက်ဖတွေ ယူသွားပြီး ဘုရားထဲ ထားခဲ့ကြတယ်လေ'

စုစုရီစကားကြောင့် အားလုံး ပြုံးလိုက်ကြသော်လည်း ညိုချောလှူမျက်နှာကြီး စူပုပ်ပုပ်ဖြစ်သွားသည်။

....ဝ....



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ညက အတိတ်အကြောင်းအရာများကို တွေးတောရင်း နော်ဇာ ညဥ့်နက်မှပင် အိပ်ပျော်ခဲ့သည်။

'ဂွီ ဂွီ ဂွီ'

ဖုန်းမြည်သံကြောင့် နော်ဇာလန့်နိုးသွားသည်။

ဖုန်းကိုနားမှာ ကမန်းကတန်း ကပ်လိုက်၏။

'နော်ဇာ နိုးပြီလား'

'ဟုတ်'

'ကိုကို အပေါ်ထပ်မှာ စောင့်နေမယ်၊ နော်ဇာ မျက်နှာ
ပြီးလာခဲ့'

'ဟုတ်'

နော်ဇာ ဖုန်းမချမိချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာ့ အိပ်ရာမှ လူးလဲထလိုက်ပြီး ရေချိုးခန်းထဲဝင်
ခဲ့သည်။

ရေချိုးပြီး အလှပြင်သည်။

နံနက်ခင်းမို့ ပန်းနုရောင် ဇာဝတ်စုံလေးကိုရွေးပြီး ဝ
လေသည်။

ပန်းနုရောင် ဇာလက်ရှည်အင်္ကျီနှင့် စကတ်ရှည်ရှည်၊
အိတ်ပန်းရောင်၊ ဖိနပ်အဖြူရောင်တို့ကို ဝတ်ဆင်လိုက်
ညက်ချိတ်ထားခဲ့သည့် စိန်ထည်လက်ဝတ် လက်စွဲများ
ဆင်မြန်းလိုက်၏။

စုစုပေါင်း အလှပြင်ချိန် တစ်နာရီနီးပါးခန့် ကြာ
သည်။

ကိုကိုမျှော်နေမယ်ဆိုတာ သိလျက်နှင့် တမင်အလှ
မွှန်းနေခြင်းပါ။

ကိုကိုကနော်ဇာ့အတွက် ပြင်ဆင်ခြယ်မှုန်းဖို့ သည်လော
အဆင်သင့် စီစဉ်ပေးထားသောကြောင့် နော်ဇာကလည်
သေချာပြင်ဆင် ခြယ်မှုန်းသင့်သည် မဟုတ်ပါလား....

နော်ဇာသည် စက်လှေအပေါ်ထပ်သို့ တက်လာခဲ့၏။
ကိုကိုကကုန်းပတ်ပေါ်မှာ စောင့်နေလေသည်။
ကုန်းပတ်ပေါ်တွင် ဖိုက်ဘာခေါက် စားပွဲလှလှလေး
လုံးကိုခင်းထား သည်။ ပြီးတော့စားပွဲအေးတွင် ကုလား





လှလှနှစ်လုံးချထားသည်။

'မေါနင်း' ဟု ကိုကိုနှုတ်ဆက်တော့ နော်ဇာက 'အိုဟား
ရီးဂိုဆိုင်းမတ်စ်' ဟု ဂျပန်ဘာသာ စကားဖြင့် ပြန်နှုတ်ဆက်
သည်။

'ဂျပန်ပြည်ပို့ပေးမှထင်တယ်'
ကိုကိုနောက်နေသည်။

'ညတုန်းက ကိုကိုဂျပန်လို နှုတ်ဆက်တယ်မထုတ်သား၊
နော်ဇာက ခုမနက်ပြန်ပြီး နှုတ်ဆက်တာပါကိုကို'

'နော်ဇာ ဂျပန်လို အတော်သင်ထားသလား'
'နည်းနည်း ပါးပါးပေါ့ ကိုကိုရဲ့' ဟု ပြုံးလျက်ပြော
သည်။

ကိုကိုက နော်ဇာ့ခါးကိုဖက်ပြီး ကုန်းပတ်လက်တန်းတွေ
အနီး ခေါ်လာခဲ့သည်။

နော်ဇာ့ရင်သည် တထိတ်ထိတ်ခုန်နေ၏။
'မနက်ခင်း လေပြေလေညင်းတွေက အေးစိမ့်နေတာပဲ၊
နော်ဇာ ပျော်သလားဟင်'

ကိုကို့အသံသည်ချို၍ လွင်နေ၏။
မျက်လုံးတောက်တောက်တွေထဲမှာ ကြင်နာယုယမှု၊ မြတ်
နိုးမှုအရိပ်တွေ ဖုံးလွှမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပျော်သလား နော်ဇာ'

ဆောင်းလေအေး တစ်ချက်ဝေ့ဝဲ တိုက်ခတ်သွားသော ကြောင့် ရင်ထဲမှာစိမ့်သွားရသည်။

ကိုကို့ လက်ဖဝါးတွေကို ဆုပ်ကိုင်ထားလိုက်မိသည်။
'ပြောလေ၊ ပျော်သလားလို့'
'ပျော်ပါတယ် ကိုကို'

ရုတ်တရက် နော်ဇာ့ရင်ထဲမှာ ဝေဒနာတစ်ခု ဖြတ်သန်း သွားသည်။

မောင့်စကားသံကို ကြားယောင်မိသည် မဟုတ်ပါလား...

* သူကမောင့်ထက် အဆပေါင်းများစွာ ချမ်းသာတယ် နော်၊ ပြီးတော့ နော်ဇာ့ကို မြတ်နိုးနေပုံရတယ်၊ မောင် စိတ်မချဘူးကွာ....

* အစစအရာ စိတ်ချပါရစေ နော်ဇာ၊ မောင့်အပေါ် မှာ သစ္စာရှိနော်၊ မောင်လည်းသစ္စာရှိမယ်....

နော်ဇာသည်သူမဆုပ်ကိုင်ထားမိသည့် ကိုကို့လက်တွေကို လွှတ်လိုက်မိ၏။

ပြီးတော့ မျက်နှာလေးညှိုးကျသွားသည်၊
'နော်ဇာ'
'ရှင်.... ကိုကို'





'ဘာဖြစ်သွားတာလဲ၊ မျက်နှာလေးညှိုးသွားတယ်'
နော်ဇာ ခေါင်းခါလိုက်သည်၊
ကိုကိုရိပ်မိမှာစိုးပြီး မြစ်ပြင်ဘက် ငေးနေမိ၏။

'နော်ဇာ့ရင်ထဲက ခံစားချက်ကို ကိုကိုနားလည်နေတယ်'
နော်ဇာ့မျက်နှာကို ဆွဲမော့ထားရင်း ကိုကိုပြောလေ သည်။

'နော်ဇာ့ကိုသိပ်ချစ်တယ်၊ ဘယ်လိုမှ မကုန်ခန်းနိုင်တဲ့ အချစ်မျိုးနဲ့ကို ချစ်ခဲ့ရတာ'

'နော်ဇာ့အချစ်ကို မပေးနိုင်တဲ့အတွက် ကိုကို့ကိုနော်ဇာ တောင်းပန်ပါရစေ'

နော်ဇာ့အသံက ငိုသံရောစွက်ပြီး နစ်ဝင်သွားလေသည်။
'နော်ဇာ မတုံ့ပြန်နိုင်ပေမယ့် နော်ဇာ့ကိုချစ်နေရရင် ကိုကိုကျေနပ်တယ် နော်ဇာ၊ မင်းဟာ ကိုကို့နှလုံးသားပဲ၊ ပြီးတော့ စိတ်ကူးယဉ်အိပ်မက်၊ ပျော်ရွှင်ခြင်း'

ကိုကိုက နော်ဇာ့ မျက်နှာကိုငုံ့ကြည့်ပြီး ပြောနေသော ကြောင့် ကိုကို့မျက်နှာနှင့် နော်ဇာမျက်နှာက အနီးထပ်နေ သည်။

နော်ဇာ သက်ပြင်းရှိုက်လိုက်မိ၏။
ရင်တထိတ်ထိတ်ခုန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကို့လက်ကို အသာဆွဲဖယ်လိုက်ပြီး မျက်နှာကိုငုံ့
လိုက်သည်။

'ကိုကိုသိပ်ချစ်တဲ့ မျှော်လင့်ချက်လေး နော်ဇာ၊ ထဲ—
မနက်စာစားကြရအောင်'

နော်ဇာ့ပခုံးကို အသာဖက်ပြီး လက်ဖက်ရည် စားပွဲတွ
ဝင်ထိုင်လိုက်၏။

နော်ဇာ့အတွက် လက်ဖက်ရည်ကို သူကိုယ်တိုင်ဖျော်ပေ
သည်။

ပေါင်မုန့်ကို ယိုသုတ်ပေးပြီး နော်ဇာ့နှုတ်ခမ်းဝတွင် ထေ
ပေးလေသည်။

'ကျေးဇူးကိုကို'

နော်ဇာ လက်ဖက်ရည်သောက်ရင်း တွေးနေမိသည်။

ဩော်.... ကိုကိုနှင့်ထွက်လာခဲ့ရသော ခရီးသည် ပျော်
ရွှင်ချမ်းမြေ့ဖွယ် ကောင်းလေစွ။

ဇနီးမောင်နှံနှစ်ဦး၏ လက်ထပ်ကာစ ပျားရည်ဆမ်း ခရီ
ခရီးနှင့် အသွင်တူနေသည် မဟုတ်ပါလား။

'နော်ဇာလေး'

'ကိုကို'





'ပေါင်မုန့်စားဦးလေ'
'တော်ပြီကိုကို'

လက်ဖက်ရည်သောက်ပြီးချိန်တွင် ကိုကိုနှင့်အတူ ကုန်းပတ်
ပေါ်မှာ လမ်းလျှောက်ကြသည်။

ကိုကိုက ဓာတ်ပုံရိုက်ပေးသည်။

နော်ဇာ့စိတ်သည် ပျော်ရွှင်ကြည်နူးနေမိသလို မောင့်ကို
တိရမိတိုင်း တမ်းတလွမ်းဆွတ်စွာ ခံစားနေရသည်။

ဓာတ်ပုံရိုက်ပြီးချိန်တွင် ကိုကိုက နော်ဇာ့ကိုယ်လေးကို
ပွေ့ပြီး ငြိမ်သက်နေ၏။

နော်ဇာ ငြိမ်သက်တွေဝေနေရာမှ ရုန်းထွက်လိုက်ပြီး—
'နော်ဇာ့ကို ခွင့်လွှတ်ပါကိုကို'ဟု နှုတ်ဆက်သည်။ ပြီး
တော့ အောက်ထပ် သူမအခန်းရှိရာသို့ ဆင်းလာခဲ့၏။

အခန်းထဲ ရောက်တော့ Sawadee မဂ္ဂဇင်းဖတ်နေမိ
သည်။

သို့သော် စိတ်ကစာထဲမရောက်။
ပျံလွင့်နေသည်။

ကိုကို့အယုအယ ကြင်နာမှုလေးတွေကို နော်ဇာဘယ်လို
…င်ရပါမလဲ။

ကိုကို့ကို ယယ်ယယ်ကတည်းက သေယာဇဉ် တွယ်တာခဲ့ရ
… နော်ဇာ့အသည်းနှလုံးက ပျော့ပျောင်းနေသည်မဟုတ်
…ား။



www.burmeseclassic.com

www.burmeseclassic.com



မောင်...

မောင်...

မောင့်ကို နော်ဇာအမြဲပဲ ချစ်နေမယ်၊ သစ္စာရှိနေမ...

မောင့်မျက်နှာကို မြင်ယောင်မိပြီး 'သစ္စာ'ဆိုသည့် ...
မြင့်သည့်အရာကို နော်ဇာတွေးနေမိသည်။

....o....



အခန်း (၂)

နော်ဇာအောက်ထပ်သို့ ဆင်းသွားတော့ ဇော်ဦးသာ တစ်ယောက်တည်း ကုန်းပတ်ပေါ်တွင် ကျန်ရစ်ခဲ့၏။

နော်ဇာ့ကို သူ့ရင်ခွင်မှာ ထာဝရထွေးဖက် ထားချင်ပါသည်။

သို့သော် နော်ဇာသည် သူ့အတွက် မနမ်းသင့်သောပန်းဆလေးတစ်ပွင့် ဖြစ်ခဲ့ရပြီမဟုတ်ပါလား....

တစ်ယောက်ဆို တစ်ယောက်တည်း အသည်းနှင့်မျှချစ်ခဲ့ရသည့်မိန်းကလေးမို့ ခုလိုပူးပူးကပ်ကပ် နေရသည့်အချိန်မျိုးတွင် သူ့စိတ်သူ ထိန်းသိမ်းရ ခက်လှပါဘိ။

နော်ဇာ....

နော်ဇာ....

မင်းဟာ ကိုကို့အသည်းနှလုံး....

ကိုကို့မျှော်လင့်ချက်....



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ပျော်ရွှင်ခြင်းပဲ....

နှော်ဇော့အပေါ်မှာ အသည်းနှင့်အောင် ချစ်ခဲ့ရပေမယ့် ကိုကိုသာပြစ်လို့ နောက်ကျခြင်းများစွာနဲ့ ရင်ဆိုင်ခဲ့ရပါလိမ့်....

မြစ်ပြင်ကို ငေးကြည့်နေရင်း သူ့စိတ်အစဉ်သည် လွန်ခဲ့သည့် ခုနစ်နှစ်ဆိုသော အချိန်ကာလဆီသို့ ပြန်လည်ပြေးလွှားဝျက်ရှိသည်။

* အတိတ်ဆိုတာ အိပ်မက်တစ်ခုနှင့် သဏ္ဌာန်တူ၏။
* သို့သော် တစ်ခုတော့ ကွာခြားသည်။
* အိပ်မက်တစ်ခုသည် အချိန်ကာလကြာလာသည်နှင့် မေ့ပျောက်သွားတတ်သော်လည်း....
* အတိတ်ဆိုသော အရာကို အိပ်မက်တစ်ခုလို မေ့ပစ်ရန် မလွယ်ပေ။

....၀....



# (အပိုင်း လေး)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ခြံဝင်းကျယ်ကြီး၏ မြောက်ဘက်ထောင့်တွင် ဆိတ်ဖလူးပန်းရုံကြီးကဖွေးဖွေးလှုပ်အောင် ဖူးပွင့်နေသည်။

အစိမ်းရင့်ရောင်ကြားမှ အဖြူရောင်ပွင့်ချပ်လွှာနှင့် ရွှေနီဝတ်ဆံရှိသော ပန်းပွင့်တို့သည် ဖွေးနေအောင်ပွင့်လျက်ရှိ၏။

ပန်းရုံအောက် မြေပြင်ပေါ်မှာ ပန်းမွေ့ရာခင်းထားသည့်အလား ပန်းပွင့်တွေ ကြဲပြန့်နေလေသည်။

ခြံကျယ်ကြီးအလယ်ရှိ အုတ်ခံရေနံချေးသုတ် အိမ်မြင့်ကြီး၏အပေါ်ဆုံးသုံးထပ် ဝရန်တာမှာ ရပ်လျက် ငေးကြည့်မည်ဆိုပါက ဆိတ်ဖလူးပန်းရုံကြီးကို လှမ်းမြင်နေရသည်။

ဇော်ဦးသာသည် အိမ်မြင့်ကြီး၏ အပေါ်ထပ်မှာရပ်လျက် ဆိတ်ဖလူးပန်းရုံကြီးရှိရာသို့ ငေးမျှော်၍ကြည့်နေမိသည်။

သည်အိမ်ကြီးသို့ သူရောက်လာသည်မှာ မကြာသေးပေ။

ဘရုဏီ၈၁၈၀



www.burmeseclassic.com

သူ့ပခင် ဆုံးပါးခဲ့ပြီးနောက် မိခင်၏ခေါ်ယူခြင်းဖြင့် မွေးဇာတိမြေသို့ ပြန်လာခဲ့သည်မှာ တစ်လနီးပါးမျှသာ ရှိသေးသည်။

သူ့ဖခင်ဆုံးပါးခဲ့ပြီးနောက် မိခင်၏ခေါ်ယူခြင်းဖြင့် မွေးဇာတိမြေသို့ ပြန်လာခဲ့သည်မှာ တစ်လနီးပါးမျှသာရှိသေးသည်။

သူ့မိဘပိုင် စက်လှေမျှားကို ဦးစီးလုပ်ကိုင်ရန် သူပြန်လာခဲ့ရခြင်းပါ။

ရန်ကုန်တွင် စီးပွားရေး လုပ်ငန်းများဖြင့် လေးငါးနှစ်ကျင်လည်နေခဲ့ပြီးမှ မွေးဇာတိမြေသို့ ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဇော်ဦးသာ ငေးကြည့်နေရင်း ဆွံ့အသွားရသည်၊

ဆိတ်ဖလူးပင်အောက်တွင် ငြိမ်သက်စွာ ထိုင်နေသည့် မိန်းကလေးတစ်ဦး။

သည်မိန်းကလေးကို သူ မြင်ခဲ့မိတာ သုံးလေးရက်ရှိခဲ့ပြီ မဟုတ်ပါလား။

ဆိတ်ဖလူးပင်အောက်တွင် နေ့စဉ် ငြိမ်သက်စွာ လာထိုင်နေပြီးမှ ပြန်သွားတတ်သည့် မိန်းကလေးကို သူ သတိပြုမိခဲ့၏။

ဘုရှုထိစာစေ



သည်ကနေ့လည်း ယခင်ရက်များကလိုပင် အဖြူရောင်ဂါဝန်လေးကို ဝတ်ဆင်ထားသည်။

ဆံပင်တွေ ခါးအထိ တိထိပြတ်ပြီး ဖြန့်ချထားသည်။ နက်မှောင်နေသည့် ဆံပင်တွေကြောင့် သူမမျက်နှာလေးကို အသေအချာ မမြင်ရပေ။

ဟော....သူမ ဆိတ်ဖလူးပွင့်တွေ ကောက်နေပြီ။

သူမလက်ထဲတွင် ကျတ်ကျတ်အိတ်တစ်လုံးကို ကိုင်ထားသည်။

ညနေခင်း၏ လေပြေနှင့်အတူ ဆိတ်ဖလူး ပန်းနံ့တွေ ဇော်ဦးသာ နှာခေါင်းထဲသို့ သင်းပျံ့စွာ ဝင်ရောက်လာ၏။

ဇော်ဦးသာ ပြတင်းမှ လှည့်ထွက်လာခဲ့၏။

အိမ်ကြီးပေါ်မှ တစ်လှမ်းချင်း ဆင်းလာခဲ့လေသည်။

ခြံကျယ်ကြီးထဲသို့ရောက်တော့ ဆိတ်ဖလူး ပန်း ရနံ့ ကြိုင်နားသို့ အသာ လျှောက်လာခဲ့သည်။

သူမ ဆိတ်ဖလူးပွင့်တွေ ကောက်နေရာမှ လန့်ဖျပ်သွား၏။

'အို'

ဇော်ဦးသာကိုမြင်တော့ ထိတ်လန့် တုန်ယင်စွာ ထရပ်လိုက်သည်။

ဘုရှုထိစာစေ

www.burmeseclassic.com



'မကြောက်ပါနဲ့၊ မင်းကို စကားပြောချင်လို့ ကိုယ် ရောက်လာခဲ့တာပါ'

'ရှင် ဘယ်သူလဲ'

သူမအသံက ထစ်ငေါ့နေသည်။

'ကိုယ် ဒီခြံကြီးရဲ့ ပိုင်ရှင်ပါ'

'ဒီခြံပိုင်ရှင်က ကြီးကြီးစောတို့ မဟုတ်ဘူးလား'

'ကြီးကြီးစောဆိုတာ ကိုယ့်မေမေလေ၊ ကိုယ်က ရန်ကုန်မှာနေတာ၊ ခုမှ ဒီကို ပြန်ရောက်လာတာပါ'

'ဪ'

သူမမျက်နှာ ဖြူနုနုလေးပေါ်တွင် ဘာမျှ လိမ်းခြယ်ထားခြင်းမရှိပါ။

ဖြူဝင်းသော ပါးပြင်နှစ်ဘက်ပေါ်တွင် အကြောစိမ်းလေးတွေ ယှက်သန်းနေ၏။ မျက်ခုံးနက်နက် နှစ်တန်းလှပစွာ ဆက်နေသည်။ မှာတံချွန်ပြီး နှုတ်ခမ်းတွေ ဖူးကျနလှပသည်။

မျက်နက်ဝန်းတွေမှာ ဆွဲယူ ညှို့ငင်အားတွေ ပြည့်လျှံနေသလို ထင်မိ၏။ သွယ်သောမျက်နှာ၊ ကျော့ရှင်းသောလည်တိုင်နှင့် ဆံပင်နက်နက်များကြောင့် ထူးခြားစွာ လှသူဖြစ်သည်။





အရုပ်က သိပ်မမြင့်လှပေမယ့် နိမ့်သည်ဟုလည်း မဆိုသာပါ။

'ဘာကြည့်တာလဲရှင့်၊ နော်ဇာ့ကို စိတ် စိတ်ဆိုးနေသလား'

သူမ၏ မရဲတရဲ အမေးကြောင့် သူ ပြုံးသည်။

'မင်းနာမည် နော်ဇာတဲ့လား'

'နော်ဇာရွှေဝါပါ'

'ဪ....နာမည်က လှလို့ပဲ ချစ်စရာ ကောင်းပါတယ်'

'ရှင်'

'ခုနက မင်း ဘာမေးတာလဲ'

'နော်ဇာ့ကို ဘာဖြစ်လို့ ကြည့်နေတာလဲသို့'

'လှလို့'

'အို'

'ဟုတ်တယ်၊ မင်း သိပ်လှတယ်၊ ထူးထူးခြားခြားကို လှတာ၊ ဒါကြောင့် စိုက်ကြည့်နေမိတာပါ'

သူ့စကားကြောင့် သူမမျက်နှာ ရှက်သွေးရောင်ဖြန်းပြီး နီမြန်းသွားသည်။

'နော်ဇာ က ဒီခြံကြီးထဲမှာ ပန်းလာခူးတာကို မကျေနပ်လို့ စိုက်ကြည့်နေတယ် ထင်မိလို့ပါရှင်'

'ရပါတယ်၊ မင်း ပန်းလာခူးတဲ့အချိန်တိုင်း ကိုယ် မြင်သားပဲ'



www.burmeseclassic.com

သူမက ဝါဝန့်နွမ်းနွမ်းလေးကို ငုံ့ကြည့်လိုက်ပြီး....

'နော်ဇာတ ကျောင်းစရိတ် လာရှာတာပါ အစ်ကို'

'ဘယ်လို'

'ဒီဒန်းပွင့်လေးတွေကို သီပြီး ရောင်းရတယ်၊ ပြီးတော့ ရတဲ့ပိုက်ဆံနဲ့ စာအုပ်တို့ ဖောင်တိန်တို့ ဝယ်ရတယ်'

'ဪ...ဖြစ်မှ ဖြစ်ရလေကွာ၊ မင်း ဘယ်မှာနေသလဲ'

'ဒီခြံကြီးနဲ့ နှစ်ခြံကျော်မှာပါ'

'ဘယ်သူ့ အိမ်လဲ'

'ဆေးရွက်ကြီး ပွဲရုံပါ အစ်ကို'

'ဪ....သိပြီ၊ မင်းတို့ မိသားစု စီးပွားရေးလည်း ကျပ်တည်းပုံ မရပါလား'

'နော်ဇာ တစ်ယောက်တည်း ကျပ်တည်းတာပါ အစ်ကို'

'ဟင်'

'နော်ဇာ့အတွက် ကျောင်းစရိတ်ကို ဖေဖေ့ ဦးဌေးကြွယ်က မပေးပါဘူး၊ မေမေကလည်း မပေးရဲဘူး၊ ပြီးတော့ ပေးဖို့ငွေလည်း မေမေ့မှာ မရှိရှာဘူး'

'ဖြစ်ရလေကွာ၊ ကဲ....မင်းအကြောင်း စိတ်ဝင်စားလို့ ပြောပြပါဦး'

နော်ဇာ့ရွှေဝါက တွေတွေလေး ငေးနေသည်။

ပြီးမှ သူမအကြောင်းကို ပြောပြသည်။





နော်ဇာ ငါးနှစ်အရွယ်မှာ ဖေဖေ ဆုံးသွားပါတယ်၊ မေမေက သူဌေးဦးဌေးကြွယ်နဲ့ အကြောင်းပါခဲ့ပါတယ်၊ နော်ဇာတို့က ထားဝယ်ကပါ၊ မေမေနဲ့ ဦးဌေးကြွယ် အကြောင်းပါတဲ့နေကစပြီး မြို့တ်မှာ လာနေခဲ့ကြရတာပါ'

'ဟုတ်လား'

'ဟုတ်ပါတယ် အစ်ကို၊ ဦးဌေးကြွယ်က နော်ဇာ့ကို ကျောင်းထုတ်ခိုင်းပါတယ်၊ နော်ဇာ ကျောင်းမထွက်ချင်လို့ ခုချိန်ထိ မထွက်ပါဘူး'

'မင်း မေမေက ဘာမှ မပြောဘူးလား'

'ဦးဌေးကြွယ်ကို မေမေ သိပ်ကြောက်ရပါတယ်၊ ဦးဌေးကြွယ်ရဲ့ သမီးနှစ်ယောက်ကိုလဲ ကြောက်ရပါတယ်'

'ဦးဌေးကြွယ်မှာ သမီးနှစ်ယောက်ရှိတယ် ဆိုပါတော့'

'ဟုတ်ပါတယ် အစ်ကို၊ ဦးဌေးကြွယ်က မုဆိုးဖိုပါ၊ သူ့ သမီး နှစ်ယောက်က ခတ္တာနဲ့ အင်ကြင်းတဲ့'

'ဦးဌေးကြွယ်ရဲ့ သမီးတွေကကော ကျောင်းနေသလား'

'ဟုတ်ကဲ့....နေကြပါတယ်၊ နော်ဇာနဲ့ အတန်း အတူတူ ပါပဲ'

'မင်းက ဘယ်နှစ်တန်းလဲ'

'ဆယ်တန်းပါ အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com



'မင်းအကြောင်း ကြားရတာ သနားစရာပဲ၊ ဒီခြံထဲ
အချိန်မရွေး ပန်းလာကောက်နိုင်ပါတယ်၊ မင်း လိုအပ်
ရှိလဲ ကိုယ့်ကို အကူအညီတောင်းပေါ့ ဟုတ်လား'

သူမ၏ အပြစ်ကင်းစင်သည့် မျက်နှာလေးကို ကြည့်
ပြောလိုက်လေသည်။

နော်ဇာရွှေစါက ခေါင်းကို ဆတ်ခနဲ ညိတ်ပြီး
ရှေ့မှ ထွက်ခွာသွားသည်။

'ဟိုတ်....နေဦး'

'ရှင်'

'ပြန်တော့မှာလားကွ'

'ဟုတ်ကဲ့....ရှင့်'

'နွတ်မဆက်ဘဲ ဘာလို့ လှည့်ပြန်သွားရတာလဲ
မရယ်'

'အိမ်ပြန်ပြီး အလုပ်တွေ အများကြီး လုပ်ရဦးမှာ
အစ်ကို'

'ကဲ....ကဲ ပြန်နိုင်ပါပြီဗျာ'

နော်ဇာရွှေစါက ပန်းထည့်ထားသည့် အိတ်
လက်မှဆွဲပြီး ပြေးထွက်သွားသည်။

အပြာရောင် ပိုးဂါဝန်လေးအောက်မှ သူမ၏ ခြေ
သားဖြူဖြူ စင်းစင်းလေးတွေကို ငေးကြည့်ရင်း သူ
ခဲ့သည်။





* ဦးငွေးကြွယ်က နော်ဇာ့ကို ကျောင်းထုတ်ခိုင်းပါ
တယ်၊ နော်ဇာ ကျောင်းမထွက်ချင်လို့ စုချိန်ထိ
မထွက်ပါဘူး။

* ဦးငွေးကြွယ်က မုဆိုးဖိုပါ၊ သူ့သမီးတွေက ခတ္တာနဲ့
အင်ကြင်းတဲ့။

* ဦးငွေးကြွယ်ရဲ့ သမီးတွေက နော်ဇာနဲ့ အတန်း
အတူတူပါပဲ။

သူမ၏ စကားသံတွေကို မေ့ပျောက်မရနိုင်လောက်အောင်
ဖြစ်နေမိသည် မဟုတ်ပါလား။

—၀—



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'နောက်တစ်နေ့ညနေ....

နေဝ်ဇာဗွေဝါ ပန်းလာကောက်ချိန်ကို ဇော်ဦးသာ စောင့်မျှော်နေမိသည်။

သူသည် ရပ်ကြည့်နေမြဲ ဝရန်တာမှပင် ကြည့်နေမိသည်။

သူမကို ဘာကြောင့်များ မျှော်နေမိပါလိမ့်။

သူမ ရောက်လာချိန်မှာ ရောက်မလာသောကြောင့် ဇော်ဦးသာ စိတ်တွေ မငြိမ်မသက် ဖြစ်နေမိသည်။

ရောမ ဆိတ်ဖလူးပင်ကြီးက အုံ့မခန်း လောက်အောင်ကြီးမားသလောက် အပွင့်တွေက နွေစဉ် ဖွေးဖွေးလှုပ်အောင် ဖူးပွင့်လျက် ရှိသည်။

သုံးရာသီလုံး ပွင့်လေ့ရှိသောကြောင့် အုံ့သြဖွယ်ရာလည်း ကောင်းသည်။





မပြုံ့မပြင်နှင့် ဖြူဖြူစင်စင် ချော်မော်လှပသော သူ ချုပ်သွင်လေးကို မြင်ယောင်မိရင်း သူ သက်ပြင်း ရှိုက်နေမိ သည်။

သူက အသက်သုံးဆယ်နီးပါးအရွယ် လူပျိုလူလွတ် တစ် ယောက်ရယ်ပါ။

သူ့ဘဝတွင် စီးပွားရေးလုပ်ရင်း၊ စာအုပ်အတွေ့ဖတ်ရင်း တပည့်တွေနှင့် အချိန်ကုန်ရင်း အချစ်နှင့် မဆုံခဲ့ရသေးသ

ယခု သည်မိန်းကလေးကိုမြင်မှ သူ စိတ်ဝင်စားခဲ့မိရသည် မဟုတ်ပါလား။

'ဟင်'

သူ စောင့်မျှော်နေစဉ် သူမရောက်လာ၏။

သူမပုံရိပ်လေးက လေထဲတွင်လွင့်ဝဲလာသည့် စွန်တစ်ချပ်နှ တူနေသည်။

အဖြူရောင်ဂါဝန်ကိုပင် ဝတ်ဆင်ထားပြီး ဆံမင်နက်နက် တွေကို ဖဲကြိုးအဖြူရောင်ဖြင့် စည်းထားသည်။

ဆံပင်နက်နက်တွေက သူမအလှအပကို ပိုမို၍သက်ဝင် ထူးခြားစေသည်ဟု ဇော်ဦးသာထင်မိ၏။

ဆိတ်ဖလူးပင်အောက်မှာ သူမငြိမ်သက်စွာထိုင်ပြီး စာ အုပ်တစ်အုပ်ကိုဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဦးသာ ငေးစိုက်ကြည့်နေမိ၏။

သူဘာစာအုပ် ဖတ်နေပါလိမ့်။

စာကျက်နေတာများလား။

စိတ်ဝင်တစားကြည့်နေရာမှ ခြံကျယ်ကြီးထဲသို့ ဆင်းလာခဲ့သည်။

သူမအနီးရောက်တော့ ခြေသံမကြားအောင် ဖွဖွနင်းလာခဲ့၏။

ပြီးတော့ ချောင်းကြည့်လိုက်သည်။

သူမစာကျက်နေခြင်းပါ။

သူမ အနွေ့ာင့်အယှက် ဖြစ်မှာစိုး၍ မာလကာပင်ကြီးနောက်မှာကွယ်ပြီး ရပ်နေမိသည်။

နာရီဝက်ခန့်ကြာသွားသည်။

သူမစာအုပ်ကိုပိတ်လိုက်ပြီး ပန်းပွင့်လေးတွေကို ကြောက်နေသည်။

'ဟိတ်'

'အမလေး'

ဇော်ဦးသာ ပုန်းကွယ်နေရာမှ ရုတ်တရက် ခုန်ထွက်လိုက်သောကြောင့် သူမလန့်အားသည်။





'လန့်သွားသလား'

'ဟုတ်'

'မင်းကိုကြည့်ရတာ နွေကန္တာရဦး ဝတ္ထုထဲက နန္ဒာယ်လိုပဲ'

'ရှင်'

'မင်း ဝတ္ထုဖတ်ဖူးသလား၊ တက္ကသိုလ်ဘုန်းနိုင်ရေးတဲ့ နွေကန္တာရဦးလေ'

'ဟင့်အင်း မဖတ်ဖူးဘူး'

'အဲဒီဝတ္ထုထဲက ကောင်မလေးက မင်းလိုပဲ အိပ်ယန်ကတ်တာ'

'ဟုတ်လား'

'ဒါနဲ့ ဒီနေ့ နောက်ကျလှချည်လား'

'အိမ်မှာ အလုပ်များသွားတယ်၊ မခင်တွာနဲ့ သူငယ်ချင်းတွေ အလည်ရောက်နေကြလို့ မုန့်ဟင်းခါး ချက်ကျွေးခဲ့ရတယ်လေ'

'ခုနက မင်း ဘာစာအုပ် ဖတ်တာလဲ'

'နော်ဇာ စာကျက်တာပါ'

'ဘာစာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'စာတုဗေဒပါ'

'ကျူရှင်ယူသလား'

'မယူပါဘူး'

'မင်း ကျောင်းစာတွေ လိုက်နိုင်ရဲ့လား မနော်ဇာ'

'တစ်ခါတစ်ရံ မလိုက်နိုင်ပါဘူး အစ်ကို'

'ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'နော်ဇာက ကျောင်းမှန်မှန် မတက်ရပါဘူးရှင်'

'ဟင်'

'အိမ်မှာ သိပ်အလုပ်များတဲ့အခါ နော်ဇာ ကျောင်းတက်ဖို့ မေမေက ခွင့်မပြုပါဘူး'

'ညည်း မေမေက တစ်မျိုးပါလား'

'မေမေက ဦးဌေးကြွယ်တို့ သားအဖဘာစိုး ငြိုငြင်မှာစိုးလို့တဲ့'

'ခုနက ဖတ်နေတာတွေ ညည်း ရရဲ့လား'

'ရပါတယ်'

'အခက်အခဲရှိရင်ပြောလေ၊ ကိုယ်ရှင်းပြပါ့မယ်'

'ကျေးဇူးတင်ပါတယ် အစ်ကို'



'ဪ....ပြောရဦးမယ်၊ ငါ့ကို အစ်ကိုလို့ မခေါ်နဲ့'

'ရှင်'

'ကိုကိုလို့ခေါ်'

'ဘာဖြစ်လို့လဲ'

'ကိုကိုဆိုတာ နားဝင်ချိုတယ်'

နော်ဇာရွှေဝါက အဖြေမပေးဘဲ ပြုံးတုံ့တုံ့ လုပ်နေသောကြောင့်....

'ဘယ်လိုလဲ၊ နားမထောင်ဘူးလား'

ဟု ခပ်တည်တည် မေးသည်။

'မသိဘူးလေ'

'မင်း ဘယ်လို ပြောလိုက်တာလဲ၊ ကိုကိုလို့ ခေါ်ကြားလား'

'မခေါ်ရင် ဘာဖြစ်မလဲ'

ကောင်မလေးက အလွှာချည်းပါလားဟု တွေး ပြီး မဲ့ပြုံး ပြုံးလိုက်မိသည်။

'မခေါ်ရင် ဒီခြံထဲ ဘယ်တော့မှ မလာရတော့ဘူး'

သူ့စကားကြောင့် နော်ဇာရွှေဝါက ပခုံး တွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီခြံကြီးထဲဝင်ပြီး ဆိတ်ဖလူးပန်း ကောက်ခဲ့တာ ဆယ်နှစ် ဆယ်မိုး ကျော်ခဲ့ပြီ ရှင့်၊ ခုမှလာပြီး တားဆီးနေတာ ဘာသဘောလဲ'

'အမယ်....မင်းက အလာချည်းပါလား၊ ငါက ကရုဏာဖြစ်နေမိတာ၊ ဒီမှာ ဘာပဲဖြစ်ဖြစ် ဒါ ငါ့ခြံ၊ မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်'

'ကြီးကြီးစောက ခွင့်ပြုထားတာပဲ'

'မေမေ့သဘော တစ်ခုတည်းနဲ့မပြီးဘူး၊ ကိုယ့်သဘောက အဓိကပဲ'

သူ့စကားကြောင့် နော်ဇာ မှိုင်တွေသွားသည်။

သူက နော်ဇာ့မျက်နှာကို ခပ်ပြုံးပြုံး စိုက်ကြည့်ပြီး....

'ကဲ...ပြောလေ၊ ကိုကို ခေါ်မလားလို့'

'ဖုတ်ကဲ့'

'ကဲ....ဒါဖြင့် ရိုဏာဇယ် လုပ်ကြည့်'

နော်ဇာ့ရွှေဝါ နှုတ်ခမ်းစူနေသည်။

'ခေါ်လေကွာ'

'ကိုကို'





'မင်းက လိမ္မာသားပဲ၊ ကဲ ခုချိန်ကစပြီး ဒီခြံကြီးထဲကို အချိန်မရွေး ဝင်ထွက်နိုင်ပါတယ်၊ မင်း လာနေကျ မလွယ်အိတ်ကနေ့ လာမြဲ လာပေါ့ ဟုတ်လား'

'ကျေးဇူး အထူးတင်ပါတယ် ရှင့်'

ပြောပြီး ပန်းပွင့်တွေ ကောက်နေသည်။

ဇော်ဦးသာ လက်ပိုက်ပြီး ရပ်ကြည့်နေရာမှ ပန်းပွင့်တွေ ကောက်ပေးနေမိသည်။

'ဒါနဲ့ မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'ဆယ့်ရှစ်နှစ်'

'မင်း ကြီးစားပေါ့၊ ပညာ မဆိုးပါဘူး'

'နော်ဇာက မတော်ပါဘူး'

ဟု စိတ်ပျက်အားငယ်သွားသည့် အမူအရာဖြင့် ပြောလိုက်၏။

ပန်းပွင့်တစ်ဆုပ်ကို သူမအိတ်ထဲ လှမ်းထည့်ပေးရင်း—

'နော်ဇာ'

'ရှင်'

'ဒီပန်းတွေ ဘယ်မှာရောင်းတာလဲ'

'ပန်းဖောက်သည် ဒေါ်မြမှိဆီ မနက် စောစောတိုင်းသွားပို့ပေးရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်_ဟုတ်လား၊ မင်း ပင်ပန်းမှာပေါ့'

'ည ခေါက်ပြီးချိန်မှာ ပန်းတွေ ပန်းကုံးဖြစ်အော
သီပြီးထားရတယ်၊ မနက်စောစော ခြောက်နာရီအရော
ဒေါ်မြမြိုဆီ ပို့ပေးရတယ်လေ၊ တစ်ခါတလေ ညခုနစ်နာ
လောက် ပို့ရတယ်'

'တစ်နေ့ ဘယ်လောက်ရသလဲ'

'ငွေနှစ်ဆယ်လောက်တော့ ရပါတယ်'

'မင်းကို တစ်နေ့နှစ်ဆယ် ပေးမယ်လေ၊ ပန်းတွေ
မကောက်နဲ့တော့'

'ဘာဖြစ်လို့လဲ၊ နော်ဇာ ပန်းလာကောက်တာ မကြ
ဘူးလား ကိုကို'

'ဟုတ်တယ်'

'နော်ဇာ့ ကျောင်းစရိတ်....'

'မင်း ပင်ပန်းတာ မကြည့်ရက်ဘူး သနားတယ်၊
ကြောင့် မပင်မပန်း တစ်နေ့နှစ်ဆယ်ရအောင် ငါက
ပြုမှာ'

'ဟွန့်....'

'ဘာလဲ မယုံဘူးလား'





'နော်ဇာက သူများအလကားပေးတိုင်း မယူတတ်ပါဘူး
ယ်ဲ မယူချင်ဘူး'

'အတော် စေတနာထားချင်စရာပါလား'

'နော်ဇာက လူဆင်းရဲပေမယ့် မာနတော့ ချမ်းသာတယ်
ကို'

'ကောင်းပါ'

'နော်ဇာ ပြန်တော့မယ်နော်'

'ကောင်းပြီ'

နော်ဇာရွှေဝါ သူ့အနားမှ လှည့်ထွက်သွားသည်။
သူမပုံစံလေးက မပြောင်းလဲ။

ဂါဝန်ဖြူလေးကို နေစဉ်ဝတ်ဆင် ထားလေ့ရှိသည်။
ဆံပင်နက်နက်၊ မျက်ဝန်းတောက်တောက် လေးများ
ပိုင်ရှင်မိန်းမချောလေးကို ဇော်ဦးသာ စိတ်ဝင်စားနေသလို
သံယောဇဉ်ပိုနေမိပြီ မဟုတ်ပါလား'

နော်ဇာ့ခြေသံတွေ တဖြည်းဖြည်းဝေးသွားသည်၊
သို့သော် ဇော်ဦးသာအနီးမှာ နော်ဇာ့အရိပ်ကလေးတွေ
ရှိနေသလိုပါပဲ....

မိန်းကလေးရယ်....
မင်းကိုဘာဖြစ်လို့ သံယောဇဉ် ပိုနေမိပါလိမ့်ကွယ်....
ဇော်ဦးသာ တိတ်တခိုးပြောနေမိသည်။

....၀—



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရက်တွေ ကြာလာသည်နှင့်အမျှ ဇော်ဦးသာနှင့် နော်
တို့ ရင်းနှီးခင်မင်မှုက ပိုလာခဲ့ကြသည်။

သည်ကနေ့ ညနေ နော်ဇာ ပန်းလာကောက်ချိန်
မှောင်နေပြီ။

ဇော်ဦးသာက ဆိတ်ဖလူး ပန်းရုံအောက်မှာ
စောင့်သည်။

'ဟော...နော်ဇာ ရောက်လာပြီလား'

'ဟုတ်ကဲ့'

'နောက်မှပန်းကောက်၊ ခု.... အိမ်ထဲခနလိုက်ခဲ့စမ်း
ဟင်.... ဘာလုပ်ဖို့လဲ'

'မေမေဖျားနေလို့'





'ဟင်.... ကြီးစောဖျားနေတယ်ဟုတ်လား'

'ဟုတ်တယ်၊ မေမေကဖျားပြီး ကယောင်ကတမ်းပြော
နေတာ ကိုကိုတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘူး'

'ဆရာဝန်ခေါ်ပေါ့'

'ခေါ်ပြီးပြီလေ ဒါပေမယ့် မသက်သာဘူး'

'ဟုတ်လား'

'နော်ဇာ့ကိုခေါ်နေတယ်'

နော်ဇာက သူပြောနေသမျှ ခေါင်းတညိတ်ညိတ်နှင့် ဖုံး
ကြည့်နေ၏။

'ကဲ.... လာသွားကြစို့'

သူ့အိမ်ကြီးထဲ ခေါ်လာခဲ့သည်။

ညှိခန်းထဲရောက်တော့ သိုးမွေးထိုးနေသည့် ကြီးကြီး
စောကို တွေ့လိုက်ရသည်။

'ဟင် ကြီးကြီးစောဖျားနေတယ်ဆို'

ကြီးကြီးစောက သိုးမွေးထိုးနေရာမှ ခေါင်းဖြည်းပြီး—

'ဟင် မဖျားပါဘူး၊ ဘယ်သူပြောသလဲ'

'ကိုကိုပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ဒီကောင်ဟာလေ နမိတ်မရှိဘာမရှိ ပြောရော့မယ်'

သားဖြစ်သူ့ကို ပျက်စောင်းခဲလိုက်မှ ဇော်ဦးသာကရယ်လေသည်။

'ဟင် ကိုကိုညစ်တယ်'

'ဟုတ်တယ်မေမေ၊ အုန်းနို့ခေါက်ဆွဲကျွေးချင်လို့ ကျွန်တော်ညာပြီးခေါ်လာတာ'

'ကြည့်စမ်းပါဦး၊ အုန်းနို့ခေါက်ဆွဲ ကျွေးချင်တာနဲ့ ဒီလောက်ပဲညာရသလား၊ မင်းတော့ခက်တယ်'

ကြီးကြီးစော အပြစ်တင်နေသည်။

'လာ.... နော်ဇာ၊ စားကြရအောင်'

နော်ဇာ့လက်တစ်ဘက်ကို ဆုပ်ကိုင်ပြီး ထမင်းစားဆောင်ရှိရာဝင်လာခဲ့လေသည်။

'ကဲ.... ထိုင်'

စားပွဲမှာထိုင်စေပြီး ကိုယ်တိုင်ခေါက်ဆွဲကို ထည့်ကျွေးသည်။

'နော်ဇာ'

'ကိုကို'

'ဘုရားသွားဖူးမလား'





'ကိုကိုသွားချင်သွားလေ၊ နော်ဇာတော့ လိုက်ဖို့မအားဘူး'

'ဟောဗျာ မင်းလေးနဲ့အတူတူ ဖူးချင်လို့ ပြောနေတာဗျ'

'နော်ဇာမှ မအားတာကိုကိုရယ်'

'နော်ဇာ စားလို့ကောင်းသလားဟင်'

'ကောင်းပါတယ် ကိုကို'

'ဒီနေ့ ကိုကိုမွေးနေ့ကွ၊ ဘုရားသွားဖူးကြရအောင်'

'နော်ဇာမှမအားတာ၊ ပြီးတော့မေမေသိသွားရင် အရိုက်ခံရမှာ'

'ဒါဖြင့်ဘယ်မှ မသွားတော့ပါဘူး နော်ဇာရယ်'

'ကိုကို့မွေးနေ့ပွဲအတွက်နော်ဇာ ဘာပေးရမှာပါလိမ့်'

နော်ဇာပြောလိုက်သည်။

'ဘာမှပေးစရာ မလိုပါဘူးကွာ၊ နော်ဇာ့မွေးနေ့က ဘယ်တော့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သန့်ဘက်ခါ'

'ဟုတ်သား၊ ဒါဆို နော်ဇာ့မွေးနေ့အတွက် ကိုကိုအမှတ်တရလက်ဆောင်ပေးမယ်'

'အို.... အားနာစရာ'

'သူစိမ်းတွေမှမဟုတ်တာ'

နော်ဇာက ထိုင်ရာမှထရပ်လိုက်ပြီး....

'ကြီးကြီးစောနား သွားဦးမယ်နော်ကိုကို'

'ကောင်းပြီ'

နော်ဇာ၊ ကြီးကြီးစောအနီးသို့ရောက်လာသည်။

'ကြီးကြီးစော'

'စားပြီးပြီလား ကလေး'

'ဟုတ်'

'ပန်းတွေကောက်ပြီးပြီလား'

'မပြီးသေးဘူး ကြီးကြီးစော၊ ကြီးကြီးစော အဝတ်တွေ မီးပူတိုက်ပေးမယ်လေ'





'သာခုပါရှင်၊ သာခု၊ သာခု၊ အိမ်ကကုလားမတိုက်တဲ့ ဝတ်တွေဝတ်ရတာ စိတ်တိုင်းမကျပါဘူး၊ ငါ့တူမတိုက်ပေး ပဲ အချိုးကျကျ ဝတ်ရတယ်'

ဇော်ဦးသာက နောက်မှရပ်ကြည့်နေရင်း အံ့အားသင့် နေ၏။

'အားနာစရာ မေမေကလဲဗျာ'

'ဟဲ့.... နော်ဇာလေးက ဒီအလုပ်တွေ လုပ်ပေးနေကျ ရှဲလား၊ မင်းကခုမှလာပြီး အားနာမနေပါနဲ့'

ကြီးကြီးစောစကားကို နော်ဇာက ထောက်ခံသည်။

'ဟုတ်တယ်ကိုကို၊ နော်ဇာလုပ်ပေးနေကျပဲ'

'လာ.... နော်ဇာလေး'

ကြီးကြီးစောနောက်သို့ နော်ဇာလိုက်ပါသွားသည်။

အတော်လေးမှောင်မှပင် နော်ဇာပန်းကောက်ပြီး ပြန် သွားတော့၏။

....o....



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်နှစ်ရက်ခန့်အကြာ....

နော်ဇာ နံနက်စောစော အိပ်ရာမှထပြီး ဆိတ် ဖလူး... သွားကောက်တော့ ပန်းပင်ကြီးအောက်တွင် ဇော်ဦး... ကြိုပြီးစောင့်နေတာကိုတွေ့ရသည်။

'နော်ဇာ'

'ဟင့်.... စောစောစီးစီး ကိုကိုရောက်နေတာကိုး'

'စောင့်နေတာကြာပြီ'





နော်ဇာ အံ့ဩရပြန်သည်။

'နော်ဇာ ညက အိပ်ပျော်သလား ဟင်'

ဇော်ဦးသာ အသံက အနည်းငယ် တုန်နေသည်။ နော်ဇာ ...င်တထိတ်ထိတ် ခုန်သွားသည်။ ကိုကို့ အမူအရာတွေ ဘယ်လို ...ဖြစ်နေပါလိမ့်ဟု တွေးပြီး ခေါင်းငုံ့သွားသည်။

'ပန်းပွင့်တွေကို ကိုကို ကူပြီး ကောက်ပေးမယ်'

ဇော်ဦးသာ ဆိတ်ဖလူးပွင့်လေးတွေကို တစ် ပွင့် ချင်း ...ကောက်နေသည်။

ပန်းပွင့်လေးတွေ ကောက်ပြီးသောအခါ ဇော်ဦးသာ၏ ...ကျယ်ကြီးထဲတွင် လမ်းလျှောက်ကြသည်။

ရာသီဥတုက အေးစိမ့်ပြီး နှင်းမှုန် နှင်းစက်လေးတွေ ...ဝေ့ဝဲနေသည်။

'လာ....နော်ဇာ၊ ဒီနေရာလေးမှာ ထိုင်ကြရအောင်'

သရက်ပင်အောက်ရှိ ခုံတန်းလေး ပေါ် တွင် ယှဉ်တွဲ ...ထိုင်လိုက်ကြသည်။

'ဒီကနေ့ နော်ဇာ့ မွေးနေ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

'ရော့...အေဒါ နော်ဇာ့ မွေးနေ့လက်ဆောင်'

နော်ဇာက သူ့လက်ထဲရောက်လာသည့် လက်ဆောင်ကို ကြည့်သည်။

ရွှေရောင်နာရီလေးရယ်ပါ။

'ဟယ်....နာရီလေး'

'နော်ဇာက ကျောင်းသူ၊ ကျောင်းသွားတဲ့အခါ နာရီလေးပတ်ပေါ့၊ အချိန်တိကျမှုရှိဖို့လိုတယ် မဟုတ်လား'

အကောင်းစားအိုမီဂါနာရီလေးကို သူကိုယ်တိုင် ဝတ်ပေးလိုက်သည်။

'ကျေးဇူးပဲ ကိုကို၊ နော်ဇာက ကိုကို့အတွက် မွေးနေ့လက်ဆောင်ကို ကြိုမပေးနိုင်ခဲ့ဘူးနော်'

'ကိစ္စမရှိပါဘူးတွာ'

'ဒါပေမယ့် နော်ဇာ အခု ယူလာခဲ့တယ် ကိုကို့ရဲ့'

အနွေးအင်္ကျီ အိတ်ထဲမှ တိတ်ခွေလေးကို ယူထုတ်ပြီး ပေးသည်။





'ကိုထီး ရဲ့ လက်ရွေးစင်ခွေလေ ကိုကို၊ ကြိုက်တယ် မဟုတ်လား'

'တိတ်ခွေက အသစ်မဟုတ်၊ ဟောင်းနွမ်းနေပေပြီ။

'ဟာ....သိပ်ကြိုက်တာပေါ့ကွာ၊ တစ်သက်လုံး အမှတ်တရ သိမ်းထားမယ်နော်'

'ကိုကိုပေးတဲ့ ဟောဒီနာရီလေးကိုလည်း တစ်သက်လုံး သိမ်းထားပါ့မယ် ကိုကို'

'နော်ဇာ'

'ရှင်...ကိုကို'

'မြတ်နိုးတယ်ဆိုတာ ဘာလဲ'

ဇော်ဦးသာက နော်ဇာ့ကို အမျိုးမျိုး သွေးထိုးစမ်းနေသည်။

နော်ဇာကား ဘာမှ နားလည်ပုံမရ။

သို့သော် ထူးခြားနေသည့် သူ့စကားများကြောင့် ရှင်ခုန်နေသည်။

'ပြောလေ'



www.burmeseclassic.com

www.burmeseclassic.com



'နော်ဇာ ကြားဖူးပါတယ်'

'အဓိပ္ပာယ် သိသလား'

'မသိဘူး'

'မြတ်နိုးတယ်ဆိုတာ ပန်းလေးတစ်ပွင့်ကို တစိမ့်စိမ့် ကြည့်ပြီး မနမ်းရက်လောက်အောင် ခံစားရတာ၊ တချို့ကျတော့လဲ မြတ်နိုးရင်း နမ်းရင်းပဲ'

'ရှင်'

သူက နော်ဇာ့မျက်နှာကို မြတ်နိုးမှုတွေ ပြည့်လျှံနေသည့် မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်မို့ နော်ဇာ အနေခက်လာပြီး ထပြေးရန် ဟန်ပြင်လိုက်၏။

'နော်ဇာ သွားတော့မယ်နော်'

သို့သော် ဇော်ဦးသာက နော်ဇာ့ကိုယ်လေးကို ဆွဲဖက်ထားလိုက်၏။

သူ့ရင်ခွင်ထဲ နော်ဇာ ရောက်သွား၏။

နှစ်ဦးစလုံး ခင်တွေခုန်သွားသည်။

'ဟင့်....လွှတ်ပါ၊ နော်ဇာ ပြန်တော့မယ်'





ဇော်ဦးသာက နော်ဇာ့ကိုယ်လေးကို လွှတ်ပေးလိုက်တော့ ဇာ မျက်နှာ မထားတတ်အောင် ဖြစ်နေသည်။

'နော်ဇာလေး'

'ရှင့်'

'စိတ်ဆိုးသွားသလား'

'ဟင့်အင်း'

'နော်ဇာ့ စိတ်ထဲမှာ ဘာတွေ ဖြစ်နေသလဲ'

ဇော်ဦးသာအား နော်ဇာ့ကို ချစ်နေသည့်အကြောင်း ရင်ဖွင့် ဟိုဟိုသည်သည် နှိုဒါန်းချီနေသည်။

'ကိုကို့ ရင်ထဲမှာ....'

ဇော်ဦးသာက စကားကို ဖြတ်ထားလိုက်၏။ ပြီးမှ ဆက်ပြောသည်။

'နော်ဇာလေးကို အနားမှာ အမြဲရှိနေစေချင်တယ်'

'မေ့စားလိုက်ပေါ့ ကိုကို'

ခက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာက ရှိုးရှိုးသားသား ပြောနေသည်ဟုပင် ထင်နေ

ဆဲပါလား။

'နော်ဇာက သိပ်စကားတတ်တာပဲကွာ'

နော်ဇာ့လက်ကလေး တစ်ဖက်ကို ဆုပ်ညှစ်ပြီး ဇော်ဦးသာ ပြောလိုက်သည်။

'နော်ဇာ့ ပါးလေးတွေ အေးစက်နေတယ် မဟုတ်လား' 'ဟင်'

'ဟို....ဆောင်းလေအေးတွေ တိုက်နေတော့ သိပ်အေး တာပဲနော် မှန်းစမ်း၊ နော်ဇာ့ ပါးပြင်လေးတွေ လက် ကလေးတွေလိုပဲ အေးနေသလားလို့'

သူက နော်ဇာ့ ပါးပြင်နှစ်ဘက်ကို သူ့လက်နှစ်ဘက်ဖြင့် ဖိကိုင်ပြီး စမ်းကြည့်လိုက်၏။

'ဟာ....အရမ်းအေးတာပဲ၊ နွေးသွားအောင် လုပ်ရမယ်'

ပြောပြောဆိုဆို သူ့ပါးပြင်နှင့်ကပ်ပြီး အသာ ရှိုက်နမ်း လိုက်သောကြောင့် နော်ဇာ ဆတ်ခနဲ တုန်ယင် လှုပ်ရှား သွားသည်။

အပျိုရိုင်းလေးမို့ အသက်ရှူ မှားသွားမတတ် လှုပ်ရှား သွားရသည် မဟုတ်ပါလား။





'နော်ဇာ သွားတော့မယ်နော်၊ လွှတ်....လွှတ်ပါ'

ပန်းခြင်းလေးဆွဲပြီး နော်ဇာ ပြေးထွက်သွားလေသည်။

ဇော်ဦးသာ စိတ်ထိခိုက်စွာ ကျွန်ရစ်ခဲ့သည် မဟုတ်ပါ လား။

နော်ဇာ့ကို ရင်ပွင့်မတတ် ချစ်နေမိသော်လည်း ယခု ကဲ့သို့ မပြုမူသင့်ကြောင်း နားလည်စွာ တွေးနေမိသည်၊

အင်း....စိတ်ဆိုတာ ထိန်းချုပ်နိုင်ဖို့ မလွယ်ပါကလား။

နော်ဇာ့ကို သိပ်ချစ်ပါတယ်။

ဒါပေမယ့် ဆယ်တန်းဖြေဖို့ ကြိုးစားနေတဲ့ ပညာရေးကို အနှောင့်အယှက် ပေးသလို ဖြစ်နေရပြီ။

နော်ဇာလေး အရွယ်ရောက်လာမှ လက်ထပ်ဖို့ ကြိုးစား ပါတော့မယ်လေ။

ဇော်ဦးသာ သူ့စိတ်သူ မျိုသိပ်ချုပ်ထိန်းထားရန် ဆုံး ဖြတ်ချက်ချလိုက်သည်။

နော်ဇာရယ်....

သိပ်ချစ်မိတဲ့ လူတစ်ယောက်ကြောင့် မင်းဘဝအတွက် အနှောင့်အယှက် မဖြစ်စေချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့နီးနေလျက်နဲ့ ကိုကို့စိတ်ကိုကို ထိန်းသိမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူးကွယ်....

ဒါကြောင့် မင်းနဲ့ဝေးတဲ့အရပ်ကို ကိုကိုထွက်ခွာသွားပါတော့မယ်....

....၀....



အခန်း (၁)

'မင်း ရန်ကုန်သိပ်ပြန်ချင်တယ်ဆိုတော့ မေမေမတားချင်ပါဘူး၊ ဒါပေမယ့် ဓီလုပ်ငန်းတွေ ဘယ်လိုရှေ့ဆက်ရမှာလဲ'

ကြီးကြီးစောက သားဖြစ်သူကို တားဆီး၍မရမှန်း နားလည်သူမို့ မတားဆီးတော့ပေ။

'ဖေဖေ့မန့်နေဂျာ ဦးညွန့်အေးက သိပ်စိတ်ချရပါတယ် မေမေရယ်၊ ကျွန်တော်ဟိုမှာ ခြောက်လလောက်နေပြီး ပြန်လာခဲ့ပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ မောင်ညွန့်အေးကို လုပ်ငန်းတွေသေချာ လွှဲအပ်ခဲ့ပေါ့'

'ကောင်းပါပြီ မေမေ့'

ဇော်ဦးသာ လုပ်ငန်းများကို ဦးညွန့်အေးနှင့် လွှဲအပ်ပြီး ရန်ကုန်ပြန်ရန်စီစဉ်ခဲ့၏။

သူပြန်မည့်နေ့တွင် နော်ဇာ့ကို နှုတ်မဆက်ခဲ့ပေ။

စာတစ်စောင်ရေးပြီး ထားပစ်ခဲ့၏။

'မေမေ မနက်ဖြန်နော်ဇာလာရင် ဟောဒီအရုပ်လေးပေး လိုက်ပါ၊ ကျွန်တော် ကိုယ်တိုင်လုပ်တဲ့ ပစ်တိုင်းထောင် လေးပဲမေမေ၊ အရုပ်နောက်က ပတ္တာလေးကို ဖွင့်ကြည့်ဖို့ ပြောပေးပါမေမေ'

ပစ်တိုင်းထောင်ရုပ်လေးကို မေမေ့လက်ထဲ လှမ်းပေး ပြီးမှာခဲ့သည်။

ကြီးကြီးခစာက ဘာမှမဝေဖန်၊ မေးမြန်းစပ်စုခြင်း လည်းမရှိ။

အထက်တန်းကျသော စိတ်ထားပိုင်ရှင်ပီပီ သားဖြစ်သူ၏ ခံစားချက်နှင့်စိတ်ဓာတ်ကို ချုပ်ကိုင်လိုသည့်ဆန္ဒ မရှိပေ။





သို့သော် ဇော်ဦးသာက ပွင့်လင်းသူပါ။

'မေမေ'

'ဘာလဲသား'

'နော်ဇာနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ ခံစားချက်ရှိတယ်'

'ဆိုပါဦး'

'ဒီမိန်းကလေးကို ကျွန်တော်မြတ်နိုးတယ်မေမေ၊ ဒါပေ ယ့် သူနဲ့ကျွန်တော်တို့အခြေအနေချင်း ကွာဟနေမလားပဲ'

'မင်းသဘောနဲ့ မင်းဆုံးဖြတ်လေ၊ မေမေ့မှာဆုံးဖြတ် င်ခွင့်မရှိဘူး'

'မေမေသဘောတူသလား'

'ဖြစ်လွယ်ပျက်လွယ်ပြီး ဘာမှမတည်မြဲတဲ့ လောကကြီးမှာ ါဆိုတဲ့အတ္တမာန်မာနမျိုး မရှိပါဘူးသားရယ်၊ ပြီးတော့ ိးစုန်းကြူးမှာလဲ သူ့အလင်းရောင်နဲ့သူပဲ၊ မတူမတန်ဘူး ယ်လို့ အထင်မသေးကောင်းပါဘူးကွယ်'

တရားပြည့်သော မိခင်ဖြစ်သူကို ဇော်ဦးသာ လေးစား ကြည်ညိုစိတ်တွေ ဝင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒါပေမယ့် ကလေးမလေးက ပညာရေးအတွက် အ
ကြိုးမာန်တက်ဖြစ်နေဆဲ ခုလိုအချိန်မျိုးမှာ မင်းစောင့်ထိ
သင့်တယ်'

'ကျွန်တော် သဘောပေါက်ပါတယ် မေမေ'

'စိတ်ချ.... မင်းပေးခဲ့တဲ့အရုပ်ကို ပေးဖြစ်အောင်
လိုက်မယ်'

'ကျေးဇူးတင်ပါတယ်မေမေ'

မိခင်ဖြစ်သူကို နှုတ်ဆက်ကန်တော့ပြီး ဇော်ဦးသာမြ
ဆင်းလာခဲ့သည်၊

....o....



အခန်း(၆)

ကိုကိုပေးခဲ့သည့် ဖစ်တိုင်းထောင်ရုပ်သည် တစ်ပေနီးပါး မြင့်၏။

အရုပ်နောက်ဘက်မှ ပတ္တာလေးကို ဆွဲဖွင့်လိုက်တော့ အံဝှက်လေးထဲမှ စာရွက်ပြာလေးကိုတွေ့ရ၏။

စာရွက်ခေါက်လေးကိုထုတ်ယူပြီး နော်ဇာ ဖြန့်ဖတ်လိုက် သည်။


www.burmeseclassic.com

www.burmeseclassic.com



* ချစ်ရတဲ့ ညီမငယ်နော်ဇာ....

ကိုကိုဒီနေ့မနက် လေယာဉ်နဲ့ ရန်ကုန်ပြန်သွားပါပြီ၊ နော်ဇာ့အတွက်ပစ်တိုင်းထောင်ရုပ်လေး လက်ဆောင် ပေးခဲ့တယ်'

ပစ်တိုင်းထောင်လိုပဲ ပစ်လိုက်တိုင်း၊ ပစ်ချခံရတိုင်း လဲမသွားဘဲအမြဲရပ်တည်နိုင်အောင်လောကဓံတရားကို ကြံ့ကြံ့ခံပြီး ကြိုးစားနိုင်ပါစေလို့ ကိုကိုမှာခဲ့တယ်....

နော်ဇာရဲ့

(ကိုကို)

ဇော်ဦးသာ

နော်ဇာသည် စာဖတ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိ၏။

'ဟဲ.... ဘာဖြစ်လို့လဲနော်ဇာ'

'ကိုကိုကနော်ဇာ့ကို နှုတ်မဆက်ဘဲ တိတ်တိတ်လေးပြန်သွားတယ် ကြီးကြီးစော၊ အဟင့်.... နော်ဇာစိတ်ထိခိုက်တယ်'





'ဩော်.... ပြန်လာမှာပေါ့ ကလေးရယ်'

နော်ဇာသည် စာရွက်လေးကို ပြန်ခေါက်လိုက်ပြီး ပစ်တိုင်းထောင်ရုပ်ထဲ ပြန်ထည့်လိုက်၏။

ပြီးတော့ အရုပ်ကြီးပိုက်ပြီး ပြေးထွက်ခဲ့လေသည်။

ဆိတ်ဖလူးပင်ကြီး အောက်ရောက်တော့ စိတ်နာနာဖြင့် ပန်းပွင့်တွေကို နင်းခြေပစ်ခဲ့မိသည်၊

ထိုနေ့အတွက် ပန်းမကောက်ဖြစ်ခဲ့ပေ။

အိမ်ရောက်တော့ အခန်းထဲဝင်ပြီး တစ်ယောက်တည်း နေမိ၏။

'ဟဲ့.... ဘာဖြစ်နေတာလဲ'

မိခင်ဖြစ်သူက နည်းနည်းမှ မညှာတာပေ။

'ဘာမှမဖြစ်ပါဘူးမေမေ၊ ခေါင်းကိုက်လို့ပါ'

'စည်းစိမ်ကောင်းမနေနဲ့ကောင်မ၊ အဝတ်တွေလျှော်စရာ တယ်မဟုတ်လား'

'ဟိုဘက်ခြံကကိုကို ရန်ကုန်ပြန်သွားပြီ မေမေ'



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူက နှုတ်ခမ်းကိုတွန့်လိုက်ပြီး၊

'အံမယ်လေး၊ ဘာမျှားဖြစ်လာလဲလို့၊ လက်စသပ်... ကျိုကြကောင် ရန်ကုန်ပြန်သွားလို့ ငိုတာကိုး၊ နော... ညည်းနဲ့အဲဒီကောင် ဘယ်လိုပတ်သက်နေလို့လဲ'

'ခင်လို့ပါမေမေ'

'သူဌေးသားပဲ ညည်းကိုတော်ကြာ မေ့သွားမှာ... အလကား စွဲလန်းစရာမဟုတ်တာကို စွဲလန်းနေတယ်'

နော်ဇာမျက်ရည်တွေ စီးကျလာသည်။

သို့သော် မိခင်ဖြစ်သူ၏စကားက နော်ဇာ့အသည်း... စွဲသွားသည် မဟုတ်ပါလား။

* သူဌေးသားပဲ ညည်းကိုတော်ကြာ မေ့သွားမှာ... အလကားစွဲလမ်းစရာမဟုတ်တာကို စွဲလန်းနေတယ်...

....o....



အခန်း (၃)

သည်လိုနှင့်—

တစ်နှစ်နီးပါးခန့် ကြာခဲ့သည်။

နောက်တစ်နှစ် ဆောင်းဦးပေါက် ရာသီတွင် ဇော်ဦးသာ... ...တ်သို့ပြန်ရောက်လာလေသည်။

အိမ်ပြန်ရောက်လာသည်နှင့် သူ့ရင်ထဲမှာ ဟာသွားရ... ...သည်။

နော်ဇာတို့မိသားစု ပြောင်းရွှေ့သွားကြပြီတဲ့....



www.burmeseclassic.com

www.burmeseclassic.com



'ရန်ကုန်ကို ပြောင်းသွားတာတဲ့ သားရယ်၊ တစ်ယောက် မွှလဲ့နှုတ်ဆက်မသွားကြတော့ ဘယ်သိမလဲကွယ်၊ ကောင်လေးကို မမြင်တာကြာမှ မေးမြန်းကြည့်ပြီး သိရတာ'

ဇော်ဦးသာ တတ်နိုင်သလောက် စုံစမ်းခဲ့ပါသည်။

သို့သော် ဘယ်သူ့ကိုမှ မေး၍မရ။

ရန်ကုန်ကို ပြောင်းသွားတယ်ဟုသာ သိခဲ့ရသော်လည်း ဘယ်နေရာဟူ၍ အတိအကျမသိခဲ့ရပေ။

နော်ဇာရယ်....

တကယ်တော့ မြန်မာပြည်ဆိုတာ ကျဉ်းကျဉ်းလေးပါ

ရန်ကုန်ဆိုတာ ပို့ပြီးကျဉ်းတယ်'

ဒါပေမယ့် နှစ်အတော်ကြာ နော်ဇာ့ကို ရှာလို့မတွေ့ဘူးလေ....

မြစ်ပြင်ကိုဖြတ်ပြီး တိုက်ခတ်လာသည့် ဆောင်းလေအေးတွင် ဆိတ်ဖလူးပန်းရနံ့တို့ သင်းပျံ့၍ ပါလာသလိုထင်မှားနေမိ၏။

သူ့ရင်သည် ယနေ့ထက်တိုင် ဆိတ်ဖလူးပန်းရနံ့များ ထုံသင်းမွှေးပျံ့လျက် ရှိနေဆဲပင် မဟုတ်ပါလား။





* အတိတ်ဆိုတာ အိပ်မက်တစ်ခုနှင့် သဏ္ဌာန်တူ၏။
* သို့သော် တစ်ခုတော့ ကွာခြားသည်။
* အိပ်မက်တစ်ခုသည် အချိန်ကာလ ကြာလာသည်နှင့် မေ့ပျောက်သွားတတ်သော်လည်း—
* အတိတ်ဆိုသောအရာကို အိပ်မက်တစ်ခုလို မေ့ပစ်ရန် မလွယ်ပေ။

...၁...



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (ငါး)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အေးအေးဆေးဆေး စိမ်ပြေနပြေ ခုတ်မောင်းခဲ့၍ထင့်....

သူ့စက်လှေသည်လမ်းတွင် နှစ်ညနားပြီးမှပင် မြိတ်သို့ ဆိုက်ရောက်ခဲ့သည်။

ကြီးမားသော ခြံဝင်းကျယ်ကြီးအလယ်ရှိ အုတ်ခံပျဉ်ထောင် အိမ်မြင့်ကြီးသည် ရေနံချေးများ နက်ပြောင်လျက် ယခင်အတိုင်း မပြောင်းမလဲရှိနေသည်။

ဇော်ဦးသာတို့ သားအမိပိုင် ရွှေအိမ်ကြီးရယ်ပါ။

ဘရက်ဇာဝါ၁၉၆၀

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်လာကတည်းက ဆိတ်ဖလူးပန်းရနံ့တွေ သင်းပျံ့လာသည်။

လာကြိုသောကားသည် အိမ်ကြီး၏ ဆင်ဝင်အောက်တွင် ရပ်သွား၏။

'လာ... နော်ဇာ၊ မေမေမြင်ရင် သိပ်ဝမ်းသာမှာပဲ'

နော်ဇာသည် ကိုကို့နောက်မှ လိုက်လာရင်း အိမ်ကြီးတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်နေမိသည်။

ဘာတစ်ခုမှ မပြောင်းလဲပေ။

အားလုံးယခင်အတိုင်းပင်။

အောက်ထပ် ဧည့်ခန်းကျယ်ကြီးထဲတွင် မှတ်သိပ်နေသည့် ဓာတ်ပုံများသည် ချိတ်ဆွဲထားလျက်ပင်ရှိနေ၏။

ရှေးဟောင်း ကုလားထိုင်ကြီးများပေါ်မှ ညစ်ထပ်ထပ် ထိုင်ဖုံများက ယခင်အတိုင်း မပြောင်းလဲသေးပေ။

ထွေးခံအကြီးစားတွေက ဟိုနားတစ်လုံး၊ သည်နားတစ်လုံးရှိနေကြပြီး ရေမကြေးကွမ်းအစ်ကြီးက ဧည့်ခန်းအလယ်ရှိ စားပွဲပေါ်တွင် ရှိနေ၏။





'ဘာကြည့်နေတာလဲ၊ မမြင်ဖူးတဲ့အတိုင်းပဲကွာ၊ လာ....'

ကိုကိုက ငေးကြောင်ကြောင် နော်ဇာ့ကို စိတ်မရှည်စွာ ဆွဲခေါ်လာခဲ့လေသည်။

အိမ်ကြီးအပေါ်ထပ်တွင် ကြီးကြီးစော အခန်းရှိသည်။

'ကဲ.... မေမေ့ကို နှုတ်ဆက်လိုက်နော်ဇာ'

ကြီးကြီးစော အခန်းသို့ရောက်တော့ ဇော်ဦးသာပြောသည်၊

နော်ဇာက ကြီးကြီးစောထိုင်နေသည့် ဖရင်းဘက်ခ်အနီးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး....

'ကြီးကြီးစော'ဟုခေါ်လိုက်သည်။

'ဟင်.... ညည်းကဘယ်သူလဲ'

ကြီးကြီးစောက လုံးဝမမှတ်မိ၊

နော်ဇာက ပြုံးရယ်လိုက်ပြီး....

'နော်ဇာလေ ကြီးကြီးစော၊ နော်ဇာ့ကို မှတ်မိလားဟင်'

ဟုမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးစောက မျက်မှောင်တွန့်ပြီး စဉ်းစားနေသည်။

'ဟိုး... သုံးခြံကျော်မှာ နေသွားဖူးတဲ့ နော်ဇာပါ ကြီးကြီးစော၊ ဆိတ်ဖလူးပွင့်တွေ လာကောက်တဲ့သူလေ'

သည်တော့မှပင် ကြီးကြီးစော မှတ်မိသွားပုံဖြင့်....

'အို...နော်ဇာလေး၊ ဟယ်လှလိုက်တာ ဘယ်လိုကဘယ်လို ရောက်လာတာလဲ'

အံ့ဩခြင်းကြီးစွာဖြင့်မေးသည်။

'ဟိုမှာလေကြီးကြီးစော၊ ကိုကိုနဲ့လိုက်လာခဲ့တာ'

ကိုကိုကအခန်းဝတွင် ရပ်နေရာမှ အခန်းထဲဝင်လာသည်။

'ဟင်... သား အကြောင်းမကြား ဘာမကြားနဲ့လား'

ဇော်ဦးသာက မိခင်ရှေ့တွင် ခေါင်းငုံ့ရှိကျိုးစွာထိုင်ချ လိုက်သည်။

သဘောသဆိပ်ရောက်မှ ဦးကြိုင်ဆီ ဖုန်းဆက်လိုက်တာပါ မေမေ၊ မေမေအံ့ဩသွားအောင် အိမ်ရောက်မှ အသိပေးဖို့ သားအားလုံးကို မှာထားလို့ပါ'





သားဖြစ်သူရှင်းပြနေတာကို ကျေနပ်စွာခေါင်းညိတ်ရင်း ကြီးစော ဝမ်းသာပျော်ရွှင်နေလေသည်။

'ဒါနဲ့ နော်ဇာလေးနဲ့ ဘယ်လို ဆုံခဲ့ကြတာလဲ၊ မင်းတို့ လက်ထပ်ခဲ့ပြီးကြပြီလား'

ကြီးကြီးစော အမေးကြောင့် နော်ဇာ့ မျက်နှာလေး မြန်းသွားသည်။

ဇော်ဦးသာမျက်နှာ ညှိုးကျသွား၏။

မိခင်ဖြစ်သူသည် မိမိ ခံစားချက်ကို အသိဆုံးပင် မဟုတ် ပါလား။

'လက်မထပ်ရသေးပါဘူး မေမေ'

မိခင်ကို မရှုတ်မလွန် ဖြေလိုက်ပြီး နော်ဇာ့ကို တောင်းပန် သလို ကြည့်သည်။

'သမီးလေးရယ်၊ သားက သမီးကို နှစ်အတော်ကြာ ခဲ့တာကွယ်၊ ခုမှပဲ ပြန်တွေ့လာကြတယ် ထင်ပါရဲ့'

နော်ဇာ စိတ်ထိခိုက်သွားမိသည်။

ဪ....ကိုကို....ကိုကို....



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာ့ကို သူ နှစ်အတော်ကြာ ရှာခဲ့တာတိုး။

သူ့ မိခင်ပင် သိနေသည့် အဖြစ်ပါ။

'ကြီးကြီးစော နေမကောင်းဘူးဆို၊ အဲဒါ မြို့ နော်ဇာ ခွင့်ယူပြီး လိုက်လာခဲ့တာပါ'

'ခွင့်ယူပြီး လိုက်လာတာ ဟုတ်လား၊ သမီးက ဘာ နေလဲ၊ ဆရာမလား'

နော်ဇာ ခေါင်းညိတ်သည်။

'ကျောင်းဆရာမနော်'

'မဟုတ်ဘူး၊ သူနာပြု ဆရာမပါ'

'မွန်မြတ်တဲ့ အလုပ်တွေပဲကွယ်'

ဇော်ဦးသာက မိခင်ဖြစ်သူကို နှုတ်ဆက်ပြီး အခန်းထဲ ထွက်သွားသည်။

ခဏကြာတော့ မိခင်အတွက် ဝယ်လာခဲ့သည့် ပစ္စည်းတွေ ယူပြီး ပြန်လာခဲ့၏။

'သား ဘယ်သွားတာလဲကွယ်'

အရကီစာစဉ



'ကားပေါ်မှာ ကျန်ခဲ့တာတွေ သွားယူတာပါ မေမေ၊ ဟာဒီမှာ မေမေကြိုက်တဲ့ စပျစ်သီးခြောက်ယို၊ ဒါက ကြက်အူချောင်း၊ ဒါက သစ်သီးကိတ်တွေ၊ ဒါက လိမ္မော်သီး မေမေ'

'စုံနေတာပဲ သားရယ်'

'ဒါက ဇာပျံလေးလျှက်ဆား၊ ဒါကတော့ မောရိယ နိုင်းဆေး၊ ဒါက ပလူဇီမင်အားဆေး'

'သာဓုကွယ်....သာဓု....သာဓု၊ ငါ့သား ကျမ်းမာချမ်းသာ ပါစေ'

'ကျွန်တော် ခန နားဦးမယ်နော် မေမေ'

'ကောင်းပြီကွယ်၊ ကောင်းပြီ'

နော်ဇာ့ မျက်နှာကို တစ်ချက်စိုက်ကြည့်ပြီး သူ လှည့်ထွက် သွားသည်။

'ကြီးကြီးစော နေကောင်းတယ်နော်'

နော်ဇာက နားမလည်စွာ မေးနေသည်။

အရကီစာစဉ

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ် သမီးရဲ့၊ ဘာရောဂါမှ ထူးထူးထွေထွေ မရှိပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ'

'ဘာမှမဖြစ်ပါဘူး ကြီးကြီးဇော'

အတော်လေး နာမကျန်းဖြစ်နေသည်ဟုပြောပြီး ထို... ခေါ်လာခဲ့သောကြောင့် နော်ဇာ မေးမိခြင်းပါ။

ခုမှ နားလည်ရသည်။

နော်ဇာ့ကို တမင်ညာပြီး ခေါ်လာခဲ့တာကိုး။

ဘာပဲဖြစ်ဖြစ် ကြီးကြီးဇောနှင့် တွေ့ရသော ကြောင့် နော်ဇာ ကျေနပ်နေမိပါသည်။

---o---



## အခန်း (၂)

နောက်တစ်နေ့နံနက်တွင် နော်ဇာ အိပ်ရာမှ စောစောပင် နိုးလာသည်။

သူမ မျက်နှာသစ်၊ ဖြီးလိမ်းပြင်ဆင်ပြီး ခြံထဲသို့ ဆင်းလာခဲ့သည်။

ခြံမြောက်ဘက်ရှိ ဆိတ်ဖလူး ပန်းရုံကြီးက သူမကို ဆီးကြိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးရာသီလုံး ဖူးပွင့်လျက်ရှိသည့် ဆိတ်ဖလူးပန်းချုံ
သည် လေအဟုန်ကြီးနှင့် မြွက်များ ထွေထပ်သိပ်သည်းနေ

အဖြူရောင် ပွင့်ချပ်လွှာနှင့် ရွှေနီရောင် ဝတ်ဆံရှိသော
ဆွတ်ပွင့်တို့သည် ဖွေးဖွေးလှုပ်အောင် ပွင့်လျက်ရှိသည်။

ပတ်ဝန်းကျင် တစ်ခုလုံး ပန်းရနံ့တို့ဖြင့် ထုံသ
မွှေးကြိုင်နေ၏။ ပန်းရုံအောက် မြေပြင်ပေါ်မှာ ပန်းမွှေ
ခင်းထားသည့်အလား လှပနေသည်။

နော်ဇာသည် ဆိတ်ဖလူးပွင့်လေးတွေကို ကောက်နေမိရင်း
ငယ်စဉ်ဘဝကို ပြန်လည် သတိရနေမိသည်။

နော်ဇာ ဆယ်တန်း အောင်သည့် နှစ်မှာ ရန်ကုန်
အားလုံး ပြောင်းရွှေ့ခဲ့ကြရ၏။

ရန်ကုန်တွင် တက္ကသိုလ် တက်နေဆဲ ဒုတိယနှစ်ဖြေဆိုပြီး
ချိန်တွင် မိခင် ဆုံးပါးခဲ့သည်။

မိခင်ဆုံးပါးသွားချိန်တွင် နော်ဇာ အလူးအလဲ ခံစား
ခဲ့ရသည်။

သို့သော် ကိုကို့ ပစ်တိုင်းထောင်ရုပ်လေးက နော်ဇာ့
အားတင်းစေခဲ့၏။





❀ ပစ်တိုင်းထောင်လိုပဲ ပစ်လိုက်တိုင်း၊ ပစ်ချတာ ခံရ
တိုင်း လဲကျမသွားဘဲ အမြဲ ရပ်တည်နိုင်အောင်
လောကဓံတရားကို ကြံ့ကြံ့ခံပြီး ကြိုးစားနိုင်ပါ
စေတဲ့....

ဖေဘ်ဦးသာ၏ စာတစ်စောင်သည် နော်ဇာ့ဘဝအတွက်
င်အားလမ်းပြ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

နော်ဇာ အားတင်းခဲ့၏။

သူနာပြု တက္ကသိုလ် ဆက်တက်ခဲ့ပြီး တစ်ဖက်မှလည်း
ရအောင် စာပေးစာယူ ဖြေခဲ့သည်။

သူနာပြု တက္ကသိုလ်တွင် သုံးနှစ်ခွဲခန့် တက်ရောက်ခဲ့ပြီး
သူနာပြု ဆရာမအဖြစ် ဘဝရပ်တည်ခဲ့လေသည်။

'နော်ဇာ'

နော်ဇာ့ ပခုံး တစ်ဘက်ကို ဆုပ်ကိုင်လိုက်ပြီး ကိုကို
ခေါ်သည်။

'ကိုကို'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်တည်း ဘာတွေတွေးနေသလဲ၊ ကိုကိုမော
နေတာကြာပြီ'

'ယယ်ယယ်တုန်းက အကြောင်းတွေပါကိုကို၊ ကိုကိုပေး
ခဲ့တဲ့ ပစ်တိုင်းထောင်ရုပ်လေးလေ၊ ခုထိနှော်ဇာသိမ်းထား
တယ်'

'နှာရီလေးကော'

'အဲဒါလဲရှိတယ်'

'နှော်ဇာပေးခဲ့တဲ့ စိုင်းထီးဆိုင်ရဲ့ လက်ဖွေးစင်ခွေ
လေ၊ ခုထိ ကိုကိုအမှတ်တရ သိမ်းထားတယ်နှော်ဇာ'

'ဒီပန်းပင်ကြီးက ရောမအပင်ကြီး ဖြစ်လာတယ်နှော
ကိုကို'

'ဟုတ်တယ်၊ နှော်ဇာ့ကို အနှစ်နှစ်အလလ စွဲလန်းရှာ
ခဲ့ရတဲ့ ကိုကို့ခံစားချက်တွေကလည်း ရောမအဆောက်အ
ကြီးဖြစ်နေပြီလေ'

'ပြောရင်း မချင့်မရဲဖြစ်လာသလို နှော်ဇာ့ကိုသူ့ရင်
ထဲဆွဲသွင်းလိုက်လေသည်။





'ကိုကို၊ ကြိုးကြိုးစောမြင်သွားပါမယ် လွှတ်ပါ'

'မြင်ပါစေ၊ တစ်လောကလုံးမြင်မြင် ဂရုမစိုက်ပါဘူး'

'နှော်ဇာ့မှာ စေ့စပ်ထားတဲ့သူရှိတယ်ဆိုတာ ကိုကိုမေ့
မထားစေချင်ဘူး ခွင့်လွှတ်ပါ'

သူသက်ပြင်းရှိုက်ပြီး နှော်ဇာ့ကိုလွှတ်လိုက်၏။

သူ့မျက်နှာသည် ရွာတော့မည့်မိုးလို ညိုနေသည်။

'တစ်ခါတုန်းက နှော်ဇာ့ကိုချစ်တဲ့အကြောင်း ဖွင့်ပြော
မိမှာစိုးလို့ တမင်ရှောင်သွားခဲ့ဖူးတယ်၊ ပြန်ရောက်လာတော့
နှော်ဇာတို့မရှိကြတော့ဘူး'

သူ့အသံက ဆို့နင့်အက်ကွဲနေ၏။

မျက်ဝန်းတွေမှာ မျက်ရည်တွေ ရစ်ဝိုင်းနေသည်။

'ဒီအကြောင်းတွေကို နှော်ဇာနားလည်ပါတယ် ကိုကို၊
အားလုံး ကိုကိုပြောပြလို့ သိပြီးပါပြီ'

'ဟုတ်တယ်၊ ခုလည်း နှော်ဇာ့ကို အတင်းအကျပ်ချစ်
မိမှာစိုးလို့ ကိုကိုသွားတော့မယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'
'ခီထနေ့ညပဲ ကော့သောင်းကို ခရီးဆက်မယ်'
'နော်ဇာ့ကို ထားရစ်ခဲ့ဦးမှာလား'

'လောင်စာနဲ့မီးဆိုတာ နီးနီးမနေသင့်ဘူး၊ ထပြီးလော ကျွံသွားရင် ဘယ်လိုလုပ်မလဲ'

ပြောပြီး သူအံကြိတ်နေ၏။
'ကိုကိုပြောတာ နော်ဇာသဘောပေါက်မှာပါ'
'ဟုတ် ဟုတ်ပါတယ်ကိုကို'

'မင်းနဲ့နီးနီးနေရင် မင်းကိုသိပ်ချစ်မိမှာပေါ့၊ ဒါကြောင့် ကိုကိုသွားတော့မယ်၊ နော်ဇာခွင့်ရက်ကုန်တာနဲ့ ပြန်လာခေါ်မယ်ဟုတ်လား'

နော်ဇာ့ပါးပြင်ပေါ်သို့ မျက်ရည်စက်တွေ စီးကျလာလေသည်။

ဝမ်းနည်းခြင်း။
ထိခိုက်နာကျင်ခြင်းတွေကြောင့် စီးကျလာတဲ့ မျက်ရည်တွေပါကိုကို....

'နော်ဇာဘာဖြစ်လို့ ငိုတာလဲ'





'နော်ဇာ စိတ်ထိခိုက်လို့ပါ'

ဇော်ဦးသာက နော်ဇာ့ကို တွေတွေကြီး စိုက်ကြည့်နေ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။

ကိုကိုတို့နှစ်တွေ သည်လောက်ကြာကြာဘာဖြစ်လို့ကွဲကွာနေခဲ့ကြတာလဲ၊နော်ဇာ ပြောစမ်း၊ ဘာဖြစ်လို့ နောက်ကျခြင်းများစွာနဲ့ ရင်ဆိုင်ခဲ့ကြရတာလဲ'

နော်ဇာ ဘာမှမပြော။

စိတ်တွေ ရှုပ်ထွေးနောက်ကျိနေသည် မဟုတ်ပါလား။

မောင်ဆိုသည့်အသိက နော်ဇာ့နှလုံးသားကို လွှမ်းမိုးထားသည်မို့ ကိုကို့အချစ်ကို မတုံ့ပြန်နိုင်ပါ။

'နော်ဇာ့ကို ခွင့်လွှတ်ပါ'

ဇော်ဦးသာ လှည့်ထွက်သွားတော့၏။

ပန်းပွင့်တွေ ပြန့်ကြဲနေသည့် မြေပြင်ပေါ်တွင် နော်ဇာ ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဖဝါးနှစ်ဘက်ဖြင့် အုပ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



One love that is shared by two.

(But)

Love ageless and evergreen seldom seen by two.

—o....



အခန်း (၃)

သီတာဒေဝီ၏ သစ္စာနှင့်သတ္တိ။

သီတာဒေဝီသည် ရာမမင်းသားကို ရည်စူး၍လှူမည်ဟု ကြံရွယ်ကာ သစ်သီးကို ဆောင်ယူလျက် ဆွမ်းလောင်းရန် စည်းပြင်ပသို့ ထွက်လာသည်။

စည်းပြင်သို့ သီတာဒေဝီ ရောက်သည်နှင့် တပြိုင်နက် ဒသာဂီရိသည် အပေါ်ရုံသက်န်းကိုစွန့်ခွာ၍ သီတာကိုခြေသက်လှန်ဖမ်းယူပြီးလျှင် သူ၏ပန်းရထားဖြင့် ဆောင်ယူလျက် လင်္ကာဒီပသို့ အပြင်းနှင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဒါဒီပတွင် သော်ကညယျာဥ်၌ သီတာကိုအကျယ်ချုပ်ထားသည်။ ဘီလူးမလက်ပါးစေ တစ်ဦးကို စောင့်စေ၍ သီတာကို ဒသာဂီရိဘက်ပါလာအောင် အမျိုးမျိုးဆွဲဆောင်စေသည်။ ဒသာဂီရိသည် တိုင်းကြီးပြည်ကြီးရှင် ဖြစ်ကြောင်း၊ ကျောက်သံပတ္တမြား အစရှိသည့် ရတနာအမြောက်အများကို ပိုင်သူဖြစ်ကြောင်း၊ ကောင်းကင်၌ လှည့်လည်သွားလာနိုင်သော မန်းရထား ပိုင်ရှင်ဖြစ်ကြောင်း အမျိုးမျိုးချော့မြူပြောဆိုစေသည်။

ဒသာဂီရိသည် သော်ကညယျာဥ်သို့ကြွလာ၍ သီတာအား သုံးခွန်းသောစကားကိုဆိုသည်။ သီတာဒေဝီက နည်းနည်းမျှ မတိမ်းညွတ်၊ ရာမမင်းသားအပေါ်တွင် သစ္စာကြီးစွာထားလေသည်။

ဒသာဂီရိကိုရာမကလေးဖြင့် ပစ်ခွင်းအောင်နိုင်ခဲ့ပြီးနောက် သီတာဒေဝီသည် ရာမလက်သို့ပြန်ပါလာခဲ့ပြီးသစ္စာဆိုခဲ့သည်။

သီတာဒေဝီသည် သစ္စာတည်တံ့သောကြောင့် မီးပုံတွင်းခုန်ဆင်းခဲ့သော်လည်း မီးငြိမ်းသွားပြီး ကြာပန်းကြာစွယ်များပေါက်လာသည်။

ချစ်သူအပေါ် သစ္စာစောင့်သိခဲ့သော မိန်းမသားတစ်ဦး၏ ကြီးကျယ်မြင့်မြတ်ခြင်းကို နော်ဇာတွေးနေမိသည်။





တကယ်တော့ ကိုကိုက ဒသာဂီရိမဟုတ်ပါဘူး။

မောင်ကလည်း ရာမ မဟုတ်ဘူး။

နော်ဇာ့အဖြစ်က သီတာဒေဝီနဲ့တူနေတာ။

ပေါက်ကွဲလုဆဲဆဲ ကိုကို့အချစ်ကို နော်ဇာအချိန်မီ ထိန်းသိမ်းပေးခဲ့သည်မှာ အကြိမ်ကြိမ်ပင် ဖြစ်တော့၏။

မောင့်ကို ဘာဖြစ်လို့များ သည်လောက် ချစ်နေမိပါလိမ့်။

နော်ဇာနှင့် မျက်နှာကြော မတည့်ခဲ့သည့်မောင့်ကို ချစ်ခဲ့မိတာ ဆန်းတော့ဆန်းကြယ်လှသည် မဟုတ်ပါလား။

အစတုန်းကမောင့်ကို ချစ်မိလိမ့်မည်ဟု နော်ဇာမထင်ခဲ့မိ။

....၀....



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (ခြောက်)

ဘုရဆီစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ဖုန်တွေ အလိပ်လိုက်တက်လာသည့်ကြားမှ ပတ်ဝန်းကျင်ကို အားယူပြီး ကြည့်လိုက်မိသည်။

ခြစ်ခြစ်တောက် ပူပြင်းသည့် နေမင်း၏ အပူရှိန်အောက်တွင် ပါ်ဘလစ်ကာ ကားလေးသည် အလူးလူး အလိမ့်လိမ့် ခရီးနှင်လျှက်ရှိ၏။

ကျောက်ခင်းရန် မြေညှိထားဆဲမို့ လမ်းက မကောင်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com



အချို့နေရာတွင် ကျောက်ခင်းပြီး ဖြစ်သော်လည်း ဒီ နေရာ တစ်လျှောက်မှာတော့ ကျောက်မခင်းရသေး။

'အဟမ်း...ဟတ်ချိုး'

အလိပ်လိုက်တက်လာသည့် ဖုန်လုံးကြီးတွေကြားမှ လေပွေက တစ်ချက်ပြီးတစ်ချက် ဝေ့ယမ်း တိုက်ခတ်သွားတတ်၏။

လေပွေကြောင့် ဖုန်တွေက ပိုပြီး ကြွလာလေသည်။

'ကိုချောရယ် ဟိုဘက်လမ်းက မောင်းရောပေါ့၊ ဒီလမ်းက ဖုန်သိပ်ထူတာပဲ၊ နောက်ခန်းက ခရေတို့ အုပ်စုတော့ ဖုန်မှုန်ပြီး သေလောက်ပြီ'

နော်ဇာသည် နောက်ခန်းမှာ မျက်နှာသုတ် ပဝါဖြင့် မျက်နှာပေါ် အုပ်ပြီး လူးလှိမ့်နေကြသည့် သူငယ်ချင်းများကို ကြည့်ပြီး စိတ်ထိခိုက်စွာ ပြောလိုက်မိ၏။

ဒေါက်တာညိုချောလူက သူ့ကို ဘာပဲပြောပြော စိတ်မဆိုးပါ။

နော်ဇာ့ မျက်နှာထား မြင်နေရလျှင် ဘယ်နေရာပဲ မောင်းရမောင်းရ ကျေနပ်သူ ဖြစ်၏။





'ဒီလမ်းက ဖြတ်လမ်းဆိုတော့ ပိုနီးလာယ် နော်ဇာ၊ ဒါကြောင့် မောင်းလာမိတာ'

သင်္ကြန်မကျမီ တစ်ရက်ကြိုပြီး နော်ဇာတို့အုပ်စု လက်ခုပ်ကုန်းကမ်းခြေသို့ ဆင်းလာခဲ့ကြခြင်း ဖြစ်သည်။

ရန်ကုန်မှ ဒလဘက်ဆိပ်ကမ်းသို့ ကားတင်ဇက်ဖြင့် ကူးလာခဲ့ပြီး ဒလမှ ခရီးဆက်ခဲ့ကြခြင်း ဖြစ်သည်။

ကွမ်းခြံကုန်းသို့ $\frac{၂၀}{၇}$ မိုင်

ကော့မှူးသို့ ၁၂ မိုင်

ဆိုသည့် ဆိုင်းဘုတ်လေးရောက်တော့ ကားက ကွမ်းခြံကုန်းဘက် ချိုးကွေ့မောင်းလာခဲ့သည်။

သို့သော် လမ်းရိုးရိုးအတိုင်း မမောင်းဘဲ ဖြတ်လမ်းမှ မောင်းလာခဲ့ခြင်းမို့ ဖုန်တွေ အလိမ်းလိမ်းဖြင့် မှုန်မှေးမတတ်ဖြစ်နေကြရ၏။

တစ်နေရာရောက်တော့ လမ်းဘေးမှာဘဲ အင်းတွေ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှေအိုင်စပ်စင်တွေထဲမှာ ဘဲတွေ မြူးနေကြ၏။

'ဟဲ_ခဏရပ်ဦး'

ကားရပ်တော့ တစ်ယောက်ပြီး တစ်ယောက် ခုန်ဆင်းလိုက်ကြပြီး မေတ္တာပို့ကြလေသည်။

'အမယ်လေး....ဓိလမ်းကိုမှရွေးပြီး လာတဲ့လူ တော်ပါပေတယ်'

'ဘုန်းကြီးပါစေ၊ သက်တော်ရာကျော် ရှည်ပါစေ'

အမျိုးမျိုး မေတ္တာပို့နေကြရင်း ဘဲအင်းထဲမှရေကို လက်ခုပ်ဖြင့်ယူပြီး ဖုန်တွေ သဲတွေကို ဆေးကြောနေကြ၏။

ညိုချောလူက အပြုံးမပျက်ပေ။

သို့သော် နှင်းဆီအေးက 'ဒီလောက်တော်တဲ့ ဒရိုင်ဘာ ပါးစပ်ပြုံပြုံ၊ သွားကျဲကျဲ၊ ဖင်ကောက်ကောက် ကျောက်ပေါက်မာထူလဲပျစ်နဲ့ ရပါစေတော်'ဟု ပြောတော့ ညိုချောလူ မျက်နှာတင်းမာ ထူအမ်းသွားလေသည်။

ဘရှုတ်ိ၁၉၈၀



နော်ဇာ့ တစ်မျက်နှာ တစ်ရွာထင်ပြီး သွားလိုသည့်ခရီး မှန်သမျှ မညည်းမညူ ပို့နေပါသော်လည်း နော်ဇာက ချစ်သည့် အမူအရာပင် မပြ။

ကြာတော့ ညိုချောလူအဖို့ မျှော်လင့်ချက်တွေ ဝေးသည့်ထက် ဝေးလာသည်ဟု နားလည်နေမိသည်။

'ကဲကဲ....နေပူလှပြီ၊ ကားပေါ်တက်ကြတော့၊ မြန်မြန် ရောက်ရင် မြန်မြန်အေးတယ်'

နော်ဇာကပြောပြီး ရွှေခန်းတံခါး ဆွဲဖွင့်၍ ဝင်ထိုင်လိုက်၏။

နော်ဇာ့ကို မေးငေါ့လိုက်ကြပြီး အားလုံး ကားပေါ်တက်ကြသည်။

'ဗျို့....ကားဆရာ ဖြည်းဖြည်းမောင်းနော်၊ ဖုန်တွေထူပြီး လူဘဝက မျောက်ဖြစ်နေပြီ'

စိုးစုရီက အော်ပြောလိုက်၏။

ဘရှုတ်ိ၁၉၈၉

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့်လဲ ကားပြန်ကွေ့တော့မယ်လေ၊ ရန်ကုန်တိုရုံသွားနှင့်ဦးယျာဉ်ထဲ မောင်းရမလား'

ညီမြချောလှ ပြန်နေခက်စနပြီးမှ ကားစက်နှိုးပြီး မောင်းထွက်ခဲ့သည်။

....၀....



အခန်း (၂)

လက်ခုပ်ကုန်းကမ်းခြေ။

ကမ်းခြေအက် မျက်နှာမူလျက် ဘန်ဂလိုပုပုများက စီတန်းနေပါ၏။

ဘန်ဂလိုရှေ့တွင် အုန်းပင်ပျိုများ တန်းနေပြီး အုန်းပင်တန်း၏အောက်တွင် လှပသော ကွန်ကရစ် လမ်းလေးကို ဖောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာတို့အုပ်စုသည် ကန်းခြေညာဘက်ရှိ အခန်းကျယ်ကျယ်များ ပါရှိသော ဘန်ဂလိုတွင် တည်းခိုခွင့်ရကြသည်။

သူမတို့ဘန်ဂလိုတွင် အခန်းသုံးခန်းပါရှိပြီး ဘယ်ဘက်အစွန်ဆုံးအခန်းတွင် နော်ဇာတို့သူငယ်ချင်း ငါးယောက်နေကြ၏။

သူမတို့နှင့် ကပ်လျက် အလယ်ခန်းတွင် ဒေါက်တာညိုချောလူ တည်းခိုလေသည်။

'ဟဲ့.... ရေချိုးပြီးရင် ပါလာတဲ့ ဒန်ပေါက်ထုပ်တွေ ဖွင့်ပြီးစားကြရအောင်'

'ဟုတ်တယ်၊ ဆာပြီဟာ'

'Dining room မှာ သွားစားရမယ်၊ အိပ်ခန်းဆောင်မှာ မစားရဘူးနော်'

ဟု နှင်းဆီအေးက သတိပေးသည်။

'ဟိုဘက်ခန်းက ကိုယ်တော်တော့ တစ်ယောက်တည်းပျင်းနေမှာပဲနော်၊ စကားပြောဖော် မရှိရှာဘူး'

စုစုရီက ညိုချောလူအခန်းဘက် မေးငေါ့ပြီးပြောတော့ ခရေက....





'ဟဲ့.... ဒါနှင့်အသူလွှား၊ ဒီလောက်ပူနေရင် နင်သွားနေလိုက်ပါလား' ဟု ဖောက်သည်။

'ဒုန်း'

'အမလေး ဘာလဲဟ'

စုစုရီစိတ်တိုပြီး သနပ်ခါးတုံးနှင့် လှမ်းပစ်လိုက်သည်။

'ကဲ ကဲ.... ဒေါဖောင်းမနေကြနဲ့ ရေမြန်မြန်ချိုးကြ'

နော်ဇာက ရေချိုးခန်းထဲ ပြေးဝင်ရင်းပြောသည်။

အားလုံးရေချိုးအလှပြင်ပြီးချိန်တွင် သူတို့ကို ဒေါက်တာညိုချောလူမင် သိပ်မမှတ်မိချင်တော့ပေ။

ဒန်ပေါက်ထုပ်တွေ တစ်ယောက်တစ်ထုပ်ဆွဲပြီး ထွက်လာသည့်သူတို့ကို အပြင်ဘက် အုန်းပင်တွေအောက်မှာ ရပ်စောင့်နေသည့် ညိုချောလူလှမ်းကြည့်ပြီး မျက်လုံးပြူးသွားသည်။

သူတို့အားလုံး နိုင်ငံခြား သွားကြတော့မယ်ထင်ပါရဲ့။

ဒါမှမဟုတ် အားလုံးသူငယ် ပြန်ကုန်ကြတာဖြစ်မည်။

ဂါဝန်တွေ ဓကတ်တွေ ဘောင်းဘီရှည်တွေနှင့် မြန်မာဝတ်စုံ တစ်ယောက်မှမဝတ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ပြော်— အပန်းဖြေအပျော်ခရီး ဆိုတော့လည်း ထစ်ခါ ထင်ရဲ့ တော်ချင်ကြပေမပေါ့ဟု တွေးပြီးကြိတ်၍ ပြုံးရ မိ၏။

Receptionနှင့်Dining roomက တစ်ဆက်တည်းဖြစ် သောကြောင့် Reception ရှေ့ကပင် ဖြတ်လျှောက်လာခဲ့၏။

Reception ရှေ့မှာ တိုးရစ်စုံတွဲနှစ်ဦး၊ ဂျပန်တွေ ဖြစ် ဟန်တူသည်။

Ko Ko wa oosetsuma desu ka,

Shokudoo desu ka?

(ဒီနေရာဟာ ဧည့်ခန်းလား ထမင်းစားခန်းလား) ဟု ဂျပန်အမျိုးသားကမေးနေသည်။

Reception မှာဘယ်သူမှမတွေ့သောကြောင့် နော်ဇာက ဂျပန်အမျိုးသားကို အလိုက်သင့် ပြန်ဖြေလိုက်ရသည်။

Ko Ko wa oosetsuma desu. So ko wa Shoku-doo desu.

(ဒီနေရာဟာ ဧည့်ခန်း ဖြစ်ပါတယ်၊ ဟို နေရာက ထမင်းစားခန်းပါ) ဟု သူတတ်ထားသမျှ ပြန်ပြောလိုက် ခြင်းဖြစ်သည်။





ဂျပန်စကားကို မတောက်တစ်ခေါက် သင်ထားသော ကြောင့် အကူအညီပေးလိုက်ခြင်းဖြစ်သည်။

Arigatoo gozaimasu.

(အရိဂတောရိဆိုင်းမတ်စ်) ကျေးဇူး တင် ပါ တယ် ဟု ဂျပန်အမျိုးသမီးကပြောသည်။

နော်ဇာက dooitashimashite (ဒိုအီတာရှီမတ်ခ်ရှတဲ) ကိစ္စမရှိပါဘူး ရပါတယ်’ဟု ပြန်ပြောလေသည်။

ပြီးတော့ Dining room ထဲရှိ ထမင်းစားပွဲတွေမှာ ဝင်ထိုင်လိုက်ကြ၏။

နော်ဇာတို့၏ တစ်ဘက်စားပွဲမှ လူထိုးယောက် အံ့ဩ သွားကြလေသည်။

‘ဟာ.... ဆုံပြန်ပြီကွ’

ဝင်းထွဋ်က နော်ဇာတို့ကို မေးငေါ့ပြပြီးပြောလိုက်သည်။

လွင်ဦးလွင်နှင့် သိန်းစိုးတို့လန့်သွားကြ၏။

‘ပျော်တယ်ဟေ့’

ဟု လွင်ဦးလွင် ခပ်တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ဂျပန်လင်မယားနဲ့ လေပေးဖြောင့်နေတာ သူတို့ကိုးကွ၊ မိန်းကလေးတွေကိုက ပြင်ဆင်ထားလိုက်ကြ တာ ရှတ်တရက် မှတ်တောင်မမှတ်မိဘူး'ဟု သိန်းစိုးက ေ ဖန်နေသည်။

'ဂျပန်လိုပြောတယ်ဟုတ်လား'

'ဟုတ်တယ်ကွ မင်းကောင်မလေးပေါ့'

'ဘာတဲ့လဲ'

သိန်းစိုးက ဂျပန်ဘာသာဖြင့် I.F.L မှ ဘွဲ့ရထားသူမို့ အားကိုးတကြီးဖြင့် လွင်ဦးလွင်မေးလိုက်၏။

'ဒီလိုလုပ် မင်းကောင်မလေးကို နှစ်ကိုကြားသွားနှုတ် ဆက်လိုက်'

'ဘယ်လိုနှုတ်ဆက်ရမှာလဲကွ'

လွင်ဦးလွင်မေးသည်။

'ငါ့ကိုဆရာတင်တယ်နော်'

'အေးပါကွာ'





'မင်းနဲ့တွေ့ရတာ သိပ်ဝမ်းသာတာပဲလို့ အွန္ဒဲ့ပြော တာလား'

'အေးကောင်းတယ်၊ မင်းသင်ပေးလေ'

'သေချာနားထောင်'

သိန်းစိုးက မျက်နှာခပ်တည်တည်ဖြင့်ပြောသည်။

'ကဲပါ ပြောစမ်းပါကွာ'

'သေချာနားထောင်ကွ.... ငါ တိုးတိုးပဲပြောမယ် လိုက်ဆို ကြည့်'

'ကောင်းပြီ'

'ဘန်းဂျော့အဲအီကီတိုင်းဒက်စ်'ဟု သိန်စိုးသင်ပေးတာကို လွင်ဦးလွင်က အဟုတ်ထင်ပြီး....

'ဘန်း ဂျော့အဲ အီကီတိုင်း ဒက်စ်'ဟု မှတ်မိအောင် ခပ် တိုးတိုးရွတ်ကြည့်နေ၏။

ပြီးမှ ထိုင်ရာမှထရပ်လိုက်ပြီး နော်ဇာတို့စားပွဲရှိရာလာခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



'မနော်ဇာ'

နော်ဇာက ခန့်ပေါက်ထမင်းကို ဇွန်းခက်ရင်းဖြင့်ခွံ့ကျွေးနေရာမှ မော့ကြည့်ပြီး အံ့ဩသွားသည်။

နော်ဇာ့လိုပင် သူ့ကိုမြင်တော့ အားလုံးအံ့အားသင့်နေကြ၏။

'အဲဒါ ဘန်းဂျော့အဲအီကီတိုင်း ဒက်စ်'

ဂျပန်လိုစကားဖြင့် မျက်နှာလိုမျက်နှာရ နှုတ်ဆက်လိုက်သည်။

သို့သော် နော်ဇာက....

'ဘာရှင့်'

ဟု ပြန်ဟောက်သည်။

'အဲဟဲဟဲ ဘန်း ဂျော့အဲ အီကီတိုင်း ဒက်စ်'

'ရှင်ခုထွက်သွား'

'ဟင်'

လွင်ဦးလွင်ကြောင်နေစဉ် ထမင်းစားပွဲမှ သိန်းစိုးက...





'ဟေ့ ကောင်လာလေ'

ဟု လှမ်းခေါ်လိုက်သောကြောင့် သူထူထူပူပူဖြင့် ပြန်လှည့်သွားတော့၏။

'ဘယ်လိုလူလဲ မသိဘူးကွာ... သူများစားသောက်နေတုန်း အလိုက်ကမ်းဆိုး မသိလိုက်တာ ဘန်း ဂျော့ အဲ အီကီတိုင်း ဒက်စ်တဲ့'

နော်ဇာ မဲ့မဲ့ ရွဲ့ရွဲ့ပြောလိုက်သည်။

ခရေကဘာတဲ့လဲဟု မေးသည်။

'အိမ်သာသွားချင်လိုက်တာ'တဲ့'

'ဟင် ဖြစ်ရလေ ဟား ဟား'

'ခစ် ခစ် ခစ်'

အားလုံးစိုင်းရယ်လိုက်ကြသည်။

'တော်စမ်းပါကွာ... အလကား ယဉ်ကျေးမှုမရှိလိုက်တာ'

ဟု နော်ဇာက မရယ်ဘဲပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှင်ဦးလှူင် သိန်းစိုးကို ပိတ်ထိုးချင်စိတ်ပေါက်ပြီးသွဲ့ခေါ လာမည်။

'ခွေးကောင် မင်းချောက်ချပုံက ကံကောင်းလို့ ပါး ရိုက်မခံတာ ထွ ....'

သောင်ပြင်ပေါ် ရောက်တော့ တဝုန်းဝုန်းထုပြီး ပြော နေသည်။

'မင်းကဲ အဲဒီကောင်မလေးမြင်ရင် စောတ်ကြွလွန်းလို့ ပိုး သတ်ပေးလိုက်တာ'

ဟု သိန်စိုးကပြန်ပြောသည်။

'ဖြစ်ရလေကွာ အချင်းချင်းချောက်ချပုံများ ဟိုကလက် မြန်တာနဲ့ ကံကောင်းထောက်မတယ်မှတ်'

ဝင်းထွဋ်ရယ်ရင်းပြောသည်။

'ခုနက တို့ဟိုဘက်ခန်းတွေ လှူရောက်လာတာ သူတို့ ဖြစ်ရမယ်'

'ဟုတ်တယ်ကွ'





'အိုကောပဲဟေ့ ပျော်ရတော့မယ်'

'ရှုပ်ကိုက အပိုးကိုမကျိုးဘူး အဆဲခံရမှာမြင်ယောင် သေးတယ်'

ဟု သိန်းစိုးက အဘိုကြီးအိုက်တင်ဖြင့် ပြောလိုက်သည်။

...ဝ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

‘ငါနှယ်နော် သွားလေရာ အမင်္ဂလာ ရထားတွဲကြီးနဲ့ တိုးဂဲတိုးနိုင်လွန်းပါတယ်၊ နှမ္မနှာပေါ့ပဲ’

ဘန်ဂလိုပြန်ရောက်တော့ ခုဘင်ပေါ်ပစ်လှဲပြီး နော်ဇာ ပြောလိုက်မိ၏။

‘ဟုတ်ပါရဲ့ နော်ဇာ့နောက်မှာ အရိပ်လို တစ်ကောက် ကောက်ပါနေတယ်’





‘ထမင်းစားနေတဲ့ သူတွေနားလာရပ်ပြီး ဘန်း ချော့အဲ ဒီကီတိုင်း ဒက်စ်လို့ပြောပုံများ အံ့ဖွယ်ပါပဲ’

နော်ဇာပြောပြီး မဲ့လိုက်သည်။

‘ညနေရေချိုးရင်း တွေ့နေဦးမယ်၊ သူတို့ဘယ်ဘန်ဂလို မှာတည်းသလဲမသိဘူးနော်’

ထိုသို့ပြောနေစဉ် သူတို့ ဘန်ဂလိုမှာပင် တည်းခိုကြ ကြောင်း သိရတော့၏။

စုစုရိက ဘန်ဂလိုဝရန်တာမှာ ဘစ်ယောက်တည်းထိုင်နေ ရာမှ လှမ်းအော်လိုက်သည်။

‘ဟေ့ ဟိုလူတွေတို့နဲ့ဘန်ဂလိုတစ်ခုတည်းမှာကွ၊ ဟိုဘက် တစ်ခန်းကျော်မှာ’

‘ဟင်.... ဟုတ်လား’
‘သောက်ကျိုးနဲ့’
ဟု ပြိုင်တူပြောလိုက်မိကြသည်။

သူတို့ထဲမှ သိန်းစိုးကဲ အသံကျယ်ကျယ်ဖြင့် Ogenki desu ka? (နေကောင်းရဲ့လား) ဟု အော်သွားသည်။

‘တဲ့.... လက်ဝါးထောင်ပြလိုက်’



www.burmeseclassic.com

www.burmeseclassic.com

ဟု ခရေကဆာထဲမှ လှမ်းပြောသည်။

'အဖက်မထန်ဘူးတော့ မပြောပေါင်'

ဟု စုရီကမြန်မြန်ပြောသည်။

Ogenki desu ka? (အိုဂန်းခီဒက်စ်ကာ)ဆိုတာ ကောင်းသလားလို့ မေးသွားတာလေ'

ဟု နော်ဇာကရှင်းပြနေသည်။

'သူတို့ထဲက မှန်ကြောင်က ဂျပန်စကား သင်ထား ရတယ်ကွ'

သိန်းစိုးကို ရည်ရွယ်ပြီးပြောသည်။

'ဟုတ်တယ်'

'သည့်ထက်ပိုပြီး နောက်လားပြောင်လား လုပ်လာရ တော့ ဒုက္ခပဲနော်'

'သင်းတို့နဲ့ မပတ်သက်အောင် နေရမှာပေါ့'

'ကမ်းခြေရေစပ်မှာ ခေဆင်းချိုးရင် တွေ့ကြရမှာပဲ ဒီကောင်တွေ လာနေ့ာင့်ယှက်မှာ သေချာတယ်'





'ဒီကနေ့ညနေ ရေမချိုးနဲ့ပေါ့၊ မိုးဖွဲလေးတွေ ကျနေ ယ်'

နုနုဝေအပြောကြောင့် ပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ ည့်လိုက်ကြသည်။

မိုးစက်မိုးဖွဲလေးတွေ လွင့်နေတာမြင်ရသည်။

အနောက်တောင် လေသည် ပင်လယ်ပြင်ကို ဖြတ်လျက် စက်တို့ကို သယ်ဆောင်လာ၏။

ပင်လယ်ပြင်ဘက် လှမ်းမျှော်ကြည့်တော့ လှိုင်းလုံးကြီး ရှိုက်ပုတ်နေတာ မြင်ရသည်။

'ရေကျနေပြီကွ'

'ရေမချိုးချင်ပါဘူး၊ ချမ်းစိမ့်စိမ့်နဲ့ နွေလယ်ခေါင်ခေါင် ်တရက်မိုးရွာတာ ပျင်းစရာကြီးနော်'

နှင်းဆီအေးစကားကို အားလုံးခေါင်းညိတ် ထောက်ခံ သည်။

'သကြၤန်ကြိုတဲ့မိုးလေ၊ မနက်ဖြန် သကြၤန်အကြိုနေ့မဟုတ် ား'



www.burmeseclassic.com

www.burmeseclassic.com



'နက်ဖြန် ပိတောက်တွေ ပွင့်မှာပဲ'

'ဟုတ်တယ်'

ထိုနေ့ညနေက အတွေးကိုယ်စီဖြင့် အားလုံးငြိမ်နေ[ကြ]လေသည်။

တစ်ယောက်မှ ရေဆင်းချိုးသူမရှိပဲ တိတ်ဆိတ်ငြိမ်သက်[နေ]ကြ၏။

နော်ဇာတို့အုပ်စုငြိမ်နေကြသောကြောင့် တစ်ခန်းကျော်[မှ] လှိုင်ဦးလှိုင်တို့အုပ်စု မနေတတ်မထိုင်တတ် ဖြစ်နေကြသည်။

...၀...



အခန်း (၄)

'ဗျို့.....အစ်ကိုတစ်ယောက်တည်း ပျင်းနေရင် ကက်ဆက် နားထောင်ပါလား'

ဘန်ဂလိုအပြင်ဘက် ဝရန်တာတွင် တစ်ယောက်တည်း ထိုင်ပြီး အုန်းပင်တန်းများနှင့် သောင်ပြင်ကျယ်ဘက် ငေးမောနေသည့် ညီုချောလူကို တစ်ဖက်ခန်းဝရန်တာမှ ဝင်းထွန်းရွှေ လှမ်းပြောလိုက်၏။

လှိုင်ဦးလှိုင်၊ ခင်းထွန်းရွှေနှင့် သိန်းစိုးတို့သုံးယောက် သူတို့ အခန်းရှေ့ဝရန်တာမှာထိုင်၍ ဂစ်တာတီးပြီး သီချင်းဆိုနေ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ကက်ဆက် အားနေတယ် အစ်ကိုယူထား ပါလား'

သိန်းစိုးကလည်း လှမ်းပြောသည်။

သူတို့သုံးယောက်လုံး သဘောကောင်းပြီး – ပျော်ပျော် နေတတ်ကြသူများ ဖြစ်သောကြောင့် ဘာအငြိုးအတေးမှ မရှိကြ။

'ရပါတယ်ဗျာ၊ ခင်ဗျားတို့ဆိုတဲ့သီချင်းပဲ နားထောင် တာပေါ့'

ဟု ဒေါက်တာ ညိုချောလှက အလိုက်သင့်ပြန်ပြောလိုက် သည်။

လွင်ဦးလွင်က သီချင်းဆိုရင်း ဂစ်တာတီးနေ၏။

ကျန်နှစ်ယောက်ကလည်း စည်းလိုက်ရင်း သီချင်းဆိုကြ သည်။

တုံးခုလို့ မှုလှမ်းမရရင်.... ခုန်ပြီးတော့ခူးမယ်....
မလှယ်ပေမယ့်.... ငါဟာလုံးလရှိရမယ်.... တုံးခုလို့မှ





လှမ်းမရရင် တံချူနဲ့ခူးပစ်မယ်.... မှတ်ထားကွယ်....
ငါဟာယောက်ျားတစ်ယောက်ဖြစ်တယ်....

ရွှေအိမ်စံသူလေးမို့.... အခြေအနေမှန်သူလေးမို့
သူဟာနန်းဆိုက်တဲ့ ပန်းမကိုင်ရလို့ကွယ်.... လူတွေက
ပြောတယ်.... ဒါပေမယ့်ပန်းဆိုတာ.... လေငြိမ်တုန်း
ခဏပါကွာ... သဘာဝရဲ့အောက်မှာ.... တစ်နေ့တော့
ကြွေမှာပဲ....

တုံးခုလို့မှုလှမ်းမရရင်.... ခုန်ပြီးတော့ခူးမယ်.......
မလှယ်ပေမယ့် ငါဟာလုံ့လရှိရမယ်.... တုံးခုလို့မှ
လှမ်းမရရင် တံချူနဲ့ခူးပစ်မယ်.... မှတ်ထားကွယ်....
ငါဟာယောက်ျားတစ်ယောက်ဖြစ်တယ်....

လွင်ဦးလွင်အသံက အောင်မြင်ကြည်လင်လှ၏။

အိပ်ရာဝင် ပုံပြင်လေးများနှင့် ရယ်မောနေကြသည့် နော်ဇာတို့အုပ်စု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နားထောင်နေမိကြသည်။

'ဒီလူက အသံကောင်းနော်၊ ငါသာပိုက်ဆံရှိရင် စီးရီး ထုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု နှင်းဆီအေးကပြောသည်။

'ကောင်းတာပေါ့ နှင်နဲ့စုံတဲ့သီချင်းတွေ ရှာတွေ့ပြီလား'

ဟု စုစုရီကခနဲ့၏။

'သီချင်းနာမည်ဘာလဲ'

ခရေအမေးကို နုနုဝေက....

'တောင်ပြေးမြောက်ပြေး ရွာဆော်ကြီးခွေး'

ဟု ပြော၏။

'တော်ပါစမ်းဟာ ပေါက်ကရတွေ'

အားလုံးတိတ်ဆိတ်သွားကြပြန်သည်။

အပြင်ဘက်ကို နားစွင့်နေကြ၏။

'အဟဲ အစ်ကိုပျင်းနေရင် သီချင်းလာဆိုပါလား'

'ရပါတယ်ဗျာ၊ ကျွန်တော် သီချင်းမဆိုတတ်ဘူး'

'ဒါဖြင့် ကျွန်တော်ကအစ်ကို့အတွက် သီးချင်းတစ်ပုဒ် လက်ဆောင်ပေးမယ်နော်'

ဝင်းထွဋ်၏ အသံပြုပြုကြီးကို ကြားလိုက်ရ၏။





'ကိုယ်ရံတော်တပ်မှူးလေး သီချင်းလေ၊ အဟဲ...အစ်ကို နဲ့ဆို အံကိုက်ပဲဗျ'

ဝင်းထွဋ်ကပြောပြီး ကိုင်ဇာ၏ ကိုယ်ရံတော်တပ်မှူးလေး သီချင်းကို ဂစ်တာထိုးပြီး ဆိုနေသည်။

'ကြည့်.... ဒါသက်သက် စောင်းမြောင်းနေတာသိလား' နော်ဇာပြောပြီး နှုတ်ခမ်းစူနေ၏။

'ဟုတ်ပါရဲ့၊ ကိုညိုချောလူကလည်း သူတို့နဲ့အဖွဲ့ကျနေ လိုက်တာ'

ဟု နှင်းဆီအေးက မကျေမနပ်ပြောသည်။

'ဟဲ့.... ဒီအခြေခက် ဘယ်တုန်းက သတ္တိရှိဘူးလို့လဲ'

စုစုရီ၏အပြစ်တင်သံ။

တကယ်တော့ကိုညိုချောလူက သူတို့တွေထင်သလိုမဟုတ်။ အေးအေးဆေးဆေး နေတတ်သူ၊ စိတ်သဘောထားနူးညံ့ သူဖြစ်သည်။

'ငါတော့ — အဲဒီကောင်တွေကို ရိုက်ပစ်ချင်လိုက်တာ အရမ်းပဲသိလား'



www.burmeseclassic.com

www.burmeseclassic.com



နေဝ်ဇာ၊ ခုတင်ပေါ် ငုတ်တုတ်ထထိုင်ပြီး မြောလိုက်သည်။

'ကိုချောကို ငါသွားအော်ခေါ်လိုက်မယ်နော်'

မူစုရီ မခံမရပ်နိုင်သလို ပြောနေ၏။

'ဟာ... နေပါစေ၊ သူ့ပျော်ရွှင်မှုနဲ့ သူနေပါစေကွာ၊ နှုံးကလေးကြားမှာ သူပျင်းမှာပေါ့'

ဟု ခရေကတားဆီးလေသည်။

'အခြောက်၊ သတ္တုကိုနည်းတယ်၊ သူ့ကို ကိုယ်ရံတော်တပ်မှူးလို့ပြောတာတောင် တဟဲဟဲနဲ့ ဘယ်လိုကြီးမှန်းမသိပါဘူး'

'နင်တို့က အခြောက်အခြောက်နဲ့အပြစ်တင်ပြီး သွားလေသူ့ပဲအားတိုးနေရတာပဲ မဟုတ်လား'

'အံမယ်၊ နေဝ်ဇာက သူ့ကိုချော ဘက်က မခံနိုင်စ်မနေပါနဲ့'

ကိုယ်ရံတော်တပ်မှူး သီချင်းဆိုပြီးသောအခါ လှင်ဦးလှင် ပေရှယ်သီချင်းကို ဆိုနေသည်။





'အသံကိုတော့ ကြိုက်တယ်ဟာ'

နေဝ်ဇာ ချီးမွမ်းလိုက်၏။

တကယ်လည်း သူ့အသံက ကောင်းလွန်းပါသည်။ အဆိုကျော် တစ်ယောက်ကဲ့သို့ အဆိုပိုင်နိုင် ကျွမ်းကျင်လှသည် မဟုတ်ပါလား။

နေဝ်ဇာတို့ အားလုံး တစ်ယောက်ပြီး တစ်ယောက် အိပ်ပျော်သွားချိန်အထိ သူတို့အုပ်စုက ဆိုလို့တီးလို့ကောင်းနေတုန်းပင်။

...o...



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

နောက်တစ်နေ့နံနက်....

နော်ဇာတို့အုပ်စု ဘီကီနီတွေ ကိုယ်စီဖြင့် ပင်လယ်စပ်သို့ ဆင်းလာကြ၏၊

သည်ကနေ့နံနက် ရာသီဥတု ကြည်လင်သာယာပြီး နေရောင်ကို ပြည့်ဝစွာ ခံစားရသည်။

နေရောင်အောက်တွင် ဘီကီနီ ရောင်စုံများဖြင့် ပြေးဆင်းလာကြသည့် မိန်းမချော မိန်းမလှလေး တစ်စု ကြောင့် ကမ်းခြေရှိလူတွေ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။





နော်ဇာက အနီနှင့် အနက်ကွက် ဘီကီနီလေးပေါ်တွင် လှောင်းကုတ်ပါးပါးကို ထပ်ဝတ်လာသည်။

ဆံပင်တွေကို စုချည်ပြီး ခပ်မြင့်မြင့် ထုံးထား၏။ နားတွင် Z စာလုံးကို ပုံဖော်ထားသည့် ကျောက်နားဆွဲလေးကို ဇော်ဆင်ထားသောကြောင့် ဟောင်ကောင် မင်းသမီးလေး တစ်ယောက်နှင့် တူနေသည်။

သူမ၏ အသား ဝင်းဖန့်ဖန့်နှင့် လှပသောကိုယ်ဟန်ကြောင့် စီးနပ်စ်ရှပ်တုလေး တစ်ရှပ်အလား မြင်ရသူတို့ အသည်းနှလုံးကို မြူးကြွစေသည် မဟုတ်ပါလား။

‘ဘောကွင်း စီးကြမလား၊ ဟဲ ဟဲ ဟဲ....’

အသားမည်းမည်း၊ သွားကျဲကျဲ၊ လည်ဂုတ်တိုတို၊ ဗိုက်ရွဲရွဲ၊ မျက်ပေါက်ကျဉ်းကျဉ်း၊ အရုပ်ပြတ်ပြတ် သရဲလို သတ္တဝါတစ်ကောင် ရေထဲမှ ပြေးတက်လာပြီး မေးလိုက်၏။

နော်ဇာတို့ အုပ်စုက သူ့အမေးစကားကို မဖြေဘဲ ရှောင်ပြီးသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက လက်မလျှော့ဘဲ နော်ဇာတို့ရှေ့မှ ထွက်သီး တိုးသလို ရပ်လိုက်ပြီး....

'ကျွန်တော်တို့မှာ ဘောကွင်းပါလာတယ်၊ ယူမလား အစ်မ၊ ဟိုတယ်မှာ ငှားလဲရတယ်၊ ငှားပေးရမလား' ဟု အတင်းအကျပ် မေးနေသည်။

'မယူဘူး၊ ရှင် ဘယ်နဲ့လူလဲ'

စုစုရီက ခပ်ငွာငွာ အော်ပစ်လိုက်၏။

'အော်စရာ မလိုဘူး၊ အကောင်းမေးနေတာဗျ' ဟု သူက ခပ်ရှိုင်းရှိုင်း ပြန်အော်သည်။

'ရှင့် ဘယ်သူ မေးနေလို့လဲ၊ ရှပ်ကိုက မီးသွေးခဲက အသာ ခေါ်ရမယ့်ရှပ်'

ခရေက ဆရာမပီပီ ချက်ကျကျ နှက်လိုက်သောကြောင့် ကိုမဲတူ မျက်နှာကြီး ထင်းမာညိုပုပ်သွားသည်။

'ကောားပြော လူဝါးမဝပါနဲ့၊ ခင်ဗျားတို့ မိန်းမကောင်း တွေ မဟုတ်ဘူးလား'

ဘရင်းဒီ၁၉၆၀



မဲလုံးက အလာချည်းပါလား။

ရှပ်ကနှစ်ပြားမတန်ပေမယ့် စကားပြောတာ ရင့်သည်း လွန်း၏။

'ဘာရှင့်၊ ပါးကွဲသွားချင်လား'

စုစုရီ လက်ဝါးထောင်ပြီး ရွယ်လိုက်တော့ မဲတူက ခါးထောက်ပြီး မိုက်ကန်းသည့် အကြည့်ဖြင့် ကြည့်သည်။

'လာစမ်းပါဟယ်၊ အဖက်မတန်လိုက်တာ'

နော်ဇာက စုစုရီကို ဆွဲခေါ်သွားသည်။

အားလုံး လှည့်မကြည့်ကြတော့ပဲ ရေထဲဆင်းလာခဲ့ကြ၏။ မဲလုံး (သို့) စဉ့်အိုးကွဲကြီးက မြည်တွန်တောက်တီးရင်း လူမဆန်စွာ ကျန်ရစ်ခဲ့သည်။

နောက်တာညိုချောလူက သူမတို့နောက်မှ လိုက်လာရင်း ကမ်းစပ်ရောက်တော့ သောင်ပြင်ပေါ်မှာ တစ်ယောက်တည်း ထိုင်ချလိုက်၏။

သူ့ကိုမြင်တော့ ခပ်လှမ်းလှမ်းတွင် ရေချိုးနေသည့် လွှင်ဦးလွှင်တို့ အုပ်စုက....

ဩဂုတ်၁၉၅၉

www.burmeseclassic.com

www.burmeseclassic.com



* ‘ထိုင်နေလို့တော့ ဘာမှမဖြစ်နိုင်ဘူး’
* ‘ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး’
* ‘ထိုင်နေလို့တော့ ဘာမှမဖြစ်နိုင်ဘူး’
* ‘ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး’

ဟု အော်လိုက်ကြသည်။

ဒေါက်တာညိုချောလူက သူတို့ကို ရယ်ပြလိုက်၏။

သိန်းစိုးက ဝင်းထွဋ်ကို မျက်စိတစ်ဖက် မှိတ်ပြပြီး နော်ဇာ ...ဘက် ကူးလာခဲ့၏။

မလှမ်းမကမ်းရောက်တော့....

‘ဗျို့....မနော်ဇာ’ ဟု အော်လိုက်သည်။

နော်ဇာတို့ ငါးယောက်လုံး သူတို့ကို မေတ္တာမရှိသော် ...ည်း စောစောက မဲလုံးနှင့် စကားများထားကြရသည်မို့ ...တို့ကို ရန်မတွေ့ကြပေ။

‘ဘန်းဂျော့အဲအိကိတိုင်းဒက်စ်’

ဟု သုံးယောက် ပြိုင်တူအော်နေကြသည်။

ဘရုဏ်စာပေ



‘အရေးထဲ အိမ်သာသွားချင်တယ်လို့ အော်နေသေးတယ်’ ...နော်ဇာကပြောတော့....

‘ပင်လယ်ထဲ ပါချ၊ ပေါက်ချလိုက်ဟေ့’ ဟု ခရေက ...ော်လိုက်သည်၊

‘အာတမငဝါရူးအီးဒက်စ်ကာ’

**Atama ga warui desu ka?**

ခေါင်းချောင်နေသလားဟု ဂျပန်လို နော်ဇာ မေးလိုက် ...ည်။

‘အီးရယ် Iie အီးရယ် Iie’ ဟု သိန်းစိုးက ပြန်အော် ...ည်။

နော်ဇာတို့ အုပ်စုနှင့် လွင်ဦးလွင်တို့ တစ်ဖက်နှင့်တစ်ဖက် ...ော်ဟစ် နောက်ပြောင်နေတာကို ကြည့်ပြီး မဲလုံးတို့အုပ်စု ...လို ဝန်တိုသွားသည်၊

မဲလုံးက သူတို့လက်ထဲမှ ဘောကွင်းကြီးကို နော်ဇာတို့ ...းသို့ အားနှင့် ပစ်ပေါက်လိုက်၏၊

‘ဘုံး’

ဘရုဏ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အား....'

'အမေ့'

ဘောကွင်းက မိန်းကလေးတွေ မျက်နှာအချို့ကို ထိမှန်ပြီး ပစ်ကျသွားသည်။

'ဟိုမှာ....ဟိုလူတွေ ပစ်တာဗျ'

ဟု လွင်ဦးလွင်က လက်ညှိုးထိုးရင်း ပြောသည်။

နော်ဇာတို့၊ မဲလုံးတို့ဘက် လှည့်ကြည့်ပြီး ဒေါ်ဖောင်းသွားကြသည်။

'ဘာကြည့်တာလဲ၊ ဘာလဲ'

မဲလုံးက ရန်စသည်။

နော်ဇာတို့ ပြန်မပြောဝံ့ဘဲ မျက်နှာ လွှဲလိုက်ကြတော့ မဲလုံးတို့ ပိုပြီးကမ်းတက်လာကြသည်။

'ဘာကြည့်တာလဲ ပြောစမ်း၊ ကောင်မတွေကိုက လူဝါးဝလို့'

မဲလုံးတို့အုပ်စုထဲမှ တစ်ယောက်က ပြောသည်၊ ထိုလူ့ မျက်နှာက လူစင်စစ်က မြင်းနှင့်တူနေသည်။





နှာခေါင်းရှည်ရှည်၊ မေးရိုးရှည်ရှည်နှင့် မျက်စိက မြင်းမျက်စိနှင့် တူသည်။

မဲလုံးတို့ စုစုပေါင်း သုံးယောက်ဖြစ်သည်၊ အားလုံးမည်းတွေချည်း ဖြစ်သည်။ အရိုင်းအစိုင်းတွေမှန်း သိသာလှ၏။

'ပုံစံတွေကိုက ရုပ်ရှင်မင်းသမီးတွေ ကျနေတာပဲ၊တောမှာ လာမစွာနဲ့၊ ဘာထင်လဲ'

နော်ဇာတို့က မသိဟန်ဆောင်နေသော်လည်း သူတို့ကကဲလွန်းနေပြီ မဟုတ်လား။

'ရှင်တို့ သိပ်လူဝါးမဝနဲ့နော်၊ ယှဉ်ပြီး ပြောရမှာ အဖက်မတန်လို့ မပြောတာ၊ ကြောက်နေတယ် မထင်နဲ့'ဟု စုစုရီက နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်သည်။

'လာလေ ကောင်မ၊ နင်က မကြောက်တော့ ဘာလုပ်မလဲ'

မဲလုံးက နော်ဇာတို့နား ရောက်လာသည်။

လွင်ဦးလွင်တို့သုံးယောက် ကြည့်မနေနိုင်တော့ဘဲ နော်ဇာတို့နှင့် လူရမ်းကားတွေကြား ဝင်ရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားတို့ လူကိုယ်နဲ့ ဘာကောင်တွေလဲ'

လွင်ဦးလွင် မျက်နှာထားဖြင့် မေးလိုက်သည်။

'မင်းက ဘာကောင်လဲကွ'

'ခင်ဗျားတို့က ပျော်စေပျက်စေသဘောနဲ့ နောက်နေကြတာမှ မဟုတ်တာ၊ ဘယ့်နှယ် နွမ်ချင်း မစာမနာ မိုက်ရိုင်းနေကြတာ ဘာသဘောလဲ'

'မင်း နွမတွေလားကွ'

'ဟုတ်တယ်၊ ကျုပ် နွမတွေပဲ'

ဟု သိန်းစိုးက ပြောသည်။

အခြေမဟန်မှန်းသိသောကြောင့် ဒေါက်တာညိုချောလှကမ်းစပ်သို့ ဆင်းလာသည်။

ပြီးတော့ နော်ဇာတို့ကို ခေါ်လိုက်သည်။

'နော်ဇာတို့ ရေချိုးလို့ မပြီးသေးဘူးလား'

'မပြီးသေးဘူး၊ ဒီမှာ ရန်ဖြစ်နေကြတယ်'ဟု နန္ဒဝေက မသိဆိုးရွားစွာ ပြန်ပြောသည်။





'မင်းက ဘာကောင်လဲ'

'ဒီမှာ လာမကျွယ်နဲ့'

'သတ္တိ ဘယ်လောက်ရှိလဲ'

ကျွဲသိုးကောင်အလားခတ်ရန် တာစူနေကြလေသည်။

'ဟာကွာ၊ ရှုပ်လိုက်တာ'

'ခွပ်'

လွင်ဦးလွင်က မဲလုံးမျက်နှာကို စွတ်၍ထိုးပစ်လိုက်သည်။

'ကဲကွာ'

'ခွပ်'

မဲလုံးကလည်း ပြန်ထိုးသည်။

မိန်းကလေးအုပ်စု ရေထဲမှ ပြေးတက်သွားကြလေသည်။

ရေစပ်စပ်တွင် လွင်ဦးလွင်တို့ အုပ်စုနှင့် မဲလုံးတို့အုပ်စု တစ်ယောက်တစ်ပြန် ထိုးသတ်နေကြသည်။

'ကဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

'ဘုံး'

'ဒုတ်'

လွင်ဦးလွင်က ဂျူဒိုကရာတေးသမားမို့ မဲလုံးကို အနိုင်ကိုင်နိုင်သော်လည်း သိန်းစိုးနှင့် ဝင်းထွဋ်က ကျန်နှစ်ကောင်ကို အလှော် ခုခံနေရ၏။

ဒေါက်တာညိုချောလူက ကြည့်နေရာမှ ဘာလုပ်ရမှန်းမသိဘဲ သောင်ပြင်ပေါ်မှာ တွေ့ရသည့် သစ်ကိုင်းခြောက်တစ်ချောင်းကို ကောက်ကိုင်လိုက်သည်။

ပြီးတော့ ရေထဲပြေးဆင်းသွားပြီး ဝင်းထွဋ်နှင့် သတ်ပုတ်နေသည့် မြင်းမျက်နှာနှင့်လူ၏ခေါင်းကို ချိုက်ထည့်လိုက်သည်။

'ခွပ်'

မြင်းမျက်နှာနှင့် ငတိ လဲကျသွားသည်။ ကျန်နှစ်ယောက်နှင့် လွင်ဦးလွင်တို့ သုံးဦး အပြတ်အသတ် ထိုးကြိတ်နေလေသည်။

နောက်ဆုံး မဲလုံးတို့နှစ်ယောက် ပစ်လဲသွားကြသည်။

သည်တော့မှပင် ရေစပ်မှ တက်လာခဲ့ကြသည်။





မိန်းကလေး ငါးယောက်က အားပေး အော်ဟစ်နေရာမှ ဝမ်းသာအားရ ဆီးကြိုကြသည်။

ဘီကီနီဆောင်စုံတွေဖြင့် တန်းစီ ရပ်နေကြသောကြောင့် ပွက်(ပ)စီမယ်တွေနှင့် မှားချင်စရာပါ'

'အဟဲ....တွေ့လား၊ လွင်ဦးလွင်တဲ့ဗျ'

လွင်ဦးလွင်က နော်ဇာ့ရှေ့တွင် ရပ်ပြီး လက်မထောင်လိုက်၏။ နော်ဇာက အမြင်ကပ်သွားပုံဖြင့်....

'ကျေးဇူးမတင်ဘူး' ဟု အော်သည်။

'ဪ ကဲ...အန်ဂလိုရောက်မှ ရန်ဖြစ်ကြပါလို့ ကျွန်တော်တောင်းပန်ပါရစေဗျာ'

ဒေါက်တာညိုချောလူက ရှေ့မှ ထွက်သွားသောကြောင့် အားလုံး လှည့်ပြန်လာခဲ့ကြသည်။

ထိုစဉ် သူတို့နောက်မှ လူတစ်ယောက် ကသောကမြော ပြေးလိုက်လာ၏။

သူ့လက်ထဲတွင် သစ်ကိုင်းခြောက် တစ်ခုနှင့် အနီးရောက်တော့....



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

'ဟာ—လှင်ဦးလှင်'

မှတ်ထရက်မို့ လှင်ဦးလှင် ခံလိုက်ရသည်။

သူ့ခေါင်းချိုစောင်း ပေါက်သွား၏။ မဲလုံးက လဲကျနေရာမှ ထလာပြီး ရိုက်လိုက်ခြင်းပါ။

မဲလုံး ရိုက်ပြီး ပြေးထွက်သွား၏။

သိန်းစိုးနှင့်ဝင်းထွဋ် ပြေးလိုက်သွားချိန်တွင် မမီတော့ပေ။

မဲလုံးတို့အုပ်စု ကမ်းခြေလက်ဝဲဘက်သို့ ပြေးထွက်သွားကြ၏၊

o....



## အခန်း (၆)

'တောက်.... မြင့်မားလိုက်တဲ့ စွမ်းရည်'

လှင်ဦးလှင်က သူ့ခေါင်းမှ ပတ်တီးကိုလှက်ဖြင့်စမ်း၍ ညည်းညူနေသည်။

သိန်းစိုးက ဝင်းထွဋ်စကားကို ပြန်မေးနေသည်။

'ဘာလဲကွ... မင်းပြောတာ'

'မြင့်မားလိုက်တဲ့ စွမ်းရည်လို့ပြောတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာစွမ်းရည်လဲကွ'

'ရန်ဖြစ်စွမ်းရည်လေ၊ ဖွီး.... ကောင်မလေးတွေကြောင့် လွင်ဦးလွင် ခေါင်းပေါက်ရတာကွ'

'ဟုတ်တယ်၊ တွေးကြည့်ရင် နည်းနည်းမှ ကောင်းတာလေးတွေ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

ဟု လွင်ဦးလွင်ကမေးသည်။

'မင်းခေါင်းပေါက်သွားတာကို မြင်ပါလျက်၊ နော်ဇာဆိုတဲ့ ကောင်မလေးက နည်းနည်းမှ မသနားဘူး၊ ဒေါက်တာ ညိုချောလှဆိုတဲ့လူက ပတ်တီးစည်းပေး၊ ဆေးထည့်ပေးတာမဟုတ်လား'

ဟိုတယ်တွင် အသင့်ရှိနေသည့် ကြက်ခြေနီဆေးသေတ္တာလေး၏ ကျေးဇူးကြောင့် လွင်ဦးလွင် ဆေးရုံမရောက်ခဲ့ခြင်းပါ။

'ငါ့ကိုသူက ဂရုမစိုက်ပေမယ့် ငါကသိပ်ကြိုက်နေပြီကွ'

'သိသားပဲ နွားဘူး'



'နွားပင်လယ်'

ပြိုင်တူချီးကျူးလိုက်ကြသည်။

လွင်ဦးလွင်က ဂစ်တာကိုဆွဲပြီး တစ်ပက်ဝခန့်တာပေါ် ခုန်ချလိုက်သောကြောင့် ဝဏ္ဏဖတ်နေသည့် ညိုချောလှူလန့်သွားသည်။

'အား.... အမယ်လေး ခေါင်းထဲကနာခလိုက်တာ၊ ကျွန်တော်သေတော့မယ် ထင်ပါတယ်ဒေါက်တာ'

ညိုချောလှူရှေ့တွင် ခေါင်းကို ပွတ်သပ်ပြီး ရှုံ့မဲ့နေသည်။

'ခင်ဗျားဒဏ်ရာ မများလှပါဘူး မစိုးရိမ်ပါနဲ့'

'နွားစ် ခေါ်ပေးပါလား အစ်ကိုရာ'

ဒေါက်တာညိုချောလှူက လှုငယ်တွေ ပျော်ပျော်နေတတ်ပုံကို စာစာနာနာတွေးပြီး သဘောကျနှစ်ခြိုက်နေသူမို့......

'စတာပ်ဖ်ရေ နော်ဇာ'

ဟု ဆရာဝန်လေသံဖြင့် အော်ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နော်ဇာက 'စတပ်ဖ်'ဟူသောအသံကြောင့်သနပ်ခါးလေး အဖွေးသားဖြင့် ထွက်လာသည်။

'အား.... ကျွတ် ကျွတ် အီး'

နော်ဇာ့အရိပ်ကိုမြင်လိုက်တာနှင့် လွင်ဦးလွင်က တမင် အော်နေသည်။

'ဒေါက်တာ ကိစ္စရှိသလား'

'ဒီမေးရှင့် ရောဂါသည်းနေလို့ ခဏလောက်ကြည့်ပေး လိုက်ပါဦး'

ထိုအဖြစ်အပျက်အား ချောင်းကြည့်ပြီး ရေပုံးကိုယ်စီဖြင့် သိန်းဖိုးနှင့်ဝင်းထွဋ် စပ်ဖြီးဖြီးလုပ်နေကြသည်။

'လာလေ စတပ်ဖ်'

နော်ဇာက ငြင်းရန်ခက်သွားပြီး သူ့နောက်မှ အား လုံးကို လက်ယပ်ခေါ်လိုက်သည်။

အားလုံးလိုက်ခဲ့ကြ ဆိုသည့်သဘောရယ်ပါ၊

နော်ဇာ့နောက်မှ အားလုံးပါလာခဲ့ကြသည်၊





နော်ဇာက လွင်ဦးလွင်အနီးရောက်တော့....

'ဘာလဲ... သေတော့မလား'

ဟု မေးသည်။

'ဆရာ.... ဆရာတို့ဆေးရုံက နာ့စ်တွေက ဒီလိုပဲဆို၊ လူနာ ျာင်းဆိုးရင် နားညည်းပြီး ခေါင်းအုံးနဲ့ဖိသတ်၊ လူနာ ်းတပြွတ်ပြွတ်သွားတဲ့အခါ စိတ်ညစ်ပြီး ဖင်ကိုဂွမ်းဆို ားတယ်တဲ့၊ ပြီးတော့ အသက်ငင်နေတဲ့လူနာဆို တစ်ခါ ည်း သေသွားအောင် ပင်နီစီလင်ထိုးပေး လိုက်တာပဲဆို'

လွင်ဦးလွင်ပေါက်ကရပြောနေ၍ ဒေါက်တာညိုချောလူ ်ရင်း....

'ဟာဗျာ... မဟုတ်ပါဘူး'

ဟု ပြောသည်၊

'ကဲ... မြော၊ ရှင့်ဒဏ်ရာ စိုးရိမ်ရတယ်ထင်ပါရဲ့၊ သနပ် ာိုးသွားယူကြစမ်းဟေ့ ထပ်ပြီးထုလိုက်မယ်'

နော်ဇာခပ်တည်တည်ပြောလိုက်သောကြောင့် လွင်ဦးလွင် ုပြီး မျက်လုံးပြူးသွားသည်၊



www.burmeseclassic.com

www.burmeseclassic.com



'ဆရာမလေးနဲ့ အပျိုချောတွေ ကျေးဇူးပဲဗျို့'

'ဘွမ်း'

'ဟာ... ဟော့ကောင်တွေ ဆရာမကို ပါလောင်းမယ်ကွ ပေးစမ်း'

လွင်ဦးလှင်က သိန်းစိုးလက်ထဲမှ ရေပုံးကိုလှယူပြီး နော်ဇာ့ကို လောင်းချလိုက်၏။

နော်ဇာတစ်ကိုယ်လုံး ရွှဲရွှဲစိုသွားလေသည်။

'ကဲဟယ်... ကဲဟယ် ပက်ဦး'

ခရေကာ ဆရာမပီပီ လှမ်းချရိုက်လိုက်သောကြောင့်သိန်းစိုး မျက်မှန် ကျွတ်ထွက်သွားသည်။

'ကဲ... စတပ်ဖ်ရေလို့ခေါ်တဲ့ ဓါက်တာကြီးခေါ်ဦး'

နော်ဇာက ညိုချောလှကို ရေပုံးထဲမှကျန်သောရေဖြင့် ပက်လိုက်ပြီး အားလုံး လှည့်ထွက်ခဲ့ကြသည်။

...o...



အခန်း (၇)

'ယိုလူလေးဖျားနေတာ ခွေးလေးညည်းသလို တအင်း အင်းနဲ့သိလား၊ ကိုချောတော့ သူ့အတွက်အတော် အလုပ် ရှုပ်နေပြီ'

စုစုရီကစပ်စပ်စုစု ချောင်းကြည့်လာပြီး နော်ဇာတို့ကို ဖောက်သည်ချနေသည်။

'သေအောင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မေတ္တာတုံးတယ်လား'

ဟု ခရေနှင့်နုနုဗေကပြိုင်တူ နော်ဇာ့ကိုမေးကြသည်။

'ရေနွေးရှိကြသလား ဗျာ....'

ဝင်းထွဋ်က အခန်းဝမှာ လာမေးသောကြောင့်....

'မရှိဘူး'

ဟု ဝိုင်းအော်ကြသည်။

'ဘယ်လိုစွာတဲ့ ဘီလူးမတွေလဲညီး မသိဘူး၊ စကား ပြောလိုက်ရင် ရန်စွယ်နဲ့ငေါငေါ၊ စိတ်ပျက်ပါတယ်'

ဟု ဝင်းထွဋ်ကဝေဖန်ပြီး Dining oorm ရှိရာထွက်သွား သည်။

ညဘက် လွှင်ဦးလွှင် တဟီးဟီးအဖျားတက်တော့ ဒေါက် တာညို့ချော့လူအနားမှာ နော်ဇာပါ ကူခဲ့တော့၏။

'ဆေးရုံတင်မလား ဒေါက်တာ'





'ကိုချော့တတ်နိုင်ပါတယ်၊ ဒီညစောင့်ကြည့်ပြီး မသက် သာရင်တော့ လက်ချုပ်ကုန်း ဆေးခန်းကို ပို့ရမှာပဲ'

တစ်ညလုံး တစ်ယောက်မှ ကောင်းစွာ အိပ်မပျော်ကြ ပေ။

အဖျားအရမ်းကြီးသောကြောင့် ဒေါက်တာညို့ချော့လူ နှင့် နော်ဇာတို့နှစ်ယောက် မိုးစင်စင်လင်းကြသလို နော်ဇာ တစ်ယောက်တည်း စိတ်မချ၍ အနားမှာစောင့်ပေးနေသည့် ခရေနှင့် နှင်းဆီအေးတို့လည်း မိုးလင်းကြသည်။

မိုးလင်းတော့ အဖျားကျသွားသည်။

သည်တော့မှပင် နော်ဇာတို့ သုံးယောက် ကိုယ့်အခန်း ကိုယ်ပြန်လာကြပြီး အနားရတော့၏။

---ဝ---



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

သကြြန်ရက်တွေ ကုန်ဆုံးတော့မည်။

သကြြန်အတက်နေ့ည....

နော်ဇာတို့ အခန်းအပြင်ဘက် ဝရန်တာတွင် ထိုင်နေကြ ရာမှ သောင်ပြင်ပေါ် သို့ဆင်းပြီး လမ်းလျှောက်ကြသည်။



ဝါးလုံးတိုင် တစ်တိုင်တည်းထူပြီး ထန်းလက်မျှးကို မိုးထားသည့် တဲပုပုလေးများက သဲပြင်ပေါ်တွင်စိုက်ထူထား သည်မို့ အမိုးအောက်ဝင်ပြီး ဝါးလုံးတိုင်ကိုမှီ၍ ပင်လယ် ပြင်ဘက် ငေးကြည့်သည့်အခါ ပျော်ရွှင်ဖွယ်ကောင်းလှ သည်။

တဲပုလေး တစ်လုံးအောက်တွင်ထိုင်ပြီး လွင်ဦးလွင် ဂစ် တာတီးနေသည်။

နှုတ်မှ သီချင်းတစ်ပုဒ်ကို ညည်းနေ၏။

ပေရယ်.... ချစ်သူနဲ့တွေ့ဆုံရာနွေလကလေးရယ်.... ပျော်ရွှင်စွာကွယ်.... တူတူလည်း သကြြန်ရက်ကခလှး များဝယ်.... ပေရယ်ဘဝတွေ ပြောင်းလဲခဲ့ပြီလေ.... သည်တစ်နှစ်အတွင်းဝယ်.... အဖော်မပါတော့လဲ.... ပေရယ်ဟာကိုယ့်အတွက် အထီးကျန်လွန်းတယ်....

ဘယ်မှာလဲကွယ်.... မဝေခွဲတတ်တယ်ကတိစကား လဲမတည်သူရယ်.... ဘယ်နေရာကိုရှောင်ဖယ်.... နေ ရာသီရောက်ခဲ့ပြန်ပြီကွယ်.... အချစ်ရှိရာကိုရှယ်.... ဥ လေးနဲ့အတူလွမ်းတယ်....

www.burmeseclassic.com

www.burmeseclassic.com



နော်ဇာတလှင်ဦးလှင် သီချင်းဆိုနေသည့်အနီးမှာ ...
တောက်ထိုင်ချလိုက်ပြီး....

'ခီမှာ ရှင်အဖျားပြန်ဝင်ဦးမယ်၊ ကောင်းတာမှ ...
ရထ်မပြည့်သေးဘူး ပင်လယ်လေစိမ်းတွေခံမနေနဲ့'

ဟု ပြောလိုက်၏။

'ကျေးဇူးတင်ပါတယ်ဆရာမရယ် တကယ်ပါ၊ ကျွန်တော်
လေ ဆရာနဲ့ဆရာမရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်း မသိ...
တော့ပါဘူးဆရာနဲ့ဆရာမစေတနာကိုသိပ်လေးစားရပါတယ်
ဗျာ,...

သူ ဂစ်တာတီးနေရာမှ ရပ်လိုက်ပြီးပြောသည်။

'ရှင့်အစကပြောတော့ အသက်ငင်နေတဲ့လူနာကို တ...
ခါတည်းသေသွားအောင် ပင်နီစီလင် ထိုးပေးလိုက်တာပဲဆို'

နော်ဇာက သူ့စကားနှင့် သူ့ကိုပြန်ခနဲ့လိုက်သည်။

'အဲဒါနောက်တာပါ ဆရာမရယ်၊ ကိုထီးရဲ့ခွဲစိပ်ခန်း...
ဆရာမလေးရယ်ဆိုတဲ့ သီချင်းဆိုပြရဦးမလား'





'ရှင်ဒီလောက် သီချင်းဆိုချင်နေရင် ရန်ကုန်ပြန်ပြီး
Restaurant တစ်ခုမှာ ကာရာအိုကေ ဝင်ဆိုပေါ့ရှင့်'

'ဆရာမကိုပဲ ဆိုပြချင်တာပါ ဆရာမရယ်'

သူ့မျက်နှာ ညှိုးသွားတာကြည့်ပြီး နော်ဇာ တရှုံးသာ
ဖြစ်သွားသည်။

'ကဲ... လေကြောရှည်မနေနဲ့၊ ဘန်ဂလိုထဲ ဝင်တော့
နော်ဇာသွားတော့မယ်'

ပြောပြီး နော်ဇာထိုင်နေရာမှ ထရပ်လိုက်၏။

'နေပါဦး ဆရာမရယ်'

သူက နော်ဇာ့လက်တစ်ဖက်ကိုဆွဲထားလိုက်သည်။

'အို... ရှင် ဘာလုပ်တာလဲ'

'ချစ်လွန်းလို့ပါဗျာ'

'ယာင်,...မိုက်ရိုင်းလှချည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ချစ်မိတဲ့ အကြောင်း ဖွင့်ပြောမိတဲ့အတွက် မိုက်ရိုင်းတယ်ဆိုရင် ကျွန်တော်မျိုး ငမိုက်သားကို စီးတဲ့ဖိနပ်နဲ့ ရိုက်နိုင်ပါတယ် ဆရာမရယ်'

'အို...ခက်ပါပြီ'

'ဒါလေးယူသွားပါနော်'

ခေါင်းတွင် မဖြည်ရသေးသည့် ပတ်တီးအဖွေးသားနှင့် သူ့ကို ငုံ့ကြည့်ပြီး နော်ဇာ ရယ်လဲရယ်ချင်သည်။

စိတ်လည်းဆိုးသည်။

'ရော့ပါခင်ဗျာ၊ ယူပါခင်ဗျ'

သူက သူ့လက်ထဲမှလက်ကိုင်ပဝါဖြင့်ထုပ်ထားသည့်အထုပ်ကို ပေးနေသောကြောင့်....

'အို....ဘာလဲ အထဲမှာမြွေဆိုရင် ဘယ့်နှယ်လုပ်မလဲ'

'မြွေဆိုရင် ကျွန်တော့် အရင်ကိုက်မှာပေါ့ဗျာ'

'လွှတ်စမ်းပါရှင်၊ လက်ကိုဆွဲထားတော့ သူများတွေမြင်ရင် အထင်မှားကြလိမ့်မယ်'





'မမှားပါဘူးဗျာ၊ မြန်မြန် ယူ ရင် မြန်မြန် သွား ရမှာပေါ့'

နော်ဇာ သက်ပြင်းချပြီး လက်ကိုင်ပဝါကို လှမ်းယူလိုက်သည်။

ပြီးတော့ လှည့်ထွက်ခဲ့သည်။

တော်ပါသေးရဲ့....

အုန်းပင်တန်းတွေအောက်မှာ လမ်းလျှောက်နေသည့်ခရေတို့အုပ်စု မြင်သွားလျှင် မခက်ပါလား။

ဘန်ကလိုပေါ် တန်းတက်လာပြီး လက်ကိုင်ပဝါကို ဖြည်လိုက်၏။

အထဲမှာ ခရုခွံတွေကို မြင်ရသည်။

ဩြော်....အမှတ်တရ ထင်ပါရဲ့....

သူက စိတ်ကူးယဉ်တတ်သားပဲ။

နော်ဇာသည် သူ့မျက်နှာချောချောကို မြင်ယောင်ရင်း စိတ်လှုပ်ရှားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်ပြီး နောက်တစ်နေ့....

နှစ်ဆန်း တစ်ရက်နေ့တွင် နော်ဇာတို့အုပ်စု ပြန်လာကြသည်။

လွင်ဦးလွင်တို့အုပ်စု၏ ကားက နော်ဇာတို့ကားနောက်မှ ပါလာခဲ့ကြ၏။

လမ်းတစ်လျှောက် တပျော်တပါး အော်ကြနောက်ကြဖြင့် ခရီးမင်သွားကြပြီဖြစ်သည်။

'သည်သင်္ကြန်ကို အမြဲအမှတ်ရနေမှာပါ'

နော်ဇာတို့ အဆောင်ရှေ့အထိ လိုက်လာခဲ့ကြပြီး လွင်ဦးလွင် နှုတ်ဆက်သည်။

နော်ဇာ့နားသို့ တိုးကပ်ပြီး တိုးတိုးပြောလိုက်သောကြောင့် နော်ဇာ့ကိုနှုတ်ဆက်မှန်းသိသာလှ၏။

'နော်ဇာလည်း သတိရနေမယ်'

နော်ဇာက ကုန္ဒြေရရပြောလိုက်သော်လည်းအသံကအနည်းငယ်တုန်နေသည်။

...၀...



## အခန်း(၉)

ယက်ခုပ်ကုန်းမှ ပြန်လာပြီးနောက်...

လွင်ဦးလွင်နှင့် နော်ဇာတို့ ရင်းနှီးခဲ့ကြသည်။

ခင်မင်မှု သံယောဇဉ်မှတစ်ဆင့် ချစ်ခဲ့မိကြသည်။

ချစ်မိကြပြန်တော့လည်း တစ်ယောက် နှင့် တစ်ယောက် တစ်စက္ကန့်လေးမှခွဲမရအောင် တွယ်တာခဲ့ကြသည်။

သည်းသည်းလှုပ်မျှ ချစ်ခဲ့ကြသလို တစ်ယောက် မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



အောက်မှ တစ်ယောက် အပျောက်မခံနိုင်ကြပေ။

မောင်က နော်ဇာ့ထက်ပိုသည်။

နော်ဇာ့ကို နည်းနည်းလေးမှစိတ်မချနိုင်ပေ။

‘လက်ထပ်ခွင့်ပေးပါတော့အချစ်ရယ်၊ အခု မောင်တိုက်ခန်းတွေ ဆောက်နေတယ်သိလား၊ ကုန်ထရိုက် လုပ်ငန်းတွေ လုပ်နေတယ်’

‘မောင်ပြောတော့ အရင်းအနှီးမရှိဘူးဆို မောင်မောင်းနေတဲ့ ဘီ-ခြောက်ရာလေးတစ်စီးပဲ ပိုင်တာပါဆို’

‘ဟုတ်တယ်၊ ဒါပေမယ့် မောင့်ဦးလေးဝမ်းကွဲတော် တစ်ယောက်ကငွေသိန်းနှစ်ဆယ်ထုတ်ပေးတယ်လေ၊ အဲ့ဒါ မောင့်မိတ်ဆွေနှစ်ယောက်နဲ့ စပ်တူလုပ်ကြတယ်’

အချစ်သက်တမ်း တစ်နှစ်နီးလာချိန်တွင် မောင်က အားကျေနပ်ဖွယ်ပြောနေသည်။

‘နော်ဇာ ဘယ်လိုသဘောရသလဲ’

‘မောင့်သဘောပဲလေ’

တကယ်တော့ အချစ်ဆိုတာ အချိန်ကာလ အတိုင်းအတာနဲ့ မဆိုင်ပါ။





ချစ်ဖို့ထက် ခိုင်မြဲဖို့က အရေးကြီးသည် မဟုတ်ပါလား။

‘ဒါဖြင့် အခန်းတစ်ခန်း မောင်ဆွဲလိုက်မယ်နော် မောင့်အချစ်’

‘မောင့်မှာ ပိုက်ဆံရှိလို့လား’

‘မောင်တို့ဆောက်နေတဲ့တိုက်က ပြီးလုပြီ၊ အဲ့ဒီတိုက်ခန်းတစ်ခန်းယူလိုက်မယ်လေ’

‘ကောင်းပြီ’

နော်ဇာက ဟန်ဆောင်တတ်သူ မဟုတ်သောကြောင့် မောင့်ကို စိတ်ညစ်အောင် အိုက်တင်မထုတ်တတ်ပေ။

‘အဲဒီတိုက်ပြီးတာနဲ့ လက်ထပ်မယ်နော်’

‘မောင့်သဘောပါပဲကွယ်’

မောင်က နော်ဇာ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းဆွဲသွင်းပြီး မျက်နှာချင်း ထိကပ်ထားလိုက်သည်။

....o....



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အပိုင်း (ခုနစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC .com

ဒေါက်တာ၁ ညှိချောလှက နော်ဇာနှင့် လွင်ဦးလွင်တို့ အကြောင်းကို ရိပ်မိသော်လည်း အခင်မင်မပျက်။

နော်ဇာ့ထံ လာမြဲတိုင်းလာသည်။

နော်ဇာတို့အုပ်စု သွားချင်သည့်နေရာမှန်သမျှပို့ပေးတတ်သည်။

ဒါကို လွင်ဦးလွင်က သဘောမကျ၊ အလိုလိုနေ့ရင်း အကြောင်းမဲ့ သဝန်တိုတတ်သည်။

ဘရဏီ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ နံနက် နော်ဇာ ဆေးရုံသွားဖာနီး ဝေါက်တား ညိုချောလူ ကားဖြင့်ဝင်ခေါ်သည်။

ဤသို့ မကြာခဏ အတူသွားနေကျမို့ နော်ဇာ အမွှာ မထင်မင် ညိုချောလူနှင့် လိုက်လာခဲ့မိသည်။

ဆေးရုံရှေ့ရောက်တော့ မမျှော်လင့်ဘဲ မောင်လာစောင့် နေတာနှင့် ကြုံသည်။

BURMESE CLASSIC .com

'ဟင်'

နော်ဇာ ကားပေါ်မှဆင်းသည်နှင့် မောင့်အနီးမှာ လာ ရပ်ရင်း နှုတ်ဆက်လိုက်သည်။

'မောင်.... ရောက်နေတာကြာပြီလား'

'ဟုတ်ကဲ့'

'ဘာကိစ္စရှိလို့လဲ မောင်'

'ဩော်.... ကိစ္စရှိမှလာရမလား'

'သည်လိုမဟုတ်ပါဘူး မောင်ရယ်၊ မောင် စောစောစီးစီး မလာဖူးလာလို့ အံ့ဩနေတာပါ'

'ဩော်.... ဟုတ်မှာပေါ့၊ ကျွန်တော် စောစောစီးစီး မလာတတ်ဖူးထင်ပြီး ခင်ဗျားအဆက်နဲ့ တွဲလာတာလား'





'ဘယ်လိုပြောလိုက်တာလဲ မောင်၊ ဟိုကကြားသွားရင် အားနာစရာ'

'ဘာလဲ မောင်အဆောင်ကိုမရောက်တာ နှစ်ရက်အတွင်း နော်ဇာစိတ်ပြောင်းသွားပြီလား'

နော်ဇာ့မျက်နှာကို ခပ်တင်းတင်းကြည့်ပြီး အသံမာမာ ဖြင့်မေးသည်။

'ညနေမှ ပြောတော့နော် မောင်'

'ဟုတ်ကဲ့၊ ခင်ဗျားဂျူတီလဲတဲ့အချိန် ကျွန်တော်လာခဲ့ မယ်၊ စောင့်နေပါ'

ပြောပြီး ချာခနဲလှည့်ထွက်သွားသည်။

သူ့တက္ကစီပေါ်တက်ပြီး နော်ဇာ့ကို မကျေမနပ်ကြည့်၍ မောင်းထွက်သွားတော့၏။

နော်ဇာ သက်ပြင်းရှိုက်နေမိ၏။

မောင် သဝန်တိုကြောင်မှုန်းသိလျက်နှင့်အပြစ်မမြင်နိုင်ပါ။

မောင့်အပေါ် တစ်နေ့ပြီးတစ်နေ့ တွယ်လာသည့်သံယော ဇဉ်က ခိုင်မြဲသည်ထက် ခိုင်မြဲနေသည် မဟုတ်ပါလား။

....၄....



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ညနေမောင်လာကြိုပြီး မြို့ပြင်ထွက်လာခဲ့ကြသည်။

မောင့်ကားဖြင့် နှစ်ယောက်အတူ ထွက်လာခဲ့ကြခြင်းပါ။

ကားပေါ် ရောက်သည်နှင့် မောင်က....

'ဘာလဲ စိတ်ပြောင်းသွားပြီလား'

'ဘာအတွက် စိတ်ပြောင်းရမှာလဲ'၊

'ဒေါက်တာညိုချောလူ အတွက်ပေါ့'

'နော်ဇာ့ကို မစွပ်စွဲနဲ့'၊





'မင်းတို့နှစ်ယောက်က မောင့်နောက်ကွယ်မှာ ငါးမိနစ်ရ ငါးမိနစ်၊ ဆယ်မိနစ်ရ ဆယ်မိနစ် လစ်တိုင်းတွဲနေကြတာ ဘာသဘောလဲ'

'မောင်နဲ့မချစ်ခင် အချိန်ကတည်းက တွဲကြတာမောင်ရဲ့'

'ဘာကွ.... ဘာပြောလိုက်တာလဲ'

ကားကို သစ်ပင်အောက် တစ်နေရာမှာ ထိုးရပ်လိုက်ပြီး ဒေါသဖြင့် အော်လိုက်သည်။

'ဒီလောက် မအော်ပါနဲ့မောင်၊ နော်ဇာ နားမကန်းပါဘူး'

'နော်ဇာ မောင့်ကိုချစ်သလား'

'ဖြေဖို့လိုသေးလားကွယ်'

'မောင်မေးတာ ဖြေစမ်းပါ'

ချစ်တယ်'

'နော်ဇာ့ရင်ထဲက စကားလား'

'မယုံဘူးလား မောင်'

နော်ဇာနှုတ်ခမ်းစူပြီး ပြောလိုက်သည်။

ပြီးတော့ တစ်ဘက်တံခါးပေါက်နားသို့ ရွှေ့ထိုင်လိုက်၏။

မောင်ကစိတ်မရှည်ပုံဖြင့် နော်ဇာ့လက်မောင်းကို တအားဆောင်ဆွဲပစ်လိုက်သည်။

'အား....'

နော်ဇာ့ကိုယ်လေး လဲပြိုပြီး သူ့ရင်ခွင်ထဲ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာနှင့် မျက်နှာချင်းထိကပ်နေတော့၏။

'အတူတူနေချင်တယ်၊ မခွဲချင်တော့ဘူးသိလား'

သူ တိုးတိုးပြောနေသည်။

'အချိန်တွေအများကြီး ရှိပါသေးတယ်'

'နှော်ဇာနဲ့ ဘယ်နေ့လက်ထပ်ရမလဲ'

'ခု.... တွေ့နေရပြီပဲ'

'မောင်က သူများသားသမီး နှစ်နှာအောင် ချစ်သူဘဝနဲ့ ကြာကြာမနေချင်တော့ဘူးနှော်ဇာ'

'နှစ်နာမှာစိုးရိမ်ရင် နှော်ဇာ့ကိုမချစ်နဲ့ပေါ့'

'ဘာပြောတယ်'

သူဒေါပွသွားသည်။

'ပြန်ပြောစမ်း နှော်ဇာ'

'ကြားတဲ့အတိုင်းပဲ'

'ကဲ.... ပြောဦးကွာ'

ပခုံးနှစ်ဘက်ကို ဆုပ်ယူလှုပ်ယမ်း နေသောကြောင့်....

'မောင်က ဒေါသချည်းပဲ'

'မင်း မောင့်ကိုချစ်တာဘာလဲ ခံစားချက် မရှိသလိုဘဲ'

'ဒါတော့ မောင်ကအထင်လွဲနေတာကိုး'

'မင်းသက်သေပြ'

'ဘယ်လိုသက်သေပြရမလဲ'

'မောင့်ပါးကိုနမ်း'

နှော်ဇာ့မျက်နှားနှာသို့ သူ့မျက်နှာ တိုးကပ်လာသည်။

'နှော်ဇာရှက်တယ်'

[illegible]



'ချစ်ရင်မပြင်းနဲ့'

နှော်ဇာ ခေါင်းငုံ့နေတော့....

'မနမ်းဘူးလား'

'ဟင့်အင်း'

'မချစ်ဘူးပေါ့'

'ချစ်တယ်၊ မနမ်းရဲဘူး'

'နှော်ဇာမနမ်းရင် မောင်နမ်းမယ်'

သူ့အနမ်းတွေ နှော်ဇာ့ မျက်နှာအနှံ့ လည်တိုင်အနှံ့ ကျရောက်လာလေသည်။

'မောင်ရယ်'

ခပ်တိုးတိုး တောင်ပန်လိုက်သည်။

'ချစ်လား'

'အင်း'

'ချစ်ရင်နမ်းပါ'

သည်တစ်ခါ မငြင်းဆန်တော့ပါ။

သူ့ပါးကို နမ်းလိုက်မိ၏။

'မောင့်အချစ်ရယ်'

'မှောင်လွန်းရင် မကောင်းဘူး မောင်၊ ပြန်ကြမါစို့ နှော်'

နှော်ဇာ သူ့ရင်ခွင်ထဲမှ ရုန်းထွက်ရင်း ပြောလိုက်သည်။

သည်တော့မှ နှော်ဇာ့ကို သူလွှတ်ပေးလေသည်။

အဆောင်ပြန်ရောက်တော့ ညရှစ်နာရီ ထိုးတော့မည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

'သွားတော့မယ်နှော် အချစ်'

'မနက်ဖြန်ညနေ မောင်လာကြိုပါ'

'စိတ်ချ'

နှော်ဇာ့မျက်နှာကို မခွဲရက်သလိုကြည့်ပြီး သူနှုတ်ဆက်သည်။

နှော်ဇာက ပြုံးပြုံးလေး ခေါင်းညိတ်လိုက်သည်။

ကားငြိမ်ခနဲ ထွက်သွားသည်။

နှော်ဇာအခန်းထဲရောက်တော့ ခရေက....

'ဘယ်လိုလဲဟေ့ အတော်မြူးခဲ့သလား၊ ကိုမှာတော့ ထမင်းစားဖို့ စောင့်နေရတာ ဗိုက်ထဲမှာတဂွီဂွီ ဖြစ်နေကြပြီ'

ထမင်းအတူစားနေကျမို့ တစ်ယောက် ပြန်မလာမချင်း တစ်ယောက်မစားဖြစ်ကြပေ။

'ကဲပါ.... စားပါတော့မယ်'

နှော်ဇာက သူငယ်ချင်းများကို တောင်းပန်သလိုကြည့်ပြီး ပြောလိုက်သည်။

....o....

စာဖတ်ပရိသတ် အပေါင်းကို

လေးစားချစ်ခင် ကျေးဇူးတင်ပါသည်။

စာရေးတဲ့ စုလှမြ

ဘုရှတီ၈၁၈၀

BURMESE CLASSIC .com
www.burmeseclassic.com